# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည့်သူ ဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ-၂၁၈)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၅)


# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားခြင်းအားဖြင့် မိမိတို့ရည်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၂) တွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် မတ် ၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

ချိုသည်တိုင်း သကာ ချဉ်သည်တိုင်း သံပရာမဟုတ်ပါ

စာ ၆

ဈေးကွက်ဝင် စပါးမျိုးသစ်များ ရရှိရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

စာ ၁၀

ချီလီနိုင်ငံတွင် လူပေါင်း ၃ ဒသမ ၅ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့

စာ ၁၃

မြန်မာ့အလင်း

# ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း

အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန် မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကြိုးပမ်းနေကြသည်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်ပြီး လတ်တလောလိုအပ်ချက်မှာ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ မိမိတို့နိုင်ငံအဖို့ စည်းလုံးညီညွတ်ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလသုံးပါးစလုံးတွင် လိုအပ်ချက်ဖြစ်သည်။ ထို့အပြင် ယနေ့နိုင်ငံတွင် ဆောင်ရွက်နေကြရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခြေခံတစ်ရပ်လည်းဖြစ်သည်။

"မြန်မာတို့ စည်းလုံးမိပြီဆိုလျှင် အရှေ့တောင်အာရှဖိမ့်ဖိမ့်တုန်ခဲ့သည်ချည်းဖြစ်၏။ သို့သော် ဤသို့စည်းလုံးခဲ့သည့်အချိန်မှာ အလွန်နည်းလှဘိတောင်း။ အနော်ရထာနန်းသက် (အေဒီ ၁၀၄၄-၁၀၇၇) ၃၃ နှစ်၊ ဘုရင့်နောင်နန်းသက် (အေဒီ ၁၅၅၀-၁၅၈၁) ၃၁ နှစ်၊ အလောင်းဘုရားနန်းသက် (အေဒီ ၁၇၅၂-၁၇၆၀) ၈ နှစ်နှင့် ဗိုလ်ချုပ်အောင်ဆန်း ၂ နှစ်(၁၉၄၅ ခုနှစ် စစ်ကြီးအပြီး ဗိုလ်ချုပ် နိုင်ငံရေးဦးဆောင်မှုပေးသည့်ကာလကိုသာ ရေတွက်ပါသည်။) စုစုပေါင်း ၇၄ နှစ်သာ မြန်မာတို့စည်းစည်းလုံးလုံးရှိခဲ့ကြလေသည်။ အနော်ရထာလက်ထက် ၁၀၄၄ မှစ၍ ရေတွက်သော် ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသည်အထိ နှစ်ပေါင်း ၉၀၃ နှစ်တွင် ၇၄ နှစ်သာ မြန်မာတို့ စည်းစည်းလုံးလုံးရှိခဲ့ကြလေသည်။" ဟူ၍ ဆရာသောင်းထိုက်က "ပထဝီနိုင်ငံရေး" စာအုပ်တွင် ရေးသားခဲ့ဖူးသည်။ မြန်မာလူမျိုးတို့၏ တစ်ဦးချင်း အလွန် လွတ်လွတ်လပ်လပ်နေလိုသော (Individualistic) စရိုက်လက္ခဏာ၊ အင်အားကြီး နိုင်ငံကြီးများနှင့် လူဦးရေလွန်စွာများသည့် နိုင်ငံတို့နှင့် ထိစပ်နေသည့် နိုင်ငံ၏ တည်နေရာအနေအထားစသည့် ပထဝီနိုင်ငံရေးဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားမှာ တစ်မျိုးသားလုံး (တိုင်းရင်းသားပြည်သူအားလုံး)၏ ရေပက်မဝင်သော စည်းလုံးညီညွတ်ရေးဖြစ်သည်ဟုလည်း ဆိုထားရာ လွန်စွာမှ စဉ်းစားဆင်ခြင်သင့်သောအချက်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရသည့် သူ့ကျွန်ခေတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် လွတ်လပ်ရေးရပြီးနောက် မျက်မှောက်ကာလအထိ ခေတ်သမိုင်းအဆက်ဆက် မြန်မာ့မြေပေါ်တွင် အတူတကွ နေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများအကြား အချင်းချင်းနားလည်မှု၊ ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် စံတန်ဖိုးများမှာ အတိတ်ခေတ်များနှင့် ကွာခြားလာခဲ့ပြီဖြစ်သည်။ အတိတ်ခေတ်က နယ်ချဲ့ကိုလိုနီတို့ မျိုးစေ့ချခဲ့သည့် သံသယသစ်ပင်ကို အမြစ်ပါမကျန်အောင် ခုတ်ထွင်တူးနုတ် ရှင်းလင်းပစ်ရမည့်အချိန်၊ ရေပက်မဝင် စည်းလုံးညီညွတ်မှုကို ရယူကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ပြီး မြန်မာနိုင်ငံသားမှန်သမျှ ကမ္ဘာ့အလယ်တွင် ခေါင်းမော့ရင်ကော့ ဝင့်ကြွားစွာနေနိုင်ဖို့အတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရသည့် အချိန်သို့ ကျရောက်နေပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မလွှဲမရှောင်သာသော အခြေအနေများကြောင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ် တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟူ၍လည်းကောင်း၊ ဦးတည်ချက် (၉) ရပ်အနက် နိုင်ငံရေးဦးတည်ချက်တစ်ရပ်အဖြစ် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး" ဟူ၍လည်းကောင်း ထည့်သွင်းချမှတ်ထားသည်။ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့သည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းသဖွယ် တည်ရှိနေခြင်းဖြစ်ရာ သံသယကင်းသည့် စည်းလုံးညီညွတ်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ပါမောက္ခဒေါက်တာ လှဝင်းမြင့် | ပါမောက္ခချုပ် ဆေးတက္ကသိုလ် (တောင်ကြီး) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၂) ပါမောက္ခဒေါက်တာ အေးအေးခင် | ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များ နေပြည်တော်မြို့တော်ဝန်က ထပ်ဆင့်ရှင်းလင်း

နေပြည်တော် မတ် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ညွှန်ကြားချက်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်က ထပ်ဆင့်ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ စက်ရုံမှူး၊ ဇမ္ဗူသီရိ အထူးကုဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်အလက်များနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၁)ပါ အချက်(၁၅)ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်(၈)ချက်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ် တို့အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆:၀၀)နာရီအတွင်း(ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့် ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆: ၀၀) နာရီမတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်**
**ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

**“ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍ လည်းကောင်း မည်သို့ပင်အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်၊ ဒီမိုကရေစီနှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်၊ မိမိဆန္ဒနှင့်မကိုက်ညီပါက ရန်သူလို့သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်းမျိုးသည် ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနှင့် လုံးဝကိုက်ညီမှုမရှိသည်ကို တွေ့ရ၊ ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်းကွဲပြားမှုများကို ဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကိုထိခိုက်စေနိုင်၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ခွဲခြားဆက်ဆံမှုများကို မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ရန် လိုအပ်”**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့အစည်းအဝေးသည် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက်ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပထမဦးဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူပြီးနောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် တွင် “တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်သွားမည်” ဟူသည့် လုပ်ငန်းစဉ်ချမှတ်ထားသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်တွင်လည်း “ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါအတိုင်း အလေးထားဆောင်ရွက်သွားရေး” ဟူသည့် ဦးတည်ချက်ချမှတ်ပြီး NCA ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဦးတည်ရည်မှန်းထားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

### ညှိနှိုင်းဆွေးနွေးအဖြေရှာ

အမှန်တကယ်တွင် NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံး အလိုရှိနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သောအခင်းအကျင်းများကို အုတ်မြစ်ချထားခြင်းဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး သဘောတူညီချက်များအရ ဆက်လက် အကောင်အထည်ဖော်တည်ဆောက်သွားနိုင်မှသာ ပြီးပြည့်စုံသည့် ပြည်ထောင်စုပုံသဏ္ဌာန် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီ ယဉ်ကျေးမှုကိုလိုက်နာရန် အလွန်အရေးကြီးကြောင်း၊ မည်သို့ပင်ကြီးမားသည့် ပြဿနာများဖြစ်ပါစေ နှစ်ဖက်တွေ့ဆုံညှိနှိုင်းမည်ဆိုပါက အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ယခင်အစိုးရလက်ထက်က အခြေအနေတစ်ခုကို ပြောရပါက မိမိတို့ တပ်မတော်အနေဖြင့် အရပ်ဘက် – စစ်ဘက်ဆက်ဆံရေး ကောင်းမွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကိုခေါ်ယူရန် မိမိကိုယ်တိုင်အကြိမ်ကြိမ် တိုက်တွန်းခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရကြောင်း၊ ထို့ပြင် မဲမသမာမှုများနှင့် ပတ်သက်ပြီး ယခင် UEC နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးရန်၊ ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း တွေ့ဆုံဆွေးနွေးသည့် လမ်းကြောင်းကို ငြင်းပယ်ခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက တာဝန်ပေးအပ်ထားချက်အရ တပ်မတော်က မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့ တိုင်းရင်းသားများကြားတွင် မကျေလည်မှုများ၊ သံသယများ၊ မယုံကြည်မှုများ၊ စိုးရိမ်မှုများသည် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဆိုခြင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်ကြောင်း။

### ထာဝရငြိမ်းချမ်းရေးရရှိရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်လည်း NCA ပါ သဘောတူချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုသည့်အဆင့်မှအပကျန်သည့် အစိတ်အပိုင်းများ ဆောင်ရွက်၍ ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ မရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍မရဟု ထင်မြင်ယူဆနိုင်သော်လည်း ရွေးကောက်ပွဲထပ်မံကျင်းပပြီးပါက လက်ရှိရှိနေသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ ရွေးကောက်ခံကိုယ်စားလှယ်များ ဖြစ်လာမည့်အပြင် အများစုအနိုင်ရသည့် ပါတီကလည်း အစိုးရဖွဲ့စည်းပြီး တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လက်ရှိ ရှိနေသည့် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် အစိုးရအစုအဖွဲ့တို့ဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ယင်းသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားခြင်းအားဖြင့် မိမိတို့ ရည်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း။

### လူနည်းစုဆန္ဒကိုလည်း အလေးထား

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍ လည်းကောင်း မည်သို့ပင်အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ မိမိဆန္ဒနှင့် မကိုက်ညီပါက ရန်သူလို့သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်းမျိုးသည် ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနှင့် လုံးဝကိုက်ညီမှုမရှိသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကို ဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ခွဲခြားဆက်ဆံမှုများကို မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး မိမိတို့ လိုရာကိုအဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရအနေဖြင့် ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင် ဖြစ်ကြောင်း၊ ဖက်ဒရယ်သည် မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများ စုစည်းထားရာမှ အချုပ်အခြာအာဏာဖြစ်သည့် အာဏာ(၃) ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်တရားစီရင်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ဟူသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်းသာနေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း၊ တိုင်းဒေသကြီးများတွင်လည်း တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းစဉ်းစားအဖြေရှာ

သာဓကအားဖြင့် ၂၀၁၄ခုနှစ် လူဦးရေစာရင်းအရ ရှမ်းပြည်နယ်တွင်လူဦးရေ ၅၈ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးတွင် ရှမ်း ၃၅ ဒသမ ၂၃ရာခိုင်နှုန်း၊ ဗမာ ၁၁ ဒသမ ၄၄ရာခိုင်နှုန်း၊ ပအို့ဝ် ၈ ဒသမ ၉၄ ရာခိုင်နှုန်း၊ ပလောင် ၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ ‘ဝ’ ၆ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဓနု ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ကိုးကန့် ၃ ဒသမ ၂၂ရာခိုင်နှုန်း၊ လားဟူ ၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဂျိန်းဖော ၂ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသား ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ရောနှောနေထိုင်နေခြင်းကို တွေ့ရကြောင်း၊ အလားတူ ကချင်ပြည်နယ်တွင်ဆိုပါက လူဦးရေ ၁၆ သိန်းကျော်ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေ အချိုးတွင် ဗမာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ ရှမ်း ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဂျိမ်းဖော ၁၈ ဒသမ ၉၇ ရာခိုင်နှုန်း၊ လီဆူး ၇ ရာခိုင်နှုန်း၊ ရဝမ် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ လောဝေါ် ၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ လာချိတ် ၂ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဇိုက်ဝါး ၁ ဒသမ ၅၇ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသားများအနေဖြင့် ၈ ရာခိုင်နှုန်း ရောနှောနေထိုင်နေသည်ကို တွေ့ရကြောင်း၊ ရှမ်းပြည်နယ်ဟုဆိုသော်လည်း ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်၊ ကချင်ပြည်နယ်ဟုဆိုသော်လည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာ ရှိသည့်အတွက် လူမျိုးအလိုက် ပြည်နယ်သတ်မှတ်လိုက်ခြင်းသည် အခြားလူမျိုးများကိုလည်း မိမိတို့လူမျိုးနာမည်နှင့် ပြည်နယ်တောင်းဆိုမှုများ ဖြစ်ပေါ်လာသည်ကိုလည်း ကြုံတွေ့နေရကြောင်း၊ လူမျိုးတစ်မျိုးတည်းက ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ ပြည်နယ်အတွင်းတွင် နေထိုင်သည့်လူမျိုးအားလုံးက ပိုင်ဆိုင်ခြင်းဆိုသည့် လက္ခဏာဆောင်သည့် ဒေသအမည်ကိုအစွဲပြုသည့် ပြည်နယ်အမည်ဖြစ်ပေါ်လာနိုင်ပါက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြီးမားသောအထောက်အပံ့ ဖြစ်မည်ဟု မိမိယူဆကြောင်း၊ ယင်းနှင့် ပတ်သက်၍လည်း အားလုံးက ဝိုင်းဝန်းစဉ်းစား အဖြေရှာသွားရန် တိုက်တွန်းလိုကြောင်း။

မိမိတို့ယနေ့ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့်ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်းမဟုတ်သည်ကို ပြောကြားလိုကြောင်း။

### အမျိုးသားနိုင်ငံရေးကို ဦးတည်

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန် လွှဲပြောင်းရယူခဲ့ပြီးနောက်တွင် လိုအပ်သောတည်ငြိမ်အေးချမ်းမှုများကို ဆောင်ရွက်ပြီး ရွေးကောက်ပွဲအနိုင်ရရှိသည့်ပါတီကို အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်သည်အထိ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ယူစဉ်ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပါအဝင် နယ်မြေအသီးသီးမှ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွဲချော်နေသည့် လုပ်ငန်းစနစ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားလုံခြုံရေးကိုထိခိုက်စေသည့် လုပ်ငန်းစဉ်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်တည့်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် တပ်မတော်အနေဖြင့် အမျိုးသားအကျိုးစီးပွားကိုကာကွယ်သည့် အမျိုးသားနိုင်ငံရေးကို ဦးတည်ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများ ကျင်းပနိုင်ခဲ့မှုနှင့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့မှု၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*
ငြိမ်းချမ်းရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့မှု၊ အစိုးရ၊ NCAs–EAO ခေါင်းဆောင်များ သီးသန့်ဆွေးနွေးနိုင်ခဲ့မှုများနှင့် သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစည်းအဝေးများ ကျင်းပနိုင်ခဲ့မှု၊ ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ခဲ့မှု၊ ၂၀၂၀ အလွန် အဆင့်အလိုက်ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်အလိုက် အကောင်အထည်ဖော်မှုအခြေအနေ၊ လမ်းညွှန်အခြေခံမှု သဘောတူညီချက်များ ဆက်လက်ဆွေးနွေးရန် အချက်များကျန်ရှိမှု အခြေအနေ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆွေးနွေးခဲ့မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဆက်လက်ဆွေးနွေး

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီယယ်နှင့် ဦးစိုင်းလုံးဆိုင်က ကချင်ပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စေရေးအတွက် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပေးရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးနှင့် မကြာခဏတွေ့ဆုံဆွေးနွေးနိုင်ရေး၊ တိုက်ပွဲရှောင်ပြည်သူများ အမိုးအကာအောက်ပြန်လည်ရောက်ရှိရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည့်ကာလတွင် တိုင်းရင်းသားအားလုံး NCA တွင်ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ယာယီအပစ်အခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားရေး၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး၊ ကောလာဟလသတင်းများနှင့်ပတ်သက်၍ သတင်းအမှန်အား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ယုံကြည်မှုတည်ဆောက်ရန်၊ ပြည်နယ်အဆင့်ကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။

> **“ မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့် အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်း မဟုတ်သည်ကို ပြောကြားလို ”**

### ဒီမိုကရေစီအခွင့်အရေး အားလုံးခံစားစေလို

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်ကော်မတီများကို ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် နေထိုင်မှုအဆင်ပြေစေရေးအတွက် အမြန်ဆုံးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တပ်မတော်အပေါ်သဘောထားအမြင်ကွဲလွဲနေမှုအပေါ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပုံမှန်လုပ်ငန်းများသာ ဆောင်ရွက်လျက်ရှိကြောင်း၊ NCA တွင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းအပေါ် လျှောက်လှမ်းရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တိုင်းရင်းသားအားလုံး ခံစားစေလိုကြောင်း။

လက်ရှိရောက်ရှိနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရ တွေ့ဆုံဆွေးနွေးမှုများကို အပိုင်း(၄) ပိုင်းခွဲပြီး စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်နေရန်လိုအပ်ကြောင်း၊ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်ဆွေးနွေးမှုများကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲများကို သတ်မှတ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ NCA အရ တရားဝင်အစည်းအဝေးများနှင့် ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့်ပတ်သက်ပြီး (က) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်၊ (ခ) တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်၊ (ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်သည့်မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊ (ဃ) ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံချက်များချမှတ်ဆောင်ရွက်ရန်နှင့် (င)လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားစေမည့် အခြေခံအကြောင်းအရာများကို သုတေသနပြုဖော်ထုတ်ပြီး ကာကွယ်တားဆီးဆောင်ရွက်သွားရန် စသည့်လမ်းညွှန်ချက် (၅)ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### မဟာဗျူဟာများကို ချမှတ်ပေး

လုပ်ငန်းကော်မတီအနေဖြင့် လိုအပ်သည့်အချိန်ဇယားနှင့် မဟာဗျူဟာများကို ချမှတ်ပေးပြီး ညှိနှိုင်းရေးကော်မတီက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးကို လိုအပ်ချက်အပေါ်မူတည်ပြီး အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီသည် ဖွံ့ဖြိုးရေးကိစ္စများ၊ IDP ကိစ္စများ၊ NCA အခန်း(၆)တွင်ပါဝင်သည့် ကြားကာလဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများနှင့် ညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစိတ်ဆောင်ရွက်ရမည့် ညှိနှိုင်းမှုများကို ညှိနှိုင်းရေးကော်မတီက ဆက်လက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျနေသည့်အတွက် ဟန်ချက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# (၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ဒုတိယနေ့) ကျင်းပ

## အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို အကောင်အထည်ဖော်ရာတွင် စောင့်ကြည့်စစ်ဆေးရန်အတွက် အထောက်အကူပြုအဖွဲ့ ထူထောင်ခြင်းမှာ လိုအပ်သည့်ကိစ္စဖြစ်သည့်အတွက် အပြည့်အဝထောက်ခံ

**နေပြည်တော် မတ် ၃**

(၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ဒုတိယနေ့) ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**



အစည်းအဝေး (ဒုတိယနေ့) တွင် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၌ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) နှင့် ပတ်သက်သော ကိစ္စရပ်များ အကောင်အထည်ဖော်မှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ရန်အတွက် ရေးဆွဲချမှတ်ခဲ့သည့် ဟနွိုင်းရှေ့လုပ်ငန်းစဉ်အောက်ရှိ အရေးကြီးကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ချမှတ်အကောင်အထည်ဖော်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၏ နောက်ဆက်တွဲ အရေးကြီးကုန်စည်များစာရင်းတွင် လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်စည်များ ထပ်မံထည့်သွင်းရေးကိစ္စ၊ ကမ္ဘာ့ထုတ်လုပ်မှု ကွင်းဆက်တွင် အာဆီယံအနေဖြင့် ပိုမိုပူးပေါင်းပါဝင်နိုင်ရေးကိစ္စနှင့် ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အာဏာသက်ဝင်ရေးအတွက် နိုင်ငံအလိုက်ဆောင်ရွက်မှုများကို ဆွေးနွေးသည်။

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အာဆီယံဘက်စုံပြန်လည်ထူထောင်ရေး မူဘောင်ကို အကောင်အထည်ဖော်ရာတွင် စောင့်ကြည့်စစ်ဆေးရန်အတွက် အထောက်အကူပြုအဖွဲ့ ထူထောင်ခြင်းမှာ လိုအပ်သည့်ကိစ္စဖြစ်သည့်အတွက် အပြည့်အဝ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အာဏာသက်ဝင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို စောနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေး၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုလာလျှပ်စစ်စီမံကိန်း

နှစ်အလိုက် မိုးရွာသွန်းမှုမှာလည်း လျော့နည်းလာသည့်အတွက် ရေကိုအကျိုးရှိရှိ အသုံးပြုရန်လိုကြောင်း၊ ရေကို သိုလှောင်နိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ် စနစ်များဖြင့် ဆောင်ရွက်ပါက စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသည် ရာသီဥတုကို ထိန်းသိမ်းရာလည်း ရောက်ပါကြောင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက် မြစ်ကြီးများအပြင် ချောင်း၊ မြောင်းများတွင် စီးဆင်းနေသည့် ရေများကိုလည်း ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်တွင် ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ဆိုလာလျှပ်စစ်စီမံကိန်းများကို မြစ်ရေတင်စီမံကိန်းများ အတွက် ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများလည်း စိုက်ပျိုးရေရရှိမည့်အပြင် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ကြီးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ယင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သက်ဆိုင်ရာဦးစီးဌာနများက အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးတင်ပြကြရာ လူမှုဝန်ထမ်းဦးစီးဌာနက တင်ပြရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASEAN Socio-Cultural Community Council-ASCC) အောက်ရှိ အာဆီယံဝန်ကြီးအဆင့်ကဏ္ဍအလိုက်အဖွဲ့အစည်းများတွင် Focal Point အဖြစ် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ရေးရာဝန်ကြီးများ အဆင့်အစည်းအဝေး (13th AMMY) နှင့် (၁၂) ကြိမ်မြောက် အာဆီယံလူငယ်ရေးရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (12th SOMY) တို့အား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ကိစ္စများအား တင်ပြသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**ညှိနှိုင်းဆွေးနွေးလျက်ရှိ**

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက တင်ပြရာတွင် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးများအား အလှည့်ကျဥက္ကဋ္ဌနိုင်ငံက အိမ်ရှင်အဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်လေ့ရှိကြောင်း၊ သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အား အကောင်အထည်ဖော်ရန် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရာ၌ မြန်မာနိုင်ငံသည် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တွင် အခြားနိုင်ငံများနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက်လည်း အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အာဆီယံထိပ်သီး အစည်းအဝေးများ၌ ဆွေးနွေးသဘောတူချက်များအရ မြန်မာနိုင်ငံအား ပံ့ပိုးဆောင်ရွက်နေကြောင်း၊ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာမှုအဖွဲ့ဝင်များက ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှု အစီရင်ခံစာပါ အကြံပြုချက်များအား အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာကူညီမှု ထောက်ပံ့ပေးခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအားလည်း AHA Center နှင့်အတူ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေး လုပ်ငန်းအတွက် ပြီးပြည့်စုံသည့် ဆန်းစစ်လေ့လာမှုဆောင်ရွက်နိုင်ရန်လည်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရန်များအား လမ်းညွှန်မှုများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနက ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် အာဆီယံဒေသတွင်း မြေမြှုပ်မိုင်းရှင်းလင်းရေး ဗဟိုဌာန (ARMAC) သို့ စေတနာအလျောက် နှစ်စဉ်ကြေးရန်ပုံငွေ ထည့်ဝင်မှုကိစ္စရပ်များ၊ မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဦးစီးဌာနက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးအပ်နေမှုများ၊ မြန်မာနိုင်ငံတွင် National Mine Authority ထူထောင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးက ညွှန်ကြားထားရှိသည့်အတိုင်း အာဆီယံနှင့် ဆက်စပ်ဆောင်ရွက်ရမည့် ကိစ္စများကို အရှိန်အဟုန်မပျက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အချို့သော ကိစ္စရပ်များတွင်မူ ကော်မတီများ ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါက ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းနိုင်ရန် အမြန်တင်ပြရန်လိုပါကြောင်း၊ အချို့သော ဆက်သွယ်ရန်ပုဂ္ဂိုလ်များ (Focal Points) သတ်မှတ်မှုများကိုမူ မူဝါဒပြန်လည်ခံယူမည် ဖြစ်ပါကြောင်း၊ အာဆီယံဒေသဆိုင်ရာ အဖွဲ့အစည်းများသို့ မြန်မာနိုင်ငံအနေဖြင့် ရန်ပုံငွေ ထည့်သွင်းထားရှိမှုများရှိရာ မိမိတို့ဌာနအလိုက် လိုအပ်သော စီမံကိန်းအဆိုပြုလွှာများ ပြုစုပေးပို့သွားရန်၊ သုတေသနလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်ရန်၊ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများဖော်ထုတ်ရန် တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချိုသည်တိုင်း သကာ ချဉ်သည်တိုင်း သံပရာမဟုတ်ပါ

## မောင်သမ္မာဒိဋ္ဌိ

**ကောလာဟလထက်မြန်သော အရာဟူသည် ကမ္ဘာပေါ်တွင် မရှိနိုင်**

သကာတိုင်း ချိုကြပါသည်။ သို့တစေ ချိုသည့် အရာမှန်သမျှ သကာတော့ မဟုတ်ကြပါ။ ထန်းလျက် ချိုသည်က တစ်ဖုံ၊ သကြားချိုသည်က တစ်နည်း၊ ပျားရည်ချိုသည်က တစ်မျိုး၊ ချိုပုံ ချိုနည်းများ ကွာခြားကြပါသည်။ သို့ဖြစ်၍ ချိုသည့်အရာတိုင်းကို သကာဟူ၍ ပြော၍မရပါ။ ထို့အတူ သံပရာသီးတိုင်း ချဉ်ကြပါသည်။ သို့တစေ ချဉ်သည့် အရာမှန်သမျှ သံပရာတော့ မဟုတ်ကြပါ။ ရှောက်သီးချဉ်သည်က တစ်မျိုး၊ မရန်းသီး ချဉ်သည်က တစ်နည်း၊ မန်ကျည်းသီးချဉ်သည်က တစ်ဖုံ၊ ချဉ်ပုံ ချဉ်နည်း အသီးသီး ကွာခြားကြပါသည်။ သို့ဖြစ်၍ ချဉ်သည့်အရာမှန်သမျှကို သံပရာဟူ၍ ပြော၍ မဖြစ်ပါ။

ရာဇနီတိကျမ်းကြီးတွင် –

(၁) တစ်ဆင့်ပြော၍ သိရသော စကား၊

(၂) မျက်ကွယ်ရာ အရပ်၌ ပြောဆိုသောစကား၊

(၃) နှစ်ခွန်းနှစ်ဝ ပြောဆိုသောစကား၊

(၄) အမျက်ဒေါသ အာဃာတဖြင့် ပြောဆိုသော စကားမှန်သမျှတို့ကို ယုံကြည်စွဲမြဲစွာ လက်မခံ ထိုက်ဟု သတိပေး လမ်းညွှန်ဖော်ပြထားသည်ကို တွေ့ရပါသည်။

လူနေမှုလောက၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအရပ်ရပ်၌ မိမိတို့၏ အတ္တလွန် ဝိသမ လောဘ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရည်ရွယ်၍ ပွဲလန့်ဖျာခင်း လိုသူ၊ သည်ယုန်မြင်၍ သည်ချုံထွင်လိုကြသည့် မသမာသူများက မဟုတ်မမှန် လုပ်ကြံသတင်း (Disinformation)၊ အတင်းအဖျင်း၊ ကောလာဟလ သတင်းမျိုးစုံကို ရေလဲသုံးစွဲလေ့ ရှိကြသည်။ ထိုကောလာဟလ လုပ်ကြံစကားသည် ပြည်တွင်း ပြည်ပ အဖျက်သမားများ၊ အတ္တလွန် အခွင့်အရေးသမားများ၏ ဖျက်လိုဖျက်ဆီး တီးတိုးဝါဒ အဖြစ်လည်းကောင်း၊ အရှက်မဲ့ မျက်နှာပြောင်တိုက် သတင်းစကားများအဖြစ်လည်းကောင်း အစဉ်အမြဲ အသုံးတော်ခံရသည့် မုသာဝါဒ စကားများပင်ဖြစ်သည်။

ကမ္ဘာ့သမိုင်းတွင် (ဘီစီ ၄၆၉ မှ ၃၉၉ ) ပေါ်ပေါက်ခဲ့သည့် ဂရိနိုင်ငံရေး တွေးခေါ်ပညာရှင်ကြီး "ဆိုကရေးတီး" (Socrates) သည် လူသားတို့အတွက် အသိဉာဏ် ပညာဖွံ့ဖြိုးရေး၊ ဆင်ခြင်တုံတရားတိုးတက်ရေးနှင့် ကိုယ်ကျင့်တရား ကောင်းမွန်ရေးတို့ကို ဦးတည်၍ ဟောပြောပညာပေးခဲ့ရာ မလိုလားသူများက အေသင်မြို့မှ လူငယ်လူရွယ်များအား ပုန်ကန်ထကြွရန် လှုံ့ဆော်ပေးသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းများ လွှင့်ထုတ်ခဲ့မှုကြောင့် "ဆိုကရေးတီး"အား အာဏာပိုင်တို့က အဆိပ်ကျွေး၍ သေဒဏ်ပေးခဲ့လေသည်။

**အနောက်တိုင်းစကားပုံတစ်ခု၌ "ကောလာဟလထက် မြန်ဆန်သော အရာဟူသည် ကမ္ဘာပေါ်တွင် မရှိနိုင်"ဟု ဆိုရိုးပြုထားပါသည်။**

**ဝန်ထမ်းဘဝ ရခဲလှ**

ဝန်ထမ်းဘဝကို တော်ရုံတန်ရုံ ပါရမီကုသိုလ်ဖြင့် ရရှိရသည် မဟုတ်ပါ။ အခြေခံအားဖြင့် ကျန်းမာရေးနှင့် ပြည့်စုံရမည်။ သတ်မှတ်သည့် ပညာအရည်အချင်း ရှိရပါမည်။ အကျင့်စာရိတ္တလည်းကောင်းရမည်။ ပြစ်မှုပြစ်ဒဏ်များနှင့် ကင်းရှင်းသူဖြစ်ရမည်။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။ တည်ဆဲနိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့် အပြင် ဝန်ထမ်းဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာကြရပါမည်။ ပြည်သူကို ဖြောင့်မတ်စွာ အလုပ်အကျွေးပြုပြီး နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် မည်သည့်လုပ်ဆောင် လှုပ်ရှားမှုများကိုမဆို ရှောင်ကြဉ်ရပါမည်။ ပါတီစုံနိုင်ငံရေးစနစ်တွင် ဝန်ထမ်းတိုင်းသည် ပါတီနိုင်ငံရေး ကင်းရှင်းကြရပါမည်။

**ကျားကိုသမင် မေတ္တာဝင်လျှင် သမင်မေတ္တာ ကျားအစာ**

အသားမစားသော ကျားသတ္တဝါဟူ၍ မရှိနိုင်သကဲ့သို့ မသမာသည့် အဖျက်သမားတို့သည် ပူလောင်သော မီးတောက် မီးလျှံများနှင့်တူပြီး ကိုယ်တိုင်လောင်ကျွမ်းရုံမျှမက အနီးပတ်ဝန်းကျင်ကိုပါ ဆက်စပ်ကူးစက်လောင်ကျွမ်းစေသကဲ့သို့ ဆိုးရွားလှပါသည်။ မသမာသူ အဖျက်သမားတို့၏ အမျက်မှိုင်းမိသူများမှာ ကျားကို မေတ္တာသက်ဝင်မိသော သမင်ကဲ့သို့ နောက်ဆုံးတွင် ကျားအစာအဖြစ် မရှုမလှ နိဂုံးချုပ်ရမည်မှာ မြေကြီးလက်ခတ် မလွဲပါ။

လှုပ်ရှားမှုများ" (CDM = Civil Disobedience Movement) ပြုလုပ်စေပြီး အကြမ်းဖက်လုပ်ရပ်များနှင့် မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာအောင် နောက်ကွယ်က ကြိုးကိုင်၍ လှုပ်ရှားနေကြသည်မှာ မှန်ကန်ဖြောင့်မတ်သော ပြည်သူအားလုံး သိရှိကြပြီးဖြစ်ပါသည်။ မသမာသူများနှင့် သူတို့ ဦးဆောင်သော အဖွဲ့အစည်းများ၏ မြူဆွယ်မက်လုံးများနှင့် မာယာထောင်ချောက်များထဲသို့ မဆင်မခြင် သက်ဆင်းမိကြသည့် ပြည်သူ့ဝန်ထမ်းအချို့မှာ နိုင်ငံတော်နှင့် ပြည်သူတို့ကို သစ္စာဖောက်သည့် ပြစ်မှုကို ကျူးလွန်ရာရောက်သဖြင့် မိမိသာလျှင် ဒုက္ခရောက်မည်ဖြစ်ပါသည်။

**ဒီမိုကရေစီသည် အုပ်စုဖွဲ့ အကြမ်းဖက်ဝါဒ လုံးဝမဟုတ်ဘဲ "မင်းမဲ့စရိုက်"များကို အမြဲဆန့်ကျင်သည်**

ဒီမိုကရေစီကျင့်စဉ်သည် " အုပ်စုဖွဲ့အကြမ်းဖက်ဝါဒ" လုံးဝမဟုတ်ဘဲ မင်းမဲ့စရိုက်များကို အမြဲဆန့်ကျင်သည်ဟူသော ဒီမိုကရေစီ အနှစ်သာရနှင့်အညီ ဆင်ခြင်တုံတရား လက်ကိုင်ထားစေလိုပါသည်။ "သတိမမူ ဂူမမြင်"၊ " ပညာရှိ သတိဖြစ်ခဲ"

**"ဤနေရာတွင် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ထမ်းများ ဝန်ထမ်းကောင်းများ ဖြစ်နေစေရေးနှင့် ပတ်သက်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် မေ (၅) ရက်နေ့ ည (၆) နာရီ (၃၃) မိနစ်အချိန်တွင် မိန့်ကြားလမ်းညွှန်ခဲ့သည့် အသံလွှင့်မိန့်ခွန်း၌ ဗိုလ်ချုပ်က-**

**"ကျွန်တော်တို့ ရှေ့အဖို့ ရဲရဲကြီးလုပ်တော့မယ်၊ ပြတ်ပြတ်သားသား လုပ်တော့မယ်၊ ကျွန်တော်တို့တတွေ ဟိုအကြောင်းထောက် ဒီအကြောင်းထောက်ပြီး ချီတုံချတုံ ဖြစ်နေမှုကြောင့် လူထုမနစ်နာစေချင်တော့ဘူး၊ ကျွန်တော်တို့လုပ်သလိုပဲ အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ် တရားသဖြင့် ကျရောက်တဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့ တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ်သားသား ဆောင်ရွက်ကြစေချင်တယ်၊ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့ လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။**

**အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ၊ ဟိုလူကိုကြောက်သလိုလို၊ ဒီလူကိုကြောက်သလိုလို၊ ဟိုလူကို မျက်နှာချိုသွေးချင်သလိုလို၊ ဒီလူကို မျက်နှာချိုသွေးချင်သလိုလို ဒီလိုလုပ်လို့မရဘူး၊ ကိုယ့်ဝတ္တရားကိုယ် ကျေပွန်ရင် ဘယ်သူ့မှလဲ ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလဲ လက်ဖျားနဲ့ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ" ဟုမိန့်ကြားခဲ့ရာ ထိုမိန့်မှာချက်မှာ ယနေ့အထိ ရှင်သန်သက်ဝင်လျက်ရှိပြီး ဝန်ထမ်းများအတွက် ဆင်ခြင်တုံတရားရဖွယ်ဖြစ်ပါသည်"**

တစ်နည်းဆိုရလျှင် အရသာ ချိုမြိန်လွန်းလှသည့် သရက်သည် ခွေးတောက်မြစ်နှင့် ပေါင်းယှက်မိလျှင် သရက်ပင်၏ အသီးသည် ချိုရာမှ ခါးသွားသည့် ဆိုးကျိုးသာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ မသမာသည့် အဖျက်သမားတို့သည် "ဝိသမအတ္တလွန် တစ်ကိုယ်ကောင်းဝါဒ"ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်နှင့် ပြည်သူအလုံးစုံ ပျက်သုဉ်းရေးလမ်းကြောင်းသို့ ရောက်ရှိအောင်ပင် ကိုယ်အဖြူထည် သက်သက် ဝန်ထမ်းများကို အဖျက်မှိုင်းအမျိုးမျိုး တိုက်ကာ "အစိုးရအမိန့် အာဏာဆန့်ကျင်ရေး မဖြစ်စေချင်ပါ။

နိုင်ငံရေး မသမာသူတို့သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဗန်းပြကာ "ဒီမိုကရေစီ အာဏာရှင်စနစ်" ဖက်တွယ်ထားကြသူများပီပီ မင်းမဲ့စရိုက် အဖျက်အမှောင့် အကြမ်းဖက်လုပ်ငန်းများကို ဖန်တီးကာ ပြည်သူအချို့နှင့် လူငယ်လူရွယ်များကို အသုံးချစေခိုင်းဖို့ ဝန်မလေးကြပါ။

နိုင်ငံရေးမသမာသူတို့၏ ဘက်စုံတိုက်ပွဲထိုးနှက်မှုလုပ်ရပ်ဆိုးများကို လေ့လာကြည့်ပါက–

(၁) ထိုးဖောက်စိမ့်ဝင် လွှမ်းမိုးခြင်း၊

(၂) အတွင်းသူလျှိုထား၍ ဖျက်ဆီးခြင်း၊

(၃) သစ္စာဖောက်များ မွေးမြူခိုလှုံစေခြင်း၊

(၄) အဖျက်လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်ခြင်း၊

(၅) နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ခြင်း၊

(၆) ဩဇာခံရုပ်သေးများကို အသုံးပြုခြယ်လှယ်ခြင်း၊

(၇) ပြည်တွင်းရေးကို ပြောင်ကျကျ ဝင်ရောက် စွက်ဖက်ခြင်း၊

(၈) မတည်မငြိမ်ဖြစ်မှုအရှိန်ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(၉) လိုရာပုံသွင်းခြင်း၊

(၁၀) ပိတ်ဆို့ခြင်း၊

(၁၁) ချေမှုန်းချုပ်ကိုင်ခြင်း၊

(၁၂) ယာယီမက်လုံးများဖြင့် ပေးကမ်းထောက်ပံ့ခြင်း၊

(၁၃) လူစုပြုအောင်ဖန်တီးဆောင်ရွက်ခြင်း၊

(၁၄) သံတမန်အခွင့်အရေးများကို အသုံးပြု၍ နောက်ကွယ်မှ လှုပ်ရှားဆောင်ရွက်ခြင်းတို့ကို တွေ့ရှိရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အဖျက်လုပ်နည်း လုပ်ဟန်များကို မြင်အောင်ကြည့်တတ်ကြဖို့ လိုပါမည်။ အမြင်မှားနေသမျှ အရာအားလုံးကို အမှားသာ မြင်နေမည်ဖြစ်ပြီး အမှန်တရားနှင့် ကင်းဝေးသည်ထက် ကင်းဝေးသွားမှာစိုးပါသည်။

**ဝန်ထမ်းကောင်းကျင့်ဝတ်ကို စောင့်ထိန်းပါ**

နိုင်ငံ့ဝန်ထမ်းဟူသည် "နိုင်ငံတော်နှင့်ပြည်သူကို သစ္စာခံလျက် နိုင်ငံတော်က ပေးအပ်သော တာဝန်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဦးလည်မသုန်

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်

**နေပြည်တော် မတ် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ဦးစီးဌာနများမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ (၈) ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းပါ အချက်အလက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက် ဦးဆောင်မှုများပေးအပ်ခြင်း၊ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ခြင်းများ ပြုလုပ်စေလိုပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းသဘောသဘာဝအရ (၂၄) နာရီ အချိန်ပြည့်တာဝန်ထမ်းဆောင်ရသူများဖြစ်သည့်အတွက် ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် ပတ်သက်၍ ဝန်ထမ်းအိမ်ရာများအပါအဝင် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ဝန်ကြီးဌာနအနေဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘွဲ့လွန်ရရှိသူများကိုလည်း သက်ဆိုင်ရာဘွဲ့အလိုက် ဘွဲ့လွန်ကြေးအဖြစ် သတ်မှတ်ချီးမြှင့်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

### အလေးထား ဆောင်ရွက်သင့်

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဆရာဝန်များ၊ သူနာပြုဆရာမများအနေဖြင့်လည်း ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များနှင့်အညီ ပြည်သူများကို အဓိကထား၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရသည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိခိုက်နစ်နာမှု မဖြစ်စေရန် အထူးအလေးထား ဆောင်ရွက်သင့်ပါကြောင်း၊ ဆောက်လုပ်ရေးနှင့် ဆေးဝါးနှင့် ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးကိစ္စရပ်များအတွက် ဘဏ္ဍာငွေအလုံအလောက် သတ်မှတ်ချထားပေးပြီးဖြစ်၍ လုပ်ငန်းများအောင်မြင်စေရေး စနစ်တကျ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာသုံးစွဲရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာပိုလျှံငွေများရှိပါကလည်း အချိန်မီခေါင်းစဉ်ပြောင်းသုံးစွဲနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော သတင်းများကို ပြင်ပသို့ ပေါက်ကြားမှုမရှိအောင် အထူးသတိပြု ထိန်းသိမ်းရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဦးစားပေးလုပ်ငန်းများဖြစ်သော ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### ဆက်လက်ထိုးနှံသွားမည်

အဆိုပါ လုပ်ငန်းများအနက် ကာကွယ်ဆေးထိုးလုပ်ငန်းများကို မတ်လနှင့် ဧပြီလများတွင် မူလလျာထား သတ်မှတ်ချက်အတိုင်း ဆက်လက်ထိုးနှံသွားမည် ဖြစ်ပါကြောင်း၊ ယခုလအတွင်းတွင် နိုင်ငံ့ဝန်ထမ်းများကို ထိုးနှံပေးလျက်ရှိပြီး ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍကျန်းမာရေးဝန်ထမ်းများ၊ ဘာသာပေါင်းစုံမှ သာသနာရေး ဆိုင်ရာပုဂ္ဂိုလ်များ စသည်ဖြင့် အဆင့်ဆင့်ထိုးနှံ ပေးသွားမည်ဖြစ်ပြီး ဆေးရရှိမှုအပေါ်မူတည်၍ ရှေးဦးစွာ Stay at Home မြို့နယ်များမှ အသက်(၆၅) နှစ်အထက် ပုဂ္ဂိုလ်များ၊ ဆက်လက်၍ ကျန်မြို့နယ်များမှ အသက် (၆၅) နှစ်အထက် ပုဂ္ဂိုလ်များစသည်ဖြင့် အဆင့်ဆင့် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနရှိ ဆေးရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောဆေးဝါးနှင့် ဆေးပစ္စည်းများစီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ဝယ်ယူရန်လည်း ဘဏ္ဍာငွေအလုံအလောက်ရှိပါကြောင်း၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ခွဲ/ခတ်မှန်များအဆင့်မြှင့်တင်ခြင်း၊ အထူးကြပ်မတ်ကုသဆောင် (ICU) များ ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ဘွဲ့ကြို/ဘွဲ့လွန်စာမေးပွဲများကို လတ်တလောအနေဖြင့် ဆိုင်းငံ့ထားရသော်လည်း ဘွဲ့ကြို/ဘွဲ့လွန်ကျောင်းသား/ကျောင်းသူများ၏ ဘဝရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် သက်ဆိုင်ရာဘွဲ့နှင့်ဘွဲ့လွန်များ ရရှိစေရေးအချိန်အခါသင့်သည်နှင့် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ပေးမှုများကို ကျေးဇူးတင်ပါကြောင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဦးစီးဌာနအနေဖြင့် စစ်ဆေးခွင့်ပြုရန်ရှိသည့် အစားအသောက်နှင့် ဆေးဝါးများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးစေလိုပါကြောင်း။

ဆေးသုတေသနဦးစီးဌာနအနေဖြင့် ကျန်းမာရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ လတ်တလောဆောင်ရွက်လျက်ရှိသည့် ကိုဗစ်ရောဂါပိုးရှိ/မရှိ ဓာတ်ခွဲ အတည်ပြုခြင်းလုပ်ငန်းများကိုလည်း အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်းစသည့် ဦးစီးဌာန၏လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် အဆောက်အဦပြင်ပတွင် ဆောင်ရွက်သည့် (outdoor) အားကစားပြိုင်ပွဲများကို ပြန်လည်ကျင်းပနိုင်ရေးဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ မြန်မာ့သိုင်းအားကစားနည်းကို မိမိတို့နိုင်ငံ၏ အဓိကအားကစားနည်းအဖြစ် ဦးစားပေးမြှင့်တင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဘောလုံးအားကစားနည်းနှင့်ပတ်သက်၍ ကွင်းဆင်းလေ့ကျင့်ခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူ့ဆေးရုံများတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ချိန်တွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် စိတ်ချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အခက်အခဲများရှိပါက တင်ပြပေးရန်ဖြစ်ပြီး အခက်အခဲများပေါ်ပေါက်လာပါကလည်း တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားပါမည်" ဟူသော နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် ခြောက်ပါးကိုခံယူကျင့်သုံးကြသူများပင် ဖြစ်ကြပါသည်။ တစ်နည်းဆိုပါလျှင် နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး အထစ်အငေါ့မရှိဘဲ ပုံမှန်လည်ပတ်နေစေရန် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ သစ္စာရှိရှိထမ်းဆောင်ကြရသော နိုင်ငံတော်တည်ဆောက်ရေးသမားများသာ ဖြစ်ကြပါသည်။

ဤနေရာတွင် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ထမ်းများ၊ ဝန်ထမ်းကောင်းများ ဖြစ်နေစေရေးနှင့် ပတ်သက်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဧပြီ (၅) ရက်နေ့ ည (၆) နာရီ (၃၃) မိနစ်အချိန်တွင် မိန့်ကြားလမ်းညွှန်ခဲ့သည့် အသံလွှင့်မိန့်ခွန်း၌ ဗိုလ်ချုပ်က-

"ကျွန်တော်တို့ ရှေ့အဖို့ ရဲရဲကြီးလုပ်တော့မယ်၊ ပြတ်ပြတ်သားသား လုပ်တော့မယ်၊ ကျွန်တော်တို့တတွေ ဟိုအကြောင်းထောက် ဒီအကြောင်းထောက်ပြီး ချီတုံချတုံ ဖြစ်နေမှုကြောင့် လူထုမနစ်နာစေချင်တော့ဘူး၊ ကျွန်တော်တို့လုပ်သလိုပဲ အစိုးရ အရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ် တရားသဖြင့် ကျရောက်တဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့ တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ်သားသား ဆောင်ရွက်ကြစေချင်တယ်၊ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့ လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။

အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရားကိုယ် ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ၊ ဟိုလူကို ကြောက်သလိုလို၊ ဒီလူကို ကြောက်သလိုလို၊ ဟိုလူကို မျက်နှာချိုသွေးချင် သလိုလို၊ ဒီလူကို မျက်နှာချို သွေးချင်သလိုလို ဒီလိုလုပ်လို့မရဘူး၊ ကိုယ့်ဝတ္တရားကိုယ် ကျေပွန်ရင် ဘယ်သူမှလဲ ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလဲ လက်ဖျားနဲ့ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ" ဟု မိန့်ကြားခဲ့ရာ ထိုမိန့်မှာချက်မှာ ယနေ့အထိ ရှင်သန်သက်ဝင်လျက်ရှိပြီး ဝန်ထမ်းများအတွက် ဆင်ခြင်တုံတရား ရဖွယ်ဖြစ်ပါသည်။

မိမိကိုယ်မိမိ သကာလား၊ တမာလား၊ သံပရာလား ဆိုသည်ကို ကွဲပြားအောင် ဆန်းစစ်ကြည့်ရပါမည်။ မင်းသားကြီး မလုပ်ရ၍ ပတ်မကြီးကို ထိုးဖောက်သည့် နိုင်ငံရေး မသမာသူများ၊ ပွဲလှန့်ဖျာခင်း လိုကြသူများ၊ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ သည်ယုန်မြင်၍ သည်ချုံထွင်နေကြသူများကို သတိထား၍ အသိတရားဖြင့် ရှောင်ကြဉ်ကြရပါမည်။

လူတိုင်းလူတိုင်းသည် ကိုယ့်သမိုင်းကိုရေးနေကြသူများဖြစ်ရာ " မိမိကိုယ်ကို မိမိ အသိဆုံးဖြစ်သလို" " ဘယ်သူမပြု မိမိမှုသာ" ဖြစ်သောကြောင့် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို ဆင်ခြင်သိမြင်ပြီး နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိလျက် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဝန်ထမ်းကောင်းများပီသစွာ ရိုးသားနိုးကြားစွာ ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား "(National Interest & Public Interest) တိုးတက်ဖွံ့ဖြိုးအောင် မိမိတို့၏ ကျေးဇူးရှင် မိခင်ဌာနအဖွဲ့အစည်း (Mother Unit) များတွင် မပျက်မကွက် ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆွေသဟာအပေါင်းအား စေတနာကောင်းဖြင့် အရေးထားလေးစားစွာ ရေးသားဆန္ဒပြုအပ်ပါသည်။ ။

◆ *ကျောဖုံးမှ*

ပျော်ဘွယ်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၂၃၉၁၀၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၇၆၅၀၁ ဖြစ်သည်။ လက်ကျန် ၆၂၅၉၉ ကျန်ရှိရမည် ဖြစ်သော်လည်း မြေပြင်တွင် ၅၉၇၀၁ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၈၉၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

ပျော်ဘွယ်မြို့နယ်တွင် မဲစာရင်းများစစ်ဆေးနေစဉ် ၂၆- ၂- ၂၀၂၁ ရက်နေ့တွင် ဆိတ်ချိုကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဆွေက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၁ အုပ်စီအားလည်းကောင်း၊ ၂၇- ၂- ၂၀၂၁ ရက်နေ့တွင် ဘုရားကြီးကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသူရ၊ အတွင်းရေးမှူး ဦးသန်းဦးတို့က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၄ အုပ်စီအား လည်းကောင်း ပျော်ဘွယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံခဲ့ကြပါသည်။ အလားတူပင် ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်များအား ဇဂျမ်းတောင်ကျေးရွာအုပ်စုမှ ၁ အုပ်၊ ချောင်းမကြီးကျေးရွာအုပ်စုမှ ၄ အုပ် ၉ ရွက်၊ ဆည်ရွာလက်ပံတိုင်းကျေးရွာအုပ်စုမှ ၂ အုပ် ၁၅ ရွက်နှင့် အမည်မမှတ်မိကျေးရွာအုပ်စုတို့မှ ၅ အုပ်တို့အား ပျော်ဘွယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံခဲ့ကြပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဇ)တွင် “မဲရုံ ပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကျိုးကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီး တစ်ထုပ် ပြုလုပ်ရမည်-

( ၁ ) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊

( ၂ ) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊

( ၃ ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

( ၄ ) ပယ်မဲ ပုံစံ(၁၇)များ။” ဟု ပြဋ္ဌာန်းထားသည်။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ကျေးရွာအုပ်စု မဲရုံ ၅၂ ရုံတို့တွင် ထုတ်ပေးထားသော မဲလက်မှတ် အရေအတွက်ထက် အသုံးပြု အရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမဲရုံများတွင် မဲလက်မှတ် အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး အပိုမဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါသည်။

### ပျော်ဘွယ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေး | အသုံးပြု | အပိုရွက်ရေ |
|---|---|---|---|---|---|
| ၁ | မိုးကောင်း | ၂ | ၆၀၀ | ၆၀၈ | ၈ |
| ၂ | တွင်းရွာ | ၃ | ၉၅၀ | ၁၀၀၀ | ၅၀ |
| ၃ | တွင်းရွာ | ၅ | ၁၁၀၀ | ၁၁၅၀ | ၅၀ |
| ၄ | ရွှေညောင်ဖူး | ၁ | ၇၅၀ | ၈၀၀ | ၅၀ |
| ၅ | ဇဂျမ်းတောင် | ၁ | ၈၀၀ | ၉၅၀ | ၁၅၀ |
| ၆ | ဝွေးပင်ရိုး | ၂ | ၈၀၀ | ၈၁၁ | ၁၁ |
| ၇ | ဝွေးပင်ရိုး | ၃ | ၅၀၀ | ၅၆၃ | ၆၃ |
| ၈ | ဆည်ရွာကြက်တည် | ၁ | ၁၂၅၀ | ၁၃၀၀ | ၅၀ |
| ၉ | အုန်းပင် | ၂ | ၇၅၀ | ၇၈၅ | ၃၅ |
| ၁၀ | အုန်းပင် | ၃ | ၉၀၀ | ၉၃၃ | ၃၃ |
| ၁၁ | ကန်သာ | ၁ | ၄၅၀ | ၅၀၀ | ၅၀ |
| ၁၂ | ကန်သာ | ၄ | ၈၀၀ | ၉၀၀ | ၁၀၀ |
| ၁၃ | မိုးနံကုန်း | ၁ | ၁၁၅၀ | ၁၁၇၅ | ၂၅ |
| ၁၄ | မိုးနံကုန်း | ၂ | ၈၅၀ | ၈၅၄ | ၄ |
| ၁၅ | မင်းလမ်း | ၅ | ၁၀၀၀ | ၁၀၅၀ | ၅၀ |
| ၁၆ | ထန်းတောကြီး | ၁ | ၁၁၅၀ | ၁၁၅၄ | ၄ |
| ၁၇ | ထန်းတောကြီး | ၂ | ၈၅၀ | ၈၅၂ | ၂ |
| ၁၈ | ဝါးရင်းတုတ် | ၁ | ၇၀၀ | ၇၅၀ | ၅၀ |
| ၁၉ | ဒဟတ်ကုန်း | ၁ | ၉၀၀ | ၉၅၀ | ၅၀ |
| ၂၀ | ပင်မြိုင် | ၁ | ၅၅၀ | ၆၀၀ | ၅၀ |
| ၂၁ | ယင်းတော်ရွာမ | ၂ | ၁၅၅၀ | ၁၆၅၀ | ၁၀၀ |
| ၂၂ | ကျီနီ | ၂ | ၁၁၀၀ | ၁၁၅၀ | ၅၀ |
| ၂၃ | ရှမ်းပွဲ | ၂ | ၁၂၀၀ | ၁၉၀၀ | ၇၀၀ |
| ၂၄ | မြို့မ | ၁ | ၉၅၀ | ၁၀၀၀ | ၅၀ |
| ၂၅ | မန္တလေးတန်း | ၂ | ၆၀၀ | ၆၃၅ | ၃၅ |
| ၂၆ | ရွှေပြည်ရန်အောင် | ၂ | ၁၂၀၀ | ၁၃၀၀ | ၁၀၀ |
| ၂၇ | ပြည်သာယာ | ၁ | ၂၄၅၀ | ၂၄၅၂ | ၂ |
| ၂၈ | ပြည်သာယာ | ၂ | ၇၅၀ | ၇၅၄ | ၄ |
| ၂၉ | ယာကြီး | ၂ | ၁၂၅၀ | ၁၃၅၀ | ၁၀၀ |
| ၃၀ | ယာကြီး | ၃ | ၅၀၀ | ၅၅၀ | ၅၀ |
| ၃၁ | သပြေပင် | ၁ | ၉၀၀ | ၉၃၁ | ၃၁ |
| ၃၂ | သပြေပင် | ၄ | ၇၅၀ | ၇၆၅ | ၁၅ |
| ၃၃ | တောတွင်လှ | ၃ | ၅၅၀ | ၅၅၄ | ၄ |
| ၃၄ | တောတွင်လှ | ၄ | ၃၅၀ | ၄၀၀ | ၅၀ |
| ၃၅ | လွှဲပေါက်ကုန်း | ၁ | ၇၅၀ | ၇၆၀ | ၁၀ |
| ၃၆ | ရှမ်းစု | ၁ | ၇၀၀ | ၈၅၀ | ၁၅၀ |
| ၃၇ | ကန်ကြီး(မ) | ၁ | ၁၃၅၀ | ၁၄၀၀ | ၅၀ |
| ၃၈ | ကျီ | ၁ | ၆၅၀ | ၇၀၀ | ၅၀ |
| ၃၉ | မကျီးကုန်း | ၃ | ၉၅၀ | ၁၀၀၃ | ၅၃ |
| ၄၀ | မြင်းဘက် | ၂ | ၁၁၀၀ | ၁၁၃၄ | ၃၄ |
| ၄၁ | မြို့သစ် | ၁ | ၉၅၀ | ၁၀၀၀ | ၅၀ |
| ၄၂ | ရွှေပြည်ရန်လုံ | ၁ | ၁၂၅၀ | ၁၃၀၀ | ၅၀ |
| ၄၃ | တောင်လည် | ၁ | ၁၃၀၀ | ၁၄၀၀ | ၁၀၀ |
| ၄၄ | တောင်လည် | ၄ | ၁၃၀၀ | ၁၃၈၁ | ၈၁ |
| ၄၅ | မြင်းတဲ | ၁ | ၁၆၅၀ | ၁၇၀၀ | ၅၀ |
| ၄၆ | ကန်တဲ | ၃ | ၁၂၅၀ | ၁၃၀၀ | ၅၀ |
| ၄၇ | ဖောခိကုန်း | ၁ | ၁၀၅၀ | ၁၁၀၀ | ၅၀ |
| ၄၈ | ဆိတ်ချို | ၆ | ၁၁၀၀ | ၁၁၅၀ | ၅၀ |
| ၄၉ | စပယ်ကုန်း | ၁ | ၈၅၀ | ၉၀၀ | ၅၀ |
| ၅၀ | ရန်အောင် | ၁ | ၁၂၅၀ | ၁၃၂၃ | ၇၃ |
| ၅၁ | ရန်အောင် | ၅ | ၁၁၅၀ | ၁၂၂၄ | ၇၄ |
| ၅၂ | ညောင်ကုန်း(မ) | ၃ | ၅၅၀ | ၆၀၀ | ၅၀ |
| | ရပ်/ကျေးမှအပ် | | | | ၈၇၄ |
| စုစုပေါင်း | | | ၅၀၀၅၀ | ၅၃၃၀၁ | ၄၁၂၅ |

ကျေးရွာအုပ်စုမဲရုံ ၁၀၆ ရုံတို့တွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ပျော်ဘွယ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက် ဆန္ဒမဲလက်မှတ်ပျောက်ဆုံးစာရင်း

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁ | မိုးကောင်း | ၁ | ၆၀၀ | ၅၆၉ | -၃၁ |
| ၂ | ဖောင်းတော | ၁ | ၉၀၀ | ၈၅၀ | -၅၀ |
| ၃ | ဖောင်းတော | ၃ | ၈၀၀ | ၇၀၀ | -၁၀၀ |
| ၄ | တွင်းရွာ | ၁ | ၁၂၀၀ | ၁၁၅၄ | -၄၆ |
| ၅ | တွင်းရွာ | ၄ | ၁၀၅၀ | ၉၉၈ | -၅၂ |
| ၆ | ရွှေညောင်ဖူး | ၂ | ၈၀၀ | ၆၀၀ | -၂၀၀ |
| ၇ | ရွှေညောင်ဖူး | ၆ | ၁၀၅၀ | ၁၀၀၀ | -၅၀ |
| ၈ | ဇဂျမ်းတောင် | ၂ | ၃၀၀ | ၂၅၀ | -၅၀ |
| ၉ | ဇဂျမ်းတောင် | ၃ | ၃၀၀ | ၂၅၀ | -၅၀ |
| ၁၀ | ဇဂျမ်းတောင် | ၄ | ၁၃၅၀ | ၁၃၀၀ | -၅၀ |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁၁ | ဇဂျမ်းတောင် | ၅ | ၆၀၀ | ၅၅၀ | -၅၀ |
| ၁၂ | ဇဂျမ်းတောင် | ၆ | ၃၅၀ | ၃၀၀ | -၅၀ |
| ၁၃ | ဘုရားကြီး | ၁ | ၄၀၀ | ၃၄၀ | -၆၀ |
| ၁၄ | ဘုရားကြီး | ၂ | ၄၅၀ | ၃၄၃ | -၁၀၇ |
| ၁၅ | ဘုရားကြီး | ၃ | ၅၀၀ | ၄၆၇ | -၃၃ |
| ၁၆ | ဝွေးပင်ရိုး | ၁ | ၃၀၀ | ၂၃၅ | -၆၅ |
| ၁၇ | ဆည်ရွာကြက်တည် | ၄ | ၂၅၀ | ၂၀၀ | -၅၀ |
| ၁၈ | ကျူတော၀ | ၃ | ၆၀၀ | ၅၀၀ | -၁၀၀ |
| ၁၉ | ဝွေးဇီး | ၂ | ၅၀၀ | ၄၉၂ | -၈ |
| ၂၀ | ဝွေးဇီး | ၃ | ၃၀၀ | ၂၅၀ | -၅၀ |
| ၂၁ | အုန်းပင် | ၁ | ၆၀၀ | ၅၅၀ | -၅၀ |
| ၂၂ | အုန်းပင် | ၄ | ၆၀၀ | ၅၆၉ | -၃၁ |
| ၂၃ | အုန်းပင် | ၅ | ၄၅၀ | ၃၉၃ | -၅၇ |
| ၂၄ | ကန်သာ | ၂ | ၅၅၀ | ၅၀၀ | -၅၀ |
| ၂၅ | ကန်သာ | ၃ | ၈၅၀ | ၈၄၈ | -၂ |
| ၂၆ | ကန်သာ | ၅ | ၃၀၀ | ၂၅၀ | -၅၀ |
| ၂၇ | ကန်သာ | ၆ | ၆၀၀ | ၅၅၀ | -၅၀ |
| ၂၈ | မိုးနံကုန်း | ၃ | ၁၀၅၀ | ၁၀၀၂ | -၄၈ |
| ၂၉ | မင်းလမ်း | ၄ | ၄၅၀ | ၄၀၀ | -၅၀ |
| ၃၀ | သနပ်ခါးတော | ၃ | ၅၅၀ | ၅၀၀ | -၅၀ |
| ၃၁ | သနပ်ခါးတော | ၄ | ၅၅၀ | ၅၄၈ | -၂ |
| ၃၂ | ကြို့ကုန်း | ၂ | ၇၅၀ | ၇၀၀ | -၅၀ |
| ၃၃ | ဝါးရင်းတုတ် | ၂ | ၆၅၀ | ၆၀၀ | -၅၀ |
| ၃၄ | ဒဟတ်ကုန်း | ၂ | ၇၀၀ | ၆၅၀ | -၅၀ |
| ၃၅ | ဒဟတ်ကုန်း | ၅ | ၈၀၀ | ၇၅၀ | -၅၀ |
| ၃၆ | ပင်မြိုင် | ၂ | ၉၀၀ | ၈၅၀ | -၅၀ |
| ၃၇ | ယင်းတော်ရွာမ | ၁ | ၁၅၅၀ | ၁၄၅၀ | -၁၀၀ |
| ၃၈ | ကေရာဇ်ကုန်း | ၂ | ၆၀၀ | ၅၈၁ | -၁၉ |
| ၃၉ | ချောင်းမကြီး | ၁ | ၉၅၀ | ၉၁၅ | -၃၅ |
| ၄၀ | ချောင်းမကြီး | ၂ | ၉၀၀ | ၈၅၇ | -၄၃ |
| ၄၁ | ချောင်းမကြီး | ၃ | ၉၀၀ | ၈၅၇ | -၄၃ |
| ၄၂ | ချောင်းမကြီး | ၄ | ၄၀၀ | ၃၉၀ | -၁၀ |
| ၄၃ | ချောင်းမကြီး | ၅ | ၅၀၀ | ၄၀၀ | -၁၀၀ |
| ၄၄ | ချောင်းမကြီး | ၆ | ၈၅၀ | ၈၁၇ | -၃၃ |
| ၄၅ | ကျိုနီ | ၁ | ၁၃၅၀ | ၁၁၅၀ | -၂၀၀ |
| ၄၆ | သပြေရိုး | ၁ | ၅၅၀ | ၅၀၀ | -၅၀ |
| ၄၇ | သပြေရိုး | ၂ | ၉၀၀ | ၈၇၈ | -၂၂ |
| ၄၈ | ညောင်ရွှေ | ၂ | ၁၉၅၀ | ၁၉၀၀ | -၅၀ |
| ၄၉ | ရှမ်းပွဲ | ၁ | ၁၄၀၀ | ၁၀၅၀ | -၃၅၀ |
| ၅၀ | ရှမ်းပွဲ | ၃ | ၁၇၀၀ | ၁၃၅၀ | -၃၅၀ |
| ၅၁ | မြို့မ | ၂ | ၈၅၀ | ၇၅၄ | -၉၆ |
| ၅၂ | မန္တလေးတန်း | ၁ | ၉၅၀ | ၉၁၅ | -၃၅ |
| ၅၃ | ရွှေပြည်ရန်အောင် | ၁ | ၁၆၀၀ | ၁၅၀၀ | -၁၀၀ |
| ၅၄ | ယာကြီး | ၁ | ၈၅၀ | ၇၀၀ | -၁၅၀ |
| ၅၅ | သပြေပင် | ၅ | ၃၅၀ | ၃၀၀ | -၅၀ |
| ၅၆ | ထရံကာ | ၂ | ၇၀၀ | ၆၅၀ | -၅၀ |
| ၅၇ | ထရံကာ | ၄ | ၄၀၀ | ၃၅၀ | -၅၀ |
| ၅၈ | ထရံကာ | ၆ | ၄၅၀ | ၃၅၀ | -၁၀၀ |
| ၅၉ | တောတွင်လှ | ၅ | ၇၅၀ | ၆၅၀ | -၁၀၀ |
| ၆၀ | ရှမ်းစု | ၂ | ၄၀၀ | ၃၅၀ | -၅၀ |
| ၆၁ | ရှမ်းစု | ၃ | ၃၀၀ | ၂၅၀ | -၅၀ |
| ၆၂ | ရှမ်းစု | ၄ | ၅၅၀ | ၅၀၀ | -၅၀ |
| ၆၃ | ကန်ကြီး(မ) | ၄ | ၄၅၀ | ၄၀၀ | -၅၀ |
| ၆၄ | ကျီ | ၄ | ၃၀၀ | ၂၅၀ | -၅၀ |
| ၆၅ | မကျီးကုန်း | ၁ | ၈၀၀ | ၆၅၀ | -၁၅၀ |
| ၆၆ | မကျီးကုန်း | ၂ | ၃၀၀ | ၂၅၀ | -၅၀ |
| ၆၇ | မဲတီး | ၁ | ၅၅၀ | ၅၀၀ | -၅၀ |
| ၆၈ | မဲတီး | ၂ | ၆၀၀ | ၅၀၀ | -၁၀၀ |
| ၆၉ | မဲတီး | ၃ | ၂၅၀ | ၂၀၀ | -၅၀ |
| ၇၀ | မြင်းဘက် | ၁ | ၁၄၅၀ | ၁၄၁၄ | -၃၆ |
| ၇၁ | မြို့သစ် | ၂ | ၁၁၅၀ | ၁၀၀၀ | -၁၅၀ |
| ၇၂ | မြို့သစ် | ၃ | ၁၂၀၀ | ၁၁၀၀ | -၁၀၀ |
| ၇၃ | ရွှေပြည်ရန်လုံ | ၂ | ၁၃၅၀ | ၁၃၀၀ | -၅၀ |
| ၇၄ | ရွှေပြည်ရန်နိုင် | ၁ | ၁၅၀၀ | ၁၄၉၈ | -၂ |
| ၇၅ | ဆည်ရွာလက်ပံတိုင်း | ၁ | ၇၅၀ | ၇၃၃ | -၁၇ |
| ၇၆ | ဆည်ရွာလက်ပံတိုင်း | ၂ | ၅၅၀ | ၄၅၀ | -၁၀၀ |
| ၇၇ | ဆည်ရွာလက်ပံတိုင်း | ၃ | ၄၅၀ | ၃၉၀ | -၆၀ |
| ၇၈ | စန်းတော | ၁ | ၈၀၀ | ၇၅၀ | -၅၀ |
| ၇၉ | စန်းတော | ၄ | ၈၀၀ | ၇၅၀ | -၅၀ |
| ၈၀ | တောင်လည် | ၂ | ၅၀၀ | ၄၇၅ | -၂၅ |
| ၈၁ | တောင်လည် | ၃ | ၄၀၀ | ၃၅၀ | -၅၀ |
| ၈၂ | တောင်လည် | ၅ | ၅၅၀ | ၅၀၀ | -၅၀ |
| ၈၃ | တောင်လည် | ၆ | ၇၅၀ | ၆၀၀ | -၁၅၀ |
| ၈၄ | မြင်းတဲ | ၂ | ၁၅၅၀ | ၁၅၀၀ | -၅၀ |
| ၈၅ | ကန်တဲ | ၂ | ၁၅၀၀ | ၁၄၅၀ | -၅၀ |
| ၈၆ | ညောင်ကုန်း(တ) | ၂ | ၁၃၅၀ | ၁၂၅၀ | -၁၀၀ |
| ၈၇ | ဃဲကြီး | ၁ | ၉၀၀ | ၈၅၀ | -၅၀ |
| ၈၈ | ဃဲကြီး | ၂ | ၇၀၀ | ၆၅၀ | -၅၀ |
| ၈၉ | ဃဲကြီး | ၃ | ၇၀၀ | ၆၅၀ | -၅၀ |
| ၉၀ | ဖောဓိကုန်း | ၃ | ၁၂၀၀ | ၁၀၀၀ | -၂၀၀ |
| ၉၁ | ပေပင်ရှည် | ၁ | ၁၀၅၀ | ၁၀၀၁ | -၄၉ |
| ၉၂ | ပေပင်ရှည် | ၂ | ၁၁၀၀ | ၁၀၅၀ | -၅၀ |
| ၉၃ | ပေပင်ရှည် | ၃ | ၉၀၀ | ၈၅၉ | -၄၁ |
| ၉၄ | ပေပင်ရှည် | ၄ | ၅၅၀ | ၅၃၆ | -၁၄ |
| ၉၅ | သဖန်းချောင်း | ၄ | ၂၅၀ | ၂၀၀ | -၅၀ |
| ၉၆ | သဖန်းချောင်း | ၅ | ၈၀၀ | ၇၅၀ | -၅၀ |
| ၉၇ | သဖန်းချောင်း | ၆ | ၅၀၀ | ၄၅၀ | -၅၀ |
| ၉၈ | ဆိတ်ချို | ၂ | ၈၀၀ | ၇၅၀ | -၅၀ |
| ၉၉ | ဆိတ်ချို | ၄ | ၅၅၀ | ၅၄၈ | -၂ |
| ၁၀၀ | ဆိတ်ချို | ၅ | ၇၅၀ | ၇၀၀ | -၅၀ |
| ၁၀၁ | စပယ်ကုန်း | ၂ | ၉၅၀ | ၈၀၀ | -၁၅၀ |
| ၁၀၂ | ရန်အောင် | ၂ | ၁၀၀၀ | ၉၆၀ | -၄၀ |
| ၁၀၃ | ရန်အောင် | ၃ | ၆၀၀ | ၅၉၀ | -၁၀ |
| ၁၀၄ | ရန်အောင် | ၄ | ၄၀၀ | ၃၅၉ | -၄၁ |
| ၁၀၅ | ရန်အောင် | ၆ | ၄၀၀ | ၃၄၂ | -၅၈ |
| ၁၀၆ | ညောင်ကုန်း(မ) | ၄ | ၄၅၀ | ၃၀၀ | -၁၅၀ |
| စုစုပေါင်း | | | ၈၀၀၀၀ | ၇၂၉၇၇ | -၇၀၂၃ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အလေးထားဆောင်ရွက်

**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို အရာထမ်းနှင့် အမှုထမ်းများ သိရှိလိုက်နာစေရန် ဌာနအသီးသီးသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပုံမှန်အခြေအနေ ရောက်ရှိစေရန် ဆောင်ရွက်နေဆဲကာလအတွင်း ဌာနများအားလုံး၏ လုပ်ငန်းများ ရပ်တန့်သွားခြင်း မရှိစေရေး၊ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများကို အောင်မြင်စွာဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများအတွင်း စေတနာအလေးထား၍ ဆောင်ရွက်ရေးတို့သည် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပါတီနိုင်ငံရေး ကင်းရှင်းရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေစဉ်ကာလအတွင်း ဆက်စပ်ဆောင်ရွက်နေသော ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် အဓိကရည်မှန်းချက်များဖြစ်သည့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးနှင့် ထိရောက်၍ စွမ်းဆောင်ရည် ပြည့်ဝသော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငွေပေးချေမှုနည်းလမ်းများသည် တိုးတက်ပြောင်းလဲနေပြီ ဖြစ်ကြောင်း၊ လုံခြုံ၍ စွမ်းဆောင်ရည် ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ငွေပေးစနစ်ဥပဒေ (မူကြမ်း) ကို ရေးဆွဲဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် အဆင်ပြေချောမွေ့စေရန် ပမာဏကြီးမားသော ငွေပေးချေမှုများအတွက် ဘဏ်အချင်းချင်း ငွေပေးချေမှုစနစ် (CBM-NET) System Second Phase နှင့် အလိုအလျောက် စာရင်းရှင်းလင်းမှုစနစ် (ACH) တို့ကို အကောင်အထည်ဖော်ခဲ့ပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေပေးချေမှုများ တိုးတက်ရေးအတွက် ဝန်ဆောင်မှုများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ငွေပေးချေမှုစနစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဘဏ်များနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ငွေသားစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်အတွက် ယာယီလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို ဘဏ်များသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဈေးကွက်ဝင် စပါးမျိုးသစ်များရရှိရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေသနဌာနခွဲ၊ စပါးသီးနှံ သုတေသနဗဟိုဌာနသည် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ဒေသအသီးသီးအတွက် သင့်လျော်ပြီး အထွက်ကောင်း၍ ရောဂါပိုးမွှားဒဏ်ခံနိုင်သော စပါးမျိုးသစ်များ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် စပါးမျိုးသစ်များ၊ ဈေးကွက်ဝင် အရည်အသွေးကောင်း စပါးမျိုးသစ်များနှင့် အာဟာရဓာတ်ပြည့်ဝသော စပါးမျိုးသစ်များရရှိရန်အတွက် သုတေသန လုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း အစားအစာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် မျိုးသစ်များ မွေးမြူထုတ်လုပ်ရန် Project သုံးခု၊ Activities အခု ၄၀ ဖြင့်လည်းကောင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ခံနိုင်ရည်ရှိသော မျိုးသစ်များ မွေးမြူထုတ်လုပ်ရန်အတွက် Project လေးခု၊ Activities ၄၇ ခု ဖြင့်လည်းကောင်း သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ စပါးသုတေသနလုပ်ငန်းများကို စပါးသီးနှံသုတေသန ဗဟိုဌာနမှ ဒေါက်တာစန္ဒာမိုးနှင့် အဖွဲ့က အဆင့်မြင့်မျိုးကူးစပ်ခြင်းနည်းလမ်း (Advanced Breeding Methods) များဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးကောင်း၊ အထွက်ကောင်း၊ သက်လျှင် ရေအနည်းလို စပါးမျိုးသစ်များ **(ယာပုံ)** ရှာဖွေခြင်းသုတေသနမှ YN- 3473, YN- 3474, YN-3475 နှင့် YN-3479 စသော အလားအလာကောင်းသော မျိုးတွဲများ ရရှိနေပြီဖြစ်ကြောင်း။

ယင်းအလားအလာကောင်း မျိုးလိုင်းသစ်များသည် စိုက်ပျိုးရေမလုံလောက်သော ဒေသများအတွက် သာမန်စပါးမျိုးများ ရေလိုအပ်ချက်ထက် (၃၀-၅၀%) ခန့်အထိ လျှော့ချနိုင်ပြီး မီသိန်းဓာတ်ငွေ့ကိုလည်း လျှော့ချနိုင်သောကြောင့် သဘာဝအရင်းအမြစ် ချွေတာနိုင်သည့်အပြင် စပါး စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင်အတွက် ဆိုးကျိုးများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။



ထိုစပါးမျိုးများကို ပျိုးနုတ်ကောက်စိုက်လျက် ရှိသော စိုက်ခင်း၌ ကြီးကြပ်နေသည့် သုတေသန ပညာရှင်များအား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ယခုအခါ ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် မိုးရွာသွန်းမှုနည်း၍ စိုက်ပျိုးရေရှားပါးလာသောကြောင့် အဆိုပါ အလားအလာကောင်း ရေအနည်းလို စပါးမျိုးမွေးမြူရွေးချယ်ခြင်း သုတေသနများ စိုက်ပျိုးရေမလုံလောက်သော မိုးစပါးစိုက်ဧရိယာများ၊ ဆည်ရေသောက်ဧရိယာများအတွက် များစွာ အကျိုးပြုနိုင်ကြောင်း၊ ဈေးကွက်အခြေခံသော သုတေသနများကိုလည်း ပိုမိုအားကောင်းစေရန် ဆောင်ရွက်သင့်ကြောင်း၊ သုတေသနနှင့် နည်းပညာ ပြန့်ပွားရေး ချိတ်ဆက်မှုများဖြစ်သော သုတေသန၊ ပညာပေးခြင်းနှင့် တောင်သူများအကြားချိတ်ဆက်မှု (Research, Extension, Farmers Linkage) အား မျိုးနှင့် နည်းပညာများကို စမ်းသပ်ခြင်း (Technology Testing) မှ စတင်ကာ ချိတ်ဆက်မှသာလျှင် တောင်သူများ လက်ခံသုံးစွဲမှု ပိုမိုမြင့်မားလာစေမည် ဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ သုတေသနပြုရရှိလာသည့် မျိုးနှင့် နည်းပညာများကို ပိုမိုလက်ခံသုံးစွဲလာရေးအတွက် သုတေသနနှင့် နည်းပညာပြန့်ပွားရေး ချိတ်ဆက်မှု ဆောင်ရွက်နေခြင်းများ ပိုမိုအားကောင်းလာစေရန် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သင့်သည်များကိုလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်ကောင်စီသည် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များနှင့် သဘောသဘာဝအနည်းငယ် ကွဲပြားမှုရှိပြီး နိုင်ငံတော်၏ ပြည်ထောင်စုအဆင့်ရုံးများ ရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကို စီမံခန့်ခွဲအုပ်ချုပ်ရခြင်းဖြစ်၍ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့် မတူညီသော အုပ်ချုပ်ရေးဆိုင်ရာ လျင်လျင်မြန်မြန်ဆောင်ရွက်ပေးရသည့် အခြေအနေမျိုးတွေ ရှိကြောင်း၊ အားလုံးသိရှိပြီး ဖြစ်သည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို အခြေအနေအရ လွှဲပြောင်းရယူခဲ့ရပြီးနောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကို သစ္စာရှိရှိဖြင့် အုပ်ချုပ်ရေးယန္တရားယိမ်းယိုင်မှုမရှိအောင် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်အပေါ်မှာလည်း အထူးပင်ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။



နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့်အချက် Road Map (၅) ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာဖြစ်သည့်အတွက် အုပ်ချုပ်ရေးယန္တရား၏ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ အောင်မြင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများမှာ ခေတ်အဆက်ဆက် မည်သို့သော အစိုးရ၊ မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးမှာပဲ ဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ်နှင့် ကျရာအခန်းကဏ္ဍမှာ တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဌာနခွဲ(၁)ရှိ ဝန်ထမ်းများကိုလည်းကောင်း **(အပေါ်ပုံ)**၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဌာနခွဲ(၂)ရှိ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဌာနခွဲ(၃)ရှိ ဝန်ထမ်းများအားလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ဌာနခွဲ(၄)ရှိ ဝန်ထမ်းများအားလည်းကောင်း၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်က နေပြည်တော်ကောင်စီရုံးဝင်းအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် ရဲဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်ခြင်းအတွက် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးသူအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာတွင် နေပြည်တော်ကောင်စီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၄၆၃၀၀၀၀ တန်ဖိုးရှိ စားသုံးဆီ၊ ကြက်ဥနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေဦးမြို့နယ် ဂုဏ်တန်ကျေးရွာအနီးမှ သိမ်းငှက်တစ်ကောင်တွေ့ရှိသဖြင့် လာရောက်အပ်နှံ

**နေပြည်တော် မတ် ၃**

ရွှေဘိုခရိုင် ရေဦးမြို့နယ် ဂုဏ်တန်ကျေးရွာနေ ဦးဝင်းဇော်ထွေးက ၎င်းကျေးရွာအနီး ယာကွက်အတွင်းမှ သိမ်းငှက်တစ်ကောင်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် တွေ့ရှိပြီး မွန်းလွဲ ၁ နာရီခန့်တွင် ရေဦးမြို့နယ် သစ်တောဦးစီးဌာနသို့ တာဝန်သိစွာဖြင့် လာရောက်အပ်နှံခဲ့သဖြင့် ဦးဝင်းဇော်ထွေးအား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀ ချီးမြှင့်၍ ယင်းသိမ်းငှက်အား ရေဦးမြို့နယ် သစ်တောဦးစီးဌာန ရုံးဝင်းအတွင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါ သိမ်းငှက်သည် ခန္ဓာကိုယ်အလျား၊ နှုတ်သီးမှ အမြီးထိ ၁ ဒသမ ၅ ပေ၊ တောင်ပံအလျား ၂ ပေ၊ အရပ်အမြင့် ၁ ပေ၊ အလေးချိန် ၁ ပေါင်ခန့်ရှိ၍ ကျောပေါ်တွင် SNSVNET 139 စာတန်းပါ Birdtracking Transmitter တစ်ခုနှင့် ခြေထောက်တွင် NS G704 MOSKVA စာတန်းပါ သံကွင်းငယ် တစ်ခုပါရှိသည်။ ယင်းသိမ်းငှက်မှာ ပျံသန်းနိုင်ခြင်း မရှိသေးပါသဖြင့် ပြုစုထိန်းသိမ်းခြင်းကို ရေဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငှက်မျိုးစိတ် ကျွမ်းကျင်သူများထံ မေးမြန်းစုံစမ်းမှုအရ ဖော်ပြပါငှက်မှာ Black- eared Kite ဖြစ်ကြောင်း သိရှိရပြီး ယင်းငှက်နှင့် စပ်လျဉ်း၍ အရှေ့အာရှ- ဩစတြေးလျဒေသ ငှက်ပျံသန်းရာ လမ်းကြောင်း ပူးပေါင်းထိန်းသိမ်းရေးအဖွဲ့ (East-Asian Australasian Flyway Partnership – EAAFP) သို့ အဆိုပါငှက်တွင် တပ်ဆင်ထားသော စက်/ အမှတ်အသားများ၏ အချက်အလက်များ (စက်အမျိုးအစား၊ စက်တပ်ဆင်ခဲ့သည့် နိုင်ငံ၊ သုတေသနဆောင်ရွက်ရသည့် ရည်ရွယ်ချက်) ကို Radio Transmitter နှင့် သတ္တုကွင်းတို့တွင် ပါဝင်သော အမှတ်အသားနှင့် ဓာတ်ပုံမှတ်တမ်းများပူးတွဲ၍ ဆက်သွယ်မေးမြန်းခဲ့ရာ EAAFP မှ Science Officer ဖြစ်သူ Dr. Zeng Qing က အဆိုပါ Black-eared Kite အား ငှက်ပျံသန်းရာ လမ်းကြောင်းကွန်ရက်နယ်မြေများ (Flyway Site Networks) တွင် အပါအဝင်ဖြစ်သည့် တရုတ်နိုင်ငံ၊ Hulun Lake National Nature Reserve မှ Backpack GPS Transmitter တပ်ဆင်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ယင်းငှက်ရွှေ့ပြောင်းပျံသန်းခဲ့သည့် လမ်းကြောင်းကို ပူးတွဲပေးပို့ပါကြောင်း၊ အဆိုပါ Black- eared Kite အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပြီး ပြန်လည်စေလွှတ်မည်ဟု သိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း အကြောင်းပြန်ကြားခဲ့သည်။



အဆိုပါငှက်မှာ စွန်မျိုးစိတ် (အင်္ဂလိပ်အမည်-Black- eared Kite) ဖြစ်ပြီး တရုတ်နိုင်ငံရှိ Hulun Lake National Nature Reserve မှ ငှက်များရွှေ့ပြောင်းပျံသန်းခြင်းကို ခြေရာခံသည့် GPS Transmitter တပ်ဆင်ပေးထားခြင်းဖြစ်ကြောင်း၊ ယင်းငှက်ကို လိုအပ်သည့် ပြုစုကုသမှုများ ဆောင်ရွက်ပြီးစီး၍ ပျံသန်းနိုင်သောအခြေအနေတွင် ပြန်လည်စေလွှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရေယာဉ်ဆိပ်ကမ်းသို့ မွန်းတည့် ၁၂ နာရီ ရောက်ရှိခဲ့သည်။ အဆိုပါရေယာဉ်သည် ယနေ့နံနက် ၇ နာရီက ဘူးသီးတောင်- ရသေ့တောင်- စစ်တွေမြို့သို့ ထွက်ခွာမည်ဖြစ်ရာ လိုက်ပါမည့် ခရီးသည် ၄၅ ဦးတို့အား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်- ၁၉ ညွှန်ကြားချက်နှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်- ရသေ့တောင်- စစ်တွေမြို့ ပြေးဆွဲနေသည့်အမြန်ရေယာဉ်များမှာ ကိုဗစ်- ၁၉ ရောဂါကြောင့် ရပ်နားထားခဲ့ရာမှ မတ် ၂ ရက်မှစတင်၍ ရေယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

အင်တာမီလန်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ပွဲစဉ်သုံးပွဲတွင် လာဇီယိုအသင်းကို သုံးဂိုး-တစ်ဂိုး၊ အေစီမီလန်အသင်းကို သုံးဂိုး- ဂိုးမရှိ၊ ဂျီနိုအာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်ကို တွေ့ရသည်။ အင်တာမီလန်အသင်းသည် အဆိုပါသုံးပွဲတွင် သွင်းဂိုး ကိုးဂိုးအထိရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးတစ်ဂိုးရှိသည်။ ထို့ကြောင့် အင်တာမီလန်အသင်းသည် ခြေစွမ်းအထူးကောင်းမွန်နေသည်ကို တွေ့ရသည်။

အင်တာမီလန်အသင်းမှ တိုက်စစ်မှူး လူကာကူသည် ယခုနှစ်ရာသီစီးရီးအေတွင် ခြေစွမ်းပြ ကစားထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး စီးရီးအေ ၂၃ ပွဲတွင် ၁၈ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ ပါးမားအသင်းမှ တိုက်စစ်မှူး ကာရာမို့က ၁၉ ပွဲတွင် နှစ်ဂိုးသာ သွင်းယူပေးထားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ပါးမားအသင်းအနေဖြင့် အင်တာမီလန်အသင်းကို တိုက်စစ်ပိုင်းတွင်သာမက ခံစစ်ပိုင်းတွင်လည်း မယှဉ်သာသည်ကို တွေ့ရသည်။ အဆိုပါနှစ်သင်း ပထမအကျော့တွင် တွေ့ဆုံစဉ်က အပြန်အလှန်သွင်းဂိုးများနှင့်အတူ တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်။

အင်တာမီလန်အသင်းသည် ယနေ့ပွဲစဉ်တွင် ဒုတိယနေရာမှ မြို့ခံ ပြိုင်ဘက် အေစီမီလန်အသင်းကို အမှတ်ဆက်လက်ဖြတ်ထားနိုင်ရန်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ကြိုးပမ်းလာဖွယ်ရှိနေသည်။ သို့သော်လည်း ပါးမားအသင်းအနေဖြင့် တန်းဆင်းဇုန် ဖိအားရှိနေသည့်အတွက် တိုက်စစ်အသားပေး ကစားလျှင် သရေတစ်မှတ်ရနိုင်ဖွယ်ရှိသည်။

**အောင်ဇော်**

# လူစုလူဝေးဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်မှုမပြုရန်နှင့် သတိပြုနေထိုင်ကြရန် သတိပေးထုတ်ပြန်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်ဆန့်ကျင်ရေးကို ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနေဖြင့် နေရာဒေသအချို့၌ ဥပဒေများအား ချိုးဖောက်ကာ သာမန်လူစုလူဝေးဖြင့် အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းကြောင်းများအား တာယာကွင်းများ အစုအပုံလိုက်ဖြင့် တားဆီးခြင်း၊ မီးရှို့ခြင်း၊ သစ်ပင်သစ်ကိုင်းများအားခုတ်လှဲ၍ လမ်းပိတ်ဆို့ခြင်း၊ ကွန်ကရစ်တုံးများချထား၍ လမ်းပိတ်ဆို့ခြင်းများ ပြုလုပ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလိ၊ လောက်လေးခွ၊ သံဆူးချွန်များဖြင့် ပစ်ခတ်ခြင်း၊ ဒေသအချို့တွင် တူမီးနှင့် လေသေနတ်များ အသုံးပြုပစ်ခတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးနှိပ်စက်ခြင်း၊ လုံခြုံရေးကင်မရာ (CCTV) များအား ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ယာဉ်များအား ဖျက်ဆီးခြင်း စသည့် လုပ်ငန်းများကို အကြမ်းဖက် အဖွဲ့အစည်းပုံစံဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



### ဆူပူအကြမ်းဖက်

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့တွင် ဆူပူအကြမ်းဖက် ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်း၊ လှိုင်၊ ရန်ကင်း၊ တာမွေ၊ အင်းစိန်၊ သာကေတနှင့် ဒဂုံ (တောင်)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ မြင်းခြံ၊ မိတ္ထီလာနှင့် ပြင်ဦးလွင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ရွှေဘိုနှင့် မုံရွာမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေး၊ စလင်းနှင့် တောင်တွင်းကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ မြန်အောင်နှင့် ဝါးခယ်မမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့နယ်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ချင်းပြည်နယ် ဟားခါးမြို့နယ်တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းစွာဆန္ဒပြမှုများအား အချိန်ကာလတစ်ခုအထိ စိတ်ရှည်သည်းခံစွာ စောင့်ကြည့်ထိန်းသိမ်းခဲ့သော်လည်း လက်ရှိကာလတွင် နေရာဒေသအချို့၌ ဆောင်ရွက်နေမှုများသည် သာမန်ဆူပူမှုအဆင့်ထက် ကျော်လွန်ကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြုပြီး အကြမ်းဖက်မှုပုံသဏ္ဌာန်သို့ ပြောင်းလဲဆောင်ရွက်လာသည့် အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

### လိုက်ပါဆောင်ရွက်မှုမပြုရန်

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းဖြိုခွဲရေးလက်နက်များကိုသာ အသုံးပြုပြီး ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။ သို့ဖြစ်၍ ပြည်သူလူထု၏ လုံခြုံတည်ငြိမ်အေးချမ်းသာယာရေးကိုရှေးရှု၍ လူစုလူဝေးဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် လိုက်ပါ ဆောင်ရွက်မှုမပြုဘဲ ရှောင်ကြဉ်ရန်နှင့် ဂရုပြုနေထိုင်သွားကြပါရန် အသိပေးထားကြောင်းသိရသည်။

**သတင်းစဉ်**









# ကာကွယ်ဆေးသည် သက်ကြီးပိုင်းများ၏ ကိုဗစ်-၁၉ ဖြစ်ပွားမှုကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနတစ်ခုတွင် ဖော်ပြ

လန်ဒန် မတ် ၃

**ဗြိတိန်အစိုးရ၏ လေ့လာမှုတစ်ခုတွင် ဖိုက်ဇာနှင့် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးလုံးသည် အသက် ၈၀ ကျော်အရွယ် သက်ကြီးရွယ်အိုများ၏ ကိုဗစ်-၁၉ ဖြစ်ပွားခြင်းကြောင့် ဆေးရုံတက်ရောက်ရခြင်းကို ၈၀ ရာခိုင်နှုန်းကျော် ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း ဖော်ပြထားသည်။**



အင်္ဂလန်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဆေးဝန်ထမ်းတစ်ဦးက စမ်းသပ်နေသည်ကို တွေ့ရစဉ်။

အင်္ဂလန်ပြည်သူ့ကျန်းမာရေးအဖွဲ့က ကိုဗစ်–၁၉ အတည်ပြုကူးစက်မှုကြောင့် ဆေးရုံတက်ရောက်ရသူများနှင့် သေဆုံးသူပမာဏများ ပါဝင်သော အချက်များကို ထုတ်ပြန်လိုက်သည်။

ကာကွယ်ဆေးနှစ်မျိုးအနက် ကာကွယ်ဆေးတစ်မျိုးမျိုးကို တစ်ကြိမ်ထိုးထားပြီးနောက် သီတင်းပတ်သုံးပတ်မှလေးပတ်ကြာပါက ဆေးရုံတက်ရောက်ကုသရခြင်းကို ၈၀ ရာခိုင်နှုန်းကျော် ကာကွယ်ပေးကြောင်း ထုတ်ပြန်ဖော်ပြချက်တွင် ဖော်ပြထားသည်။ ဖိုက်ဇာကာကွယ်ဆေးသည် ကိုဗစ်– ၁၉ ကြောင့် သေဆုံးခြင်းကို ၈၃ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားလိုက်သည်။

သို့သော်လည်း အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေး၏ သေဆုံးနှုန်းလျှော့ကျနိုင်သည့် အချိုးအစားကို ဖော်ပြထားခြင်း မရှိသေးကြောင်း သိရသည်။ သို့သော်လည်း သက်ကြီးပိုင်းများတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ၆၀ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းကြား လျှော့ချနိုင်သည်ဟု သိရသည်။

ဗြိတိန်သည် ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ် ကိုဗစ်–၁၉ ကာကွယ်ဆေးကို လွန်ခဲ့သော ဒီဇင်ဘာလမှ စတင်ကာ စတင်ထိုးနှံခဲ့သည်။ အက်စ်ထရာဇနီကာနှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ထုတ်လုပ်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဇန်နဝါရီလတွင် စတင်သုံးစွဲခဲ့သည်။

အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများတွင် ဖိုက်ဇာ ကိုဗစ်–၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီး သီတင်းပတ်လေးပတ်ကြာပြီးနောက် ကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားမှုကို ၅၇ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းကြား လျှော့ချနိုင်ကြောင်း သိရသည်။

သို့သော်လည်း ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံခြင်းသည် ကာကွယ်ဆေးကို ပိုမိုအစွမ်းထက်ရန်နှင့် အချိန်ကြာကြာ ခုခံကာကွယ်နိုင်ရေးအတွက် အလွန်အရေးကြီးကြောင်း အဆင့်မြင့်ဗြိတိန်ကျန်းမာရေးအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

အင်္ဂလန်ပြည်သူ့ကျန်းမာရေးမှ တခြားအရာရှိတစ်ဦးက ကာကွယ်ဆေးနှစ်မျိုး၏ ကူးစက်မှုလျှော့ချမှုကိုနားလည်ရန် ပိုမိုကြိုးစားလုပ်ဆောင်သွားရဦးမည်ဖြစ်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ချီလီနိုင်ငံတွင် လူပေါင်း ၃ ဒသမ ၅ သန်းကျော် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့

**ဆန်တီယာဂို မတ် ၃**

ချီလီနိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးအမြောက်အမြားထိုးနှံမှုစတင်ကတည်းက တစ်လနီးပါးအတွင်း လူပေါင်း ၃ ဒသမ ၅ သန်းကျော်အား ကိုဗစ်–၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၃၅၁၂၂၆၀ ဦးအထိ ရှိလာခဲ့သည်။ ၎င်းတို့အနက် အသက် ၆၀ ကျော်ဦးရေမှာ ၂၂၅၉၀၁၃ ဦးဖြစ်သည်။

ကာကွယ်ဆေးထိုးနှံခြင်းသည် စီစဉ်ထားသည့်အတိုင်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အန်းရစ်ပဲရစ်က မတ် ၂ ရက်တွင် ပြောကြားလိုက်သည်။ မိမိတို့သည် ယခုလုပ်ငန်းစဉ်ကို ဦးစားပေးအုပ်စုများ အားလုံးမတ်လကုန်တွင် ကာကွယ်ဆေးထိုးနှံနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ချီလီသည် ဒီဇင်ဘာလအကုန်တွင် ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ပြီး မတ် ၃ ရက်တွင် အသက် ၉၀ ကျော်နှင့်အထက် သက်ကြီးဘိုးဘွားများကို ကာကွယ်ဆေးများစတင်ထိုးနှံပေးခဲ့သည်။

ချီလီနိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြုဖြစ်ပွားသူပေါင်း ၈၃၂၅၁၂ ဦးရှိပြီး ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၂၀၆၈၄ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**ဆင်ဟွာ**



ချီလီနိုင်ငံ ဆန်တီယာဂိုတွင် အမျိုးသားတစ်ဦး ခရီးဝေးသွားရန် ဘတ်စ်ကားမှတ်တိုင်တွင် ကိုဗစ်–၁၉ အမြန်စစ်ဆေးမှုကို ခံယူနေသည်ကို တွေ့ရစဉ်။



တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်–၁၉ စစ်ဆေးမှုခံယူရန် သတ်မှတ်စည်းကမ်းများကို လိုက်နာပြီး လူများ စီတန်းနေသည်ကို တွေ့ရစဉ်။

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၄၄ ဦးရှိ

**ဆိုးလ် မတ် ၃**

တောင်ကိုရီးယားနိုင်ငံတွင် မတ် ၂ ရက်ည သန်းခေါင်အချိန်အထိ ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၄၄ ဦးရှိလာခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသည့်အရေအတွက် ၉၀၈၁၆ ဦးအထိ တိုးလာခဲ့သည်။ ယမန်နေ့ကထက်ကိုဗစ်–၁၉ကူးစက်ဖြစ်ပွားမှု ၃၄၄ ဦးအထိ တိုးလာခဲ့ကြောင်း သိရသည်။

ဆိုးလ်နှင့် အနီးဝန်းကျင် ချုံဂျီပြည်နယ်များတွင် နိုင်ငံခြားပြန် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် အစုလိုက် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများကြောင့် နေ့စဉ်ကိုဗစ်–၁၉ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သောနှစ် နိုဝင်ဘာ ၈ ရက်ကတည်းကစကာ ၁၀၀ ကျော်လာခဲ့သည်။

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၁၆ ဦးမှာဆိုးလ်မြို့ဒေသခံများဖြစ်ကြပြီး၂၁၈ဦးမှာ ချုံဂျီပြည်နယ်တွင် နေထိုင်သူများဖြစ်ကြသည်။ ၁၈ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ကြသည်။ ခြောက်ဦးထပ်မံသေဆုံးကြောင်း အတည်ပြုဖော်ပြခဲ့ပြီး စုစုပေါင်း သေဆုံးသူဦးရေမှာ ၁၆၁၂ ဦးဖြစ်သည်။ လူနာ ၃၆၂ ဦးမှာ သီးသန့်ကန့်သတ်စောင့်ကြည့်မှုမှ ကင်းလွတ်သွားပြီဖြစ်ပြီး စုစုပေါင်းကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန် လာသူ ၈၁၇၀၀ ရှိသည်။ စုစုပေါင်းပြန်လည်ကောင်းမွန်လာသည့်ပမာဏမှာ ရောဂါဖြစ်ပွားမှု၏ ၈၉ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည်။

နိုင်ငံအတွင်း ကိုဗစ်– ၁၉ စစ်ဆေးမှုပေါင်း ၆ ဒသမ ၇၁ သန်းကျော်ပြုလုပ်ခဲ့သည်။ ၎င်းတို့အနက် ၆၅၅၉၅၂၀ မှာ ကိုဗစ်–၁၉ ကင်းစင်ကြောင်းသိရပြီး ၆၅၈၆၇ ဦးကို စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၆ ရက်က ကိုဗစ်–၁၉ ကာကွယ်ဆေးအမြောက်အမြား စတင်ထိုးနှံပေးခဲ့သည့်အချိန်ကတည်းကစကာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံပြီးသူ ၈၇၄၂၈ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ဘရာဇီးဂန္ထဝင်ဘောလုံးအကျော်အမော် ပီလီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့

**ဆော်ပေါ်လို မတ် ၃**

ဘရာဇီးဂန္ထဝင်ဘောလုံးအကျော်အမော်ပီလီက ကိုဗစ်–၁၉ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး လုံးဝမမေ့နိုင်စရာဖြစ်ကြောင်းနှင့် ကပ်ရောဂါအဆုံးသတ်ရန်အတွက် တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေး စတင်ထိုးနှံခြင်းပြုလုပ်ပြီးနောက် သီတင်းပတ်ခြောက်ပတ်ကြာ မတ် ၂ ရက်တွင် အသက် ၈၀ အရွယ်ရှိ ပီလီသည် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

ကပ်ရောဂါသည်အဆုံးမသတ်သေးကြောင်း၊ လူ့အသက်များကို ကယ်တင်ရန် မိမိတို့အနေဖြင့် စည်းကမ်းများကိုဆက်လက်လိုက်နာကြရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ မိမိတို့အနေဖြင့် တစ်ယောက်ကိုတစ်ယောက် စဉ်းစားပေးလျှင် တစ်ယောက်ကိုတစ်ယောက်ကူညီခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပီလီသည် မည်သည့်ကာကွယ်ဆေးအမျိုးအစားကို ထိုးနှံမှုခံယူခဲ့သည် သို့မဟုတ် ပထမအကြိမ်ထိုးနှံမှုခံယူခြင်းလား သို့မဟုတ် ဒုတိယအကြိမ် ထိုးနှံမှုခံယူခြင်းလားဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

ပီလီသည် မကြာသေးမီနှစ်များက ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ခဲ့သည်။ လွန်ခဲ့သောနှစ် မတ်လက ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပေါ်နေကြောင်း ကြေညာခဲ့ပြီးနောက် ၎င်းအနေဖြင့် တစ်ဦးတည်းသီးခြားခွဲနေထိုင်ခဲ့သည်။ ပီလီသည်ကမ္ဘာပေါ်တွင် ကမ္ဘာ့ဖလားသုံးကြိမ် ရရှိခဲ့ဖူးသည့် တစ်ဦးတည်းသော ဘောလုံးအကျော်အမော်ဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကန့်သတ်ချက်ဖြေလျှော့ပေးမှုများကြောင့် တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဝေဖန်မှုများနှင့်ကြုံတွေ့နေရ

နှင်းမိုးအိမ်

အမေရိကန်ပြည်ထောင်စုတွင် ကျန်းမာရေးကျွမ်းကျင်သူများနှင့် အစိုးရအရာရှိများက ဝိုင်းဝန်းဝေဖန်နေသည့်ကြားမှ တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အတွင်း မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ကို ဖြေလျှော့ပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြန်လည်စတင်ရန်လည်း ခွင့်ပြုပေးခဲ့သည်။



ဇွန်လအတွင်း တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်၍ သွားလာနေကြသူများကို တွေ့ရစဉ်။

**၁၀၀ ရာခိုင်နှုန်းလည်ပတ်နိုင်မည်**

မတ်လ ၃ ရက်မှ စတင်ကာ မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့်အမိန့်ကို ဖယ်ရှားပေးလိုက်ပြီး စီးပွားရေးလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို ကျန်းမာရေးကျွမ်းကျင်သူများနှင့် အစိုးရအရာရှိများက အချိန်မတန်သေးဘဲ ခွင့်ပြုပေးလိုက်သည့်ဆုံးဖြတ်ချက်ဟု ဝေဖန်ခဲ့ကြသည်။

**အဆုံးသတ်ရတော့မည့်အချိန်**

ပြည်သူ့ကျန်းမာရေးအရာရှိများက ဗီဇပြောင်း ကိုဗစ် –၁၉ မှာကူးစက်မှုပိုမိုလျင်မြန်ပြီး ကူးစက်ပျံ့နှံ့လာနိုင်သည်ဟု သတိပေးထားကြပြီးနောက် မကြာမီတွင် တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အာဘတ်စ်၏ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ တက္ကဆက်ပြည်နယ်သားအများအပြားမှာ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာလည်း အကြွေးဆပ်ရန် ရုန်းကန်လာရသည်။ ယခုအချိန်သည် အဆိုပါကိစ္စရပ်များအားလုံးအဆုံးသတ်ရတော့မည့်အချိန်ဟု တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

**မဖြစ်မနေပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့်အမိန့်ကို ရုပ်သိမ်းပေး**

ယခု သီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် –၁၉ ကူးစက်မှုများ ပုံမှန်ကျဆင်းလာပြီး ဒုတိယလူဦးရေအထူထပ်ဆုံးပြည်နယ်ဖြစ်သည့် တက္ကဆက်ပြည်နယ်တွင်မူကူးစက်မှုအနည်းငယ် တိုးလာသည်ကို တွေ့ရသည်။ မတ်လ ၂ ရက်တွင် တက္ကဆက်ပြည်နယ်၌ ကိုဗစ် –၁၉ ကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူ နေကြသူ ၆၀၀၀ ကျော်ရှိသည်။ လူပေါင်း ၁၇၀၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြရသည်။ မတ် ၂ ရက်တွင် မစ္စစ္စပီ အုပ်ချုပ်ရေးမှူး တိပ်ရိဗ်က ပြည်နယ်အတွင်း မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်း ဝတ်ဆင်ရမည့်အမိန့်ကို ရုပ်သိမ်းပေးခဲ့သည်။ ပြည်နယ်အတွင်း ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူအရေအတွက်မှာ ကျဆင်းလာပြီဖြစ်ပြီး ကူးစက်မှုနှုန်းမှာလည်း သိသိသာသာကျဆင်းလာသည့်အတွက် ယင်းကန့်သတ်ချက်ကို ဖြေလျှော့ပေးလိုက်ရခြင်းဖြစ်သည်ဟု အုပ်ချုပ်ရေးမှူး တိပ်ရိဗ်က ပြောသည်။

**အခြားပြည်နယ်များတွင်လည်း ဖြေလျှော့ပေး**

ယခုအခါ တက္ကဆက်ပြည်နယ်နှင့်အခြားသောပြည်နယ်များတွင် ကိုဗစ် –၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးနေပြီ ဖြစ်သည်။ ယခုသီတင်းပတ်အတွင်း အခြားသောပြည်နယ်များနှင့် မြို့နယ်များတွင် ကိုဗစ် –၁၉ကန့်သတ်တားမြစ်ချက်များကို စတင်ဖြေလျှော့နေပြီဖြစ်သည်။ မဖြစ်မနေပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရမည့် အမိန့်ကို ဖြေလျှော့ပေးသကဲ့သို့လည်း စားသောက်ဆိုင်များတွင် လူဦးရေကန့်သတ်ချက်ဖြင့် ဆိုင်ထိုင်စားသောက် ခွင့်ပြုခြင်းကိုလည်း ဖြေလျှော့ပေးလာသည်။ ဗဟိုအစိုးရမှအရာရှိများက ပြည်သူများကြားတွင် ကိုဗစ် –၁၉ ကူးစက်မှုများ ထပ်မံများပြားလာနိုင်သေးသည့်အတွက် သတိထားကြရန် ပြောဆိုထားသော်လည်း ဖျော်ဖြေရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပေးလာသည်။ တက္ကဆက်ပြည်နယ်နှင့် မစ္စစ္စပီပြည်နယ်အုပ်ချုပ်ရေးမှူးတို့မှာမူ ကန့်သတ်ချက်အချို့ကို ဖြေလျှော့ပေးလာသည်။ မက်ဆာချူးဆက်၊ မြောက်ကာရိုလိုင်းနားနှင့် ဗာဂျီးနီးယားနှင့် အချို့သောပြည်နယ်တို့တွင်လည်း ကန့်သတ်ချက်အချို့ ဖြေလျှော့လာသည်ကို တွေ့ရသည်။

**ထောက်ပြပြောဆို**

တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အာဘတ်စ်၏ ဆုံးဖြတ်ချက်ကို ဟူစတန်မြို့မှ အရာရှိများက ချက်ချင်းရှုတ်ချခဲ့ကြသည်။ ဟူစတန်မြို့တော်ဝန် ဆယ်လ်ဗက်စတာတန်နာကလည်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ လုပ်ရပ်ကို ဝေဖန်ခဲ့သည်။ မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်အမိန့်ကို ဖယ်ရှားပေးရေးအတွက် သိပ္ပံနည်းကျနှင့် ဆေးဘက်ဆိုင်ရာ အချက်အလက်များမရှိကြောင်း ဟူစတန်မြို့တော်ဝန်ကပြောကြားခဲ့သည်။

ထို့ပြင် ဟူစတန်မြို့၌ ဆေးရုံတက်ကာ ကုသမှုခံယူနေရသူအရေအတွက်မှာလည်း ဆက်လက်များပြားဆဲဟု ထောက်ပြပြောဆိုခဲ့သည်။ ယင်းအချိန်တွင် ယခုကဲ့သို့ဆုံးဖြတ်ချက် ချလိုက်ခြင်းမှာ တက္ကဆက်ပြည်နယ်ကို လမ်းကြောင်းမှားပေါ်သို့ တင်ပေးလိုက်သလိုပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

**ဖယ်ရှားပေးဖွယ်ရှိ**

ထို့ကြောင့် ပြည်နယ်အတွင်းရှိ ကဏ္ဍပေါင်းစုံမှ အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်ကို ဝေဖန်ရှုတ်ချကြရန် လိုအပ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။ တက္ကဆက်နှင့် မစ္စစ္စပီ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ကမူ လက်ရှိကန့်သတ်ချက်များကို ဖြေလျှော့ပေးရခြင်းမှာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးရေးအစီအမံများနှင့် ကူးစက်မှုနှုန်း ကျဆင်းလာခြင်းတို့ကြောင့်ဖြစ်သည်ဟု မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန် အမိန့်ကို ရုပ်သိမ်းလိုက်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။

အာကင်ဆော အုပ်ချုပ်ရေးမှူးသည်လည်း ကန့်သတ်ချက်အားလုံးနီးပါးကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဖယ်ရှားပေးခဲ့ပြီး ၎င်းတို့ ပြည်နယ်အတွင်း မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်အမိန့်ကို မတ် ၃၁ ရက်တွင် ဖယ်ရှားကောင်း ဖယ်ရှားပေးဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

ယခုအခါ ပြည်သူများသည် ရောဂါကူးစက်မှုလျော့ကျအောင် မည်သို့နေထိုင်ရမည်ကို သိရှိနားလည်လာကြပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ဖိအားများနှင့် ရင်ဆိုင်နေရ**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည်လည်း ကိုဗစ် –၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် အဘက်ဘက်မှ ဖိအားများနှင့် ရင်ဆိုင်နေရသည်။ ကာကွယ်ဆေးထိုးနှံပေးမှုအရှိန်ကို မြှင့်တင်နိုင်ရေးအတွက်လည်း မျှော်လင့်ထားလျက်ရှိသည်။ မေလအကုန်တွင် အမေရိကန်နိုင်ငံသားတိုင်း ကာကွယ်ဆေးထိုးနိုင်ရေးအတွက် ကိုဗစ် – ၁၉ ကာကွယ်ဆေးလုံလောက်မှုရှိစေရေး ဆောင်ရွက်သွားမည်ဟု မတ် ၂ ရက်တွင် သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

**ဦးစားပေးအစီအစဉ်ဖြစ်**

ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် မာ့ခ်သည် Johnson & Johnson ကာကွယ်ဆေးထုတ်လုပ်မှုအတွက် ကူညီပေးသွားမည်ဟု သမ္မတဘိုင်ဒင်က ပြောသည်။ Johnson & Johnson ကာကွယ်ဆေးမှာ ဆေးတစ်ကြိမ်သာ ထိုးနှံရန်လိုအပ်သည်။ ကိုဗစ်– ၁၉ ကပ်ရောဂါအဆုံးသတ်စေရေးမှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ ဦးစားပေးအစီအစဉ်ဖြစ်သည်။ မတ် ၂ ရက်က ကြေညာမှုကိုကြည့်လျှင် သမ္မတဘိုင်ဒင်အစိုးရအဖွဲ့မှာ ကိုဗစ် –၁၉ ကပ်ရောဂါကိုနှိမ်နင်းနိုင်ရေးအတွက် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး ကပ်ရောဂါနှိမ်နင်းရာတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်နေရသည်။ ။ **ကိုးကား – ဝါရှင်တန်ပို့စ်**

> "တက္ကဆက်ပြည်နယ်နှင့် အခြားသော ပြည်နယ်များတွင် ကိုဗစ် –၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးနေပြီ ဖြစ်သည်။ ယခုသီတင်းပတ်အတွင်း အခြားသော ပြည်နယ်များနှင့် မြို့နယ်များတွင် ကိုဗစ် – ၁၉ ကန့်သတ်တားမြစ်ချက်များကို စတင်ဖြေလျှော့နေပြီ ဖြစ်သည်။ မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရမည့်အမိန့်ကို ဖြေလျှော့ပေးသကဲ့သို့လည်း စားသောက်ဆိုင်များတွင် လူဦးရေကန့်သတ်ချက်ဖြင့် ဆိုင်ထိုင်စားသောက် ခွင့်ပြုခြင်းကိုလည်း ဖြေလျှော့ပေးလာသည်"

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ၃-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၃၇၁၅၂၀ | ၁၉၉၀၅၅၃၈ | ၅၂၉၂၂၄ |
| ၂။ | အိန္ဒိယ | ၁၁၁၃၉၅၁၆ | ၁၀၈၁၂၀၄၄ | ၁၅၇၃၈၅ |
| ၃။ | ဘရာဇီး | ၁၀၆၄၇၈၄၅ | ၉၅၂၇၁၇၃ | ၂၅၇၅၆၂ |
| ၄။ | ရုရှား | ၄၂၇၈၇၅၀ | ၃၈၅၃၇၃၄ | ၈၇၃၄၈ |
| ၅။ | ဗြိတိန် | ၄၁၈၈၄၀၀ | ၃၀၀၅၇၂၀ | ၁၂၃၂၉၆ |
| ၆။ | ပြင်သစ် | ၃၇၈၃၅၂၈ | ၂၅၉၈၉၃ | ၈၇၂၂၀ |
| ၇။ | စပိန် | ၃၁၃၀၁၈၄ | ၂၇၂၂၃၀၄ | ၆၉၈၀၁ |
| ၈။ | အီတလီ | ၂၉၅၅၄၃၄ | ၂၄၂၆၁၅၀ | ၉၈၂၈၈ |
| ၉။ | တူရကီ | ၂၇၂၃၃၁၆ | ၂၅၈၆၀၇၃ | ၂၈၇၀၆ |
| ၁၀။ | ဂျာမနီ | ၂၄၆၂၀၆၁ | ၂၂၇၄၄၀၀ | ၇၁၃၂၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၄၃၈၃၄ | ၁၁၆၉၉၁၆ | ၃၆၇၂၁ |
| ဖိလစ်ပိုင် | ၅၈၂၂၃ | ၅၃၄၇၇၈ | ၁၂၃၈၉ |
| မလေးရှား | ၃၀၅၈၈၀ | ၂၈၀၇၀၇ | ၁၁၄၈ |
| မြန်မာ | ၁၄၁၉၈၄ | ၁၃၁၅၃၉ | ၃၁၉၉ |
| စင်ကာပူ | ၅၉၉၇၉ | ၅၉၈၄၉ | ၂၉ |
| ထိုင်း | ၂၆၁၀၈ | ၂၅၄၈၃ | ၈၄ |
| ဗီယက်နမ် | ၂၄၈၂ | ၁၈၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၈၇၈ | ၄၈၂ | ၀ |
| ဘရူနိုင်း | ၁၈၇ | ၁၈၁ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၉၄,၇၄၉) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၉၈၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၅၃၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှု များသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ခေတ္တထိန်းသိမ်းထားသူများအား ငွေကြေးပေး၍ ပြန်လည်စေလွှတ်သည်ဆိုသည့် သတင်းများသည် ကောလာဟလသတင်းများသာဖြစ်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်အစိုးရအား နည်းမျိုးစုံဖြင့်ဆန့်ကျင်ရေး ဆောင်ရွက်နေသော အစုအဖွဲ့များအနေဖြင့် လူငယ်ထုအား ရည်မှန်းချက်ထားရှေ့တန်းတင်ကာ နေရာအနှံ့အပြားတွင် ဆူပူမှုများ မဖြစ်မနေဖြစ်ပွားစေရန်၊ လူငယ်ထုအား လမ်းပေါ်ရောက်ရှိအုံကြွစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံစေရေးတို့အတွက် သွေးထိုးလှုံ့ဆော် ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ထိပ်တိုက်တွေ့ဆုံစေရေး ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးအား ထိခိုက်ဒဏ်ရာရရှိမှုနည်းပါးစေရေးနှင့် လူစုလူဝေးပြိုကွဲစေရေးကိုသာ အဓိကထားဆောင်ရွက်၍ ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို စိစစ်ဖော်ထုတ်နိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာများတွင် ဆူပူဆန္ဒပြသူအချို့ကို ဖမ်းဆီးထိန်းသိမ်းရခြင်း၊ ကျူးလွန်သည့်ဖြစ်စဉ်ပါ လမ်းကြောင်းပိတ်ဆို့ ဆောင်ရွက်ခဲ့သည့်ယာဉ်များ၊ ဆိုင်ကယ်များကို ခေတ္တထိန်းသိမ်းရခြင်းတို့ကို ဆောင်ရွက်ရပြီး ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများကို ထိန်းသိမ်းစဉ် ကိုယ်ရေးရာဇဝင်စိစစ်မှုများကို ပြုလုပ်ပြီး ဦးစီးခေါင်းဆောင်ပြုလုပ်သူ ဟုတ်/မဟုတ်နှင့် ဆက်စပ်သတင်းရရှိရေးများကို ညှဉ်းပန်းနှိပ်စက်မှု (လုံးဝ) မရှိဘဲစစ်မေးခြင်း၊ မှတ်တမ်းထားရှိခြင်းများကို လုပ်ထုံး/လုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ စစ်မေးတွေ့ရှိချက်များအပေါ်မူတည်ကာ နိုင်ငံတော်အစိုးရဆန့်ကျင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရေးအတွက် ဦးတည်လုပ်ဆောင်နေသည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကိုသာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အများစုသောလူငယ်ထုများ၊ ပညာသင်ကြားနေဆဲ လူငယ်များ၊ ပြင်ပပုဂ္ဂလိက ဝန်ထမ်းများကို ၎င်းတို့၏ အနာဂတ်နှင့်ဘဝ မပျက်စီးစေရေး၊ မိဘဆွေမျိုးများ၏ စိုးရိမ်ပူပန်မှုများ လျော့နည်းစေရေးတို့အတွက် သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးတာဝန်ရှိသူများ၏ ပူးပေါင်းညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် ခေတ္တဖမ်းဆီးထိန်းသိမ်းထားရှိရာ နေရာများတွင် လိုအပ်သော (ခံဝန်)လက်မှတ်ရေးထိုးကာ ၎င်းတို့၏ နေရပ်များ ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ စာနာထောက်ထားစွာဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း သတင်းမီဒီယာအချို့မှလည်းကောင်း၊ Facebook လူမှုကွန်ရက်တို့မှ လည်းကောင်း ပြန်လည်စေလွှတ်ပေးခြင်းခံရသူများအနေဖြင့် တစ်ဦးလျှင် ငွေကြေးမည်ရွေ့မည်မျှပေးရသည်၊ ဆိုင်ကယ်/ ကားတစ်စီးလျှင် မည်ရွေ့မည်မျှပေးရသည်ဆိုသည့် ကောလာဟလသတင်းအမှားများကို ထုတ်ပြန်နေသည်။

ပြန်လည်စေလွှတ်ပေးသည့် ဖြစ်စဉ်ဖြစ်ရပ်များအားလုံးတွင် ငွေကြေးများပေးရသည်ဆိုသည့် သတင်းများသည် နိုင်ငံတော်အစိုးရဆန့်ကျင်ရေးအုပ်စုမှ ဆောင်ရွက်လျက်ရှိသည့် ကောလာဟလသတင်းအမှားများသာဖြစ်ကြောင်းနှင့် သတင်းမီဒီယာများအနေဖြင့် (ကျင့်ဝတ်)နှင့်အညီ ရပ်တည်ကာ မှန်ကန်သောသတင်းများကိုသာ စိစစ်ထုတ်ပြန်ရန်နှင့် တစ်ဖက်သတ် မမှန်ကန်သော သတင်းအမှားများကို မထုတ်ပြန်သင့်ကြောင်း အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ ဆူပူအော်ဟစ်ဆန္ဒပြသူများကို လူစုခွဲသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်

**နေပြည်တော် မတ် ၃**

မုံရွာမြို့၌ ဆူပူအော်ဟစ်ဆန္ဒပြသူများကို လူစုခွဲသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ခံခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မုံရွာမြို့ ထန်းတောရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဘုရားနီလမ်းဆုံအနီး၌ ဦးဆောင်သူ (စိစစ်ဆဲ)ပါ ဆန္ဒပြလူစုလူဝေးအင်အား ၃၀၀၀ ကျော်ခန့်သည် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ဆူပူအော်ဟစ် ဆန္ဒပြနေသဖြင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် ဥပဒေနှင့်အညီ သွားရောက်တားမြစ်ခဲ့ပါကြောင်း။ ထိုသို့ လူစုခွဲရန် အကြိမ်ကြိမ်တားမြစ်ခဲ့သော်လည်း ဆန္ဒပြလူစုလူဝေးအနေဖြင့် လိုက်နာမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလိများ၊ လေသေနတ်များ၊ ဖန်ဂေါ်လီနှင့် မူလီခေါင်းများကို လောက်လေးခွများဖြင့် ပစ်ခတ်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း။

ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် ထိန်းမနိုင်သိမ်းမရ အကြမ်းဖက်ဆန်စွာ ပြုမူလာသည့် အခြေအနေများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မီးခိုးဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်များအသုံးပြုကာ ပစ်ခတ်လူစုခွဲခဲ့ရကြောင်း၊ ပစ်ခတ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း နီးကပ်စွာတည်ရှိနေမှုကြောင့် ဆူပူဆန္ဒပြသူ အမျိုးသား (နှစ်ဦး) (စိစစ်ဆဲ) မှာ ရရှိသော ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်(တစ်ဦး)မှာ ဆန္ဒပြသူလူအုပ်စုအတွင်းမှ ပစ်ခတ်သည့် ဂျင်ကလိ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း။



ဖြစ်စဉ်တွင် သေဆုံးသူ အမျိုးသား(နှစ်ဦး)အား ဆေးရုံသို့ပို့ဆောင်ထားရှိကာ သက်ဆိုင်ရာ ရဲစခန်း၌ (သေမှုသေခင်း) ရေးဖွင့်ပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ အကြမ်းဖက်သူလူတစ်စုက ရဲတပ်ဖွဲ့သုံးမော်တော်ယာဉ်အား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၃**

မြိတ်မြို့၌ အကြမ်းဖက်သူလူတစ်စုက ရဲတပ်ဖွဲ့သုံးမော်တော်ယာဉ်အား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မြိတ်မြို့အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် မသင်္ကာဖွယ်လူတစ်စု ရောက်ရှိနေကြောင်း ယနေ့နံနက်ပိုင်းတွင် သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့အတွင်း လုံခြုံရေးဖြန့်ခွဲ ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်နေစဉ် မသင်္ကာဖွယ်လူ(နှစ်ဦး) (စိစစ်ဆဲ)သည် မော်တော်ဆိုင်ကယ်ဖြင့် မြိတ်မြို့ ဈေးတန်းရပ်ကွက် ရုံးတောင်လမ်းရှိ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် (အရန်) ထားရှိသည့် ရဲတပ်ဖွဲ့ပိုင်ယာဉ်အမှတ် (1C/ 2621)၊ Faw ယာဉ်၏ မော်တော်ယာဉ်ခေါင်းခန်းအတွင်းသို့ မီးကွင်းများ ပစ်ထည့်ကာ ထွက်ပြေးသွားခဲ့ကြောင်း။ မီးကွင်းများ အပစ်ခံရမှုကြောင့် ယာဉ်၏ဦးခေါင်းပိုင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်ယာဉ်(နှစ်စီး)ဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း။ မီးကွင်းပစ်ထွက်ပြေးသူများကို သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။



အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လိုသူများအနေဖြင့် ဆန္ဒပြလူစုလူဝေးတွင် ပါရှိလာပြီး မြို့နယ်များအတွင်း ယာဉ်အန္တရာယ်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အသုံးပြုလျက်ရှိသည့် CCTV ကင်မရာများကိုဖျက်ဆီးခြင်း၊ ယာဉ်ထိန်းအချက်ပြအဆောက်အဦများကို ရိုက်ချိုးဖျက်ဆီးခြင်း အပါအဝင် ပြည်သူပိုင်ပစ္စည်းများကို အကြောင်းမဲ့စွာဖြင့် အကြမ်းဖက်အဖွဲ့ဆန်ဆန် လုပ်ဆောင်လာနေသည်ကို တွေ့မြင်ရပြီး သာမန်ပြည်သူလူထုအနေဖြင့် ၎င်းအဖျက်အမှောင့်လုပ်ရပ်များတွင် ပါဝင်မှုမရှိဘဲ သတိပြုရှောင်ကြဉ်ကြပါရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်အနီး ဆူပူဆန္ဒပြသူအချို့က လမ်းမပေါ်တွင် မီးရှို့တားဆီး







**နေပြည်တော် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်အနီး၌ ယနေ့တွင် ဆူပူဆန္ဒပြသူအချို့က အုပ်စုဖွဲ့၍ ဆူပူဆန္ဒပြမှုများ ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များလာရောက်၍ လူစုခွဲမှုများ မပြုလုပ်နိုင်ရန် ကားလမ်းမပေါ်တွင် အတားအဆီးများ ပိတ်ဆို့ခဲ့သည်။ ၎င်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဘေးအန္တရာယ်ဖြစ်ပွားစေရန်နှင့် ရပ်ကွက်အတွင်းရှိ အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများကိုပါ ဆူပူမှုတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် ကားလမ်းပေါ်တွင် တာယာကွင်းများချထား၍ မီးရှို့မှုများကိုပါ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အများပြည်သူအသုံးပြုလျက်ရှိသော လမ်းများပေါ်တွင် အတားအဆီးများ ပိတ်ဆို့ခြင်း၊ မီးရှို့ခြင်းများပြုလုပ်ခြင်းသည် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့တွင် ဆူပူဆန္ဒပြသူလူအုပ်စုက ရဲတပ်ဖွဲ့ဝင်(နှစ်ဦး)အား ဖမ်းဆီးခေါ်ဆောင်၍ အကြမ်းဖက်မှုများလုပ်ဆောင်

**နေပြည်တော် မတ် ၃**

ပြင်ဦးလွင်မြို့တွင် ဆူပူဆန္ဒပြသူလူအုပ်စုက ရဲတပ်ဖွဲ့ဝင်(နှစ်ဦး) အား ဖမ်းဆီးခေါ်ဆောင်၍ အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေး ကားလမ်းဘူတာလမ်းဆုံ၌ ဆန္ဒပြလူစုလူဝေးအင်အား ၁၅၀ ခန့်သည် ယနေ့နံနက်ပိုင်းတွင် ဆူပူအော်ဟစ်ကာ စုဝေးရောက်ရှိလာသဖြင့် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့ပါကြောင်း၊ ဆူပူဆန္ဒပြသူအုပ်စုအနေဖြင့် လူစုခွဲမှုမရှိသဖြင့် မျက်ရည်ယိုဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချော သေနတ်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ဆန္ဒပြလူအုပ်စုမှာ ရဲတပ်ဖွဲ့ဝင်(နှစ်ဦး)ကို ဖမ်းဆီးခေါ်ဆောင်ကာ လူစုခွဲခဲ့ကြောင်း။

ဆူပူဆန္ဒပြသူလူစုလူဝေးက ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားသည့် တပ်ဖွဲ့ဝင်(နှစ်ဦး)အား ဗိုလ်ချုပ်လမ်းမပေါ်ရှိ ခေတ်တိုင်တွင် လက်ပြန်ကြိုးတုပ်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများကို အကြမ်းဖက်ပြုမူဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့မှ နယ်မြေရဲစခန်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရကြောင်း။

ဆန္ဒပြလူစုလူဝေးများအနေဖြင့် နေရာအနှံ့ ပြုမူလုပ်ဆောင်နေမှုများသည် အကြမ်းဖက်မှုပုံသဏ္ဌာန်သို့ ပြောင်းလဲလုပ်ဆောင်လာနေသည်ကို တွေ့မြင်ရပါသဖြင့် ဆောင်ရွက်နေသည့် ပုံသဏ္ဌာန်အပေါ် မူတည်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းဖြိုခွင်းခြင်း လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ဆူပူဆန္ဒပြသူများ၏ ဖမ်းဆီးခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး။

# သီပေါမြို့ ရီရှင်းရတနာရွှေဆိုင်အတွင်း ဝင်ရောက်လုယက်သွားသော ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**သီပေါ မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဈေးကြီးမြောက်ဘက် ဈေးအပြင်တန်း ရီရှင်းရတနာရွှေရောင်းဝယ်ရေးဆိုင်သို့ အမျိုးသားသုံးဦးဆိုင်ကယ်တစ်စီးဖြင့် ဆိုင်ရှေ့သို့ရောက်ရှိလာကာ ဆိုင်ကယ်ပေါ်မှဆင်းလာသည့် အမျိုးသားနှစ်ဦးအနက် တစ်ဦးက ပစ္စတိုသေနတ်ဖြင့် ချိန်ရွယ်၍ ရွှေဆိုင်ပိုင်ရှင် ဦးကြိမ်ရှင်း၏ သမီးနှစ်ဦးအား ရွှေကောင်တာအတွင်းရှိ ရွှေဆွဲကြိုးမျိုးစုံ အကုံး ၅၀ခန့်၊ အလေးချိန် ၁၁၁ ကျပ်သား၊ တန်ဖိုး ငွေကျပ် ၁၅၄ သိန်းကျော်အား ယူဆောင်လျက် လမ်းမတော်အတိုင်း ဒုဋ္ဌဝတီမြစ်ဘက်သို့ ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖမ်းမိနိုင်ရေးအတွက် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝေဖြိုးကျော်၏ ကြီးကြပ်မှုဖြင့် မြို့မစခန်းမှူး ဒုတိယရဲမှူး ထွန်းထွန်းလင်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မျိုးကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်က မိုင်းရယ်မြို့သို့ သွားရောက်ပြီး ကွင်းဆက်များ ဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် စိုင်းလောင်ငင်း နေထိုင်သည့် ဟိုယကျေးရွာသို့ သွားရောက် စစ်ဆေးရာ ၎င်း၏ဇနီး ဒေါ်ထွေးခင်၊ သမီး မမွမ်းစိန်၊ တူမ မယုအောင်နှင့် တူဖြစ်သူ ကြူစိုက်တင်တို့အား အတူတကွတွေ့ရသဖြင့် ပူးပေါင်းအဖွဲ့ဖြင့် နေအိမ်အတွင်းရှာဖွေရာ ရေခဲသေတ္တာအောက်နှင့် အဝတ်ပုံများအတွင်း ထည့်သွင်းသိမ်းဆည်းထားသည့် ရွှေထည်ပစ္စည်းများကို လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်တစ်စီးပါ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား သီပေါရဲစခန်းတွင် အမှုဖွင့်ထားပြီး ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူ အိုက်အ ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**တိမ်အနည်းငယ် ဖြစ်ထွန်း**

နေပြည်တော် မတ် ၃- ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမှုအား ကြည့်ရှုအားပေး

မုံရွာ မတ် ၃

**စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့်အတူ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ လိုက်ပါ၍ ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် ၄၃၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးနေမှု အခြေအနေတို့အား ကြည့်ရှုအားပေးခဲ့သည်။**



ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့သည် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် တက်ရောက်ကုသနေသော လူနာများအား နွေးထွေးစွာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားခဲ့ပြီး ဆေးရုံကြီးအတွက် တာဝန်ရှိသူများ၏ ဆေးဝါးနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း အခြားလိုအပ်ချက်အခက်အခဲများ တင်ပြမှုအပေါ် သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး ဆွေးနွေး

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းသားများ၏ပညာဆည်းပူးခွင့်ရရှိရေးနှင့် အနာဂတ်ဘဝအတွက် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အပါအဝင် ပညာရေးကဏ္ဍ ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေးလို၍ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပဏာမ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးအောင်ဝင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ဆေးကန်များ စီစဉ်ထားရှိခြင်း၊ ကိုဗစ်-၁၉ ရောဂါ တစ်ဦးချင်းလိုက်နာဆောင်ရွက်ရမည့် အချက်များကို ကျောင်းသား ကျောင်းသူများလိုက်နာရန် စည်းကမ်းချက်များ၊ ကျောင်းသားမိဘများလိုက်နာရမည့် စည်းကမ်းချက်များ၊ ကျောင်းကြိုပို့ မော်တော်ယာဉ်နှင့် ယာဉ်မောင်း ယာဉ်နောက်လိုက်များကို ကျန်းမာရေးစစ်ဆေးပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး အကြို ဆွေးနွေးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါက်တာ သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်)၊ ဒေါ်နှင်းကြည် တိုင်းဒေသကြီး ပညာရေးမှူးနှင့် တက္ကသိုလ်၊ ကောလိပ်တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်ရေး စင်တာများ၊ ကုသရေးစင်တာများ အဖြစ် အသုံးပြုထားသည့် အခြေအနေများနှင့် ပညာရေးဝန်ထမ်း၊ ဆရာ ဆရာမများအတွက် ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာများ၊ ထက်၊ လယ်၊ မူကျောင်းများအတွက် ဗလာစာအုပ်၊ ခဲတံ ၊ ဘောပင်များကြိုတင် ဖြန့်ဝေပေးထားသည့် အစီအစဉ်များ၊ လက်ဆေးကန်အတွက် ကျောင်းများတွင် အဓိကလိုအပ်သည့် ရေရရှိရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုများ၊ သန့်စင်ခန်းများ တည်ဆောက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကျောင်းနှင့်ဝန်းကျင် ဥပဓိရုပ် ကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရန်၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေး လမ်းညွှန်ချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်း၊ အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီး၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက် ပေးကြရန် ပြောကြားသည်။

**တိုင်းဒေသကြီး (ပြန်/ ဆက်)**

# မိတ္ထီလာမြို့နယ်တွင် စက်ချုပ်နည်းပညာအခြေခံသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြား

**မိတ္ထီလာ မတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ စက်ချုပ်နည်းပညာ အခြေခံသင်တန်းကို မတ် ၃ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း သိရသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း(မိတ္ထီလာ)မှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရပ်များ ပြန့်ပွားလာစေရန်၊ စက်ချုပ် နည်းပညာရပ်များကို အသုံးပြု၍ အဝတ်အထည်များ ဒီဇိုင်းလှပပြီး ဈေးကွက်ဝင် အထည်များအဖြစ် ထုတ်လုပ်လာနိုင်စေရန်၊ ကျေးလက်ဒေသရှိ အမျိုးသမီးငယ်လေးများ စက်ချုပ်နည်းပညာရပ်ကို တတ်ကျွမ်းပြီး တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ထူထောင်၍မိသားစုငွေတိုးပွားလာစေရန်ရည်ရွယ်၍ စက်ချုပ်နည်းပညာ အခြေခံသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၂ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းသူ ၂၀ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝထံက သိရသည်။

အဆိုပါ စက်ချုပ်နည်းပညာ အခြေခံသင်တန်းတွင် စက်ကိုင်တွယ် အသုံးပြုနည်းများ၊ စက်နင်းလေ့ကျင့်ခြင်းနှင့် အခြေခံချုပ်ရိုးများချုပ်ခြင်း၊ အမျိုးသမီးဝတ် ရင်စေ့အင်္ကျီ၊ နောက်ကွဲခါးတင်အင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ၊ စကတ်ချုပ်နည်း အမျိုးမျိုး၊ တစ်နှစ်အရွယ် အတွန့်ပါ ဂါဝန်၊ ကလေးဝတ် ဘောင်းဘီရှည် စသည့်ဘာသာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် မတ် ၃**

ထူးခြားသည့် ညအပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပဲခူးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ နန်းယွန်းမြို့တွင် ၀ ဒသမ ၁၆ လက်မဖြစ်သည်။

**မိုး/ဇလ**



# ပြည်နယ်အတွင်း ဆန်နှင့် စက်သုံးဆီလုံလောက်မှု ရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား မတ် ၃

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ဆန်နှင့်စက်သုံးဆီ လုံလောက်မှုရှိစေရေးနှင့် ဈေးနှုန်းမတည်ငြိမ်မှု မဖြစ်ပေါ်စေရေးတို့အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ဆန်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ စက်သုံးဆီလုပ်ငန်းရှင်များနှင့် မတ် ၁ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်နယ်ကောင်စီအနေဖြင့် တာဝန်ယူစဉ်ကြားကာလအတွင်း ပြည်သူများ၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆန်နှင့်စက်သုံးဆီသည် အဓိကကျသည့် အခြေခံကုန်ပစ္စည်းများဖြစ်သောကြောင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးနှင့် မိမိတို့ပြည်နယ်သူ၊ ပြည်နယ်သားများ စိုးရိမ်ပူပန်မှုမရှိစေရေး၊ ဈေးနှုန်းမြင့်တက်လာမှု မရှိစေရေးတို့ကို မိမိတို့အနေဖြင့် ကြိုတင်စီမံဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့်အတူ လက်တွဲပြီး ညှိနှိုင်းအဖြေရှာရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း ဆန်စားသုံးမှုအခြေအနေ၊ ဆန်လိုအပ်ချက်အပေါ် ဝယ်ယူဖြည့်တင်းမှုအခြေအနေနှင့် ပြည်နယ်အတွက် လုံလောက်သည့် ဆန်စပါးထုတ်လုပ်နိုင်မှု အခြေအနေတို့အပြင် ဈေးနှုန်းပြောင်းလဲမှု ကြီးမားစွာမဖြစ်ပေါ်နိုင်သည့်ကိစ္စရပ်များ၊ စက်သုံးဆီလုပ်ငန်းရှင်များက စက်သုံးဆီနှင့် ပတ်သက်၍ လတ်တလော နိုင်ငံခြားငွေဈေးအပေါ်မူတည်၍ ဈေးအနည်းငယ်မြင့်တက်ခဲ့သော်လည်း ပြတ်လပ်သွားနိုင်သည်အထိ မရှိပါကြောင်းနှင့် တောင်သူများအတွက် စက်သုံးဆီလုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်ချက်များအပေါ် သိရှိလိုသည်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လုံလောက်သည့် ဆန်ပမာဏအပေါ် ကောင်စီအဖွဲ့က ပံ့ပိုးကူညီရန်ကိစ္စရပ်များ၊ စက်သုံးဆီလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် မြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေးတို့ကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

# ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသခံများအား အကျိုးပြုမည့် ကုန်ထုတ်လမ်းနှစ်ခု ဖောက်လုပ်လျက်ရှိ

ဝန်းသို မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ ကနဖော့ကျေးရွာနှင့် မြိုင်ဇေယျာကျေးရွာတို့တွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းများကို ဖောက်လုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်ကျော်မျိုးနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြသည်။ **(ယာပုံ)**

ထိုသို့ စစ်ဆေးရာတွင် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၂၅ ဒသမ ၈၉၁ သန်းဖြင့် ကနဖော့ကျေးရွာ ကုန်ထုတ်လမ်း စတင်ဆောင်ရွက်နေဆဲ လုပ်ငန်းကိုလည်းကောင်း၊ ငွေကျပ်သန်း ၂၆ ဒသမ ၆၅၀ ဖြင့် မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်း အပြီးသတ် လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း တာဝန်ရှိသူများက စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းနှစ်ခုကို တင်ဒါ အောင်မြင်သော ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ကုန်ထုတ်လမ်းများ ဆောင်ရွက်ပြီးစီးပါက လူဦးရေ ၆၂၇ ဦးတို့အတွက် အကျိုးပြုနိုင်မည် ဖြစ်ကာ ကျေးရွာ တောင်သူများ၏ လယ်ယာထွက်ကုန် သီးနှံများ ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သူ့ဘက်ကိုယ့်ဘက်မျှတတဲ့ မျှခြေတစ်ခုနဲ့ ပြဿနာကို ချဉ်းကပ်အဖြေရှာဖို့လို

ကိုထွန်းခင်

လူဆိုတာ အသင်းအဖွဲ့နဲ့ နေတတ်တဲ့ သက်ရှိသတ္တဝါ အမျိုးအစား ဖြစ်ပါတယ်။ ဒါကြောင့်လည်း “ Human is a social animals. ” လူဆိုတာ ပေါင်းသင်းဆက်ဆံရေးသတ္တဝါလို့ ဆိုရိုးစကားရှိခဲ့တာ ဖြစ်ပါတယ်။ တိရစ္ဆာန်တွေထဲမှာလည်း အုပ်စုဖွဲ့နေထိုင်တတ်တဲ့ သတ္တဝါတွေ ရှိပါတယ်။

လင်းယုန်၊ ကျား၊ ခြင်္သေ့တွေကလည်း မိသားစုလိုက် နေလေ့ရှိပါတယ်။ ကြောင်၊ မျောက်တွေကလည်း အလားတူပါပဲ။ မိသားစုနဲ့သာ နေလေ့ရှိကြပါတယ်။ ကျီးကန်းတွေ၊ စာကလေးတွေ၊ ခိုတွေကလည်း အုပ်စုလိုက်သာ နေထိုင်ကျက်စားတတ်တဲ့ ငှက်အမျိုးအစားတွေ ဖြစ်ပါတယ်။ ပျားလို၊ ခြလို အသိုက်အအုံနဲ့၊ အစုအဖွဲ့နဲ့ နေထိုင်တတ်တဲ့ အမျိုးအစားတွေထဲမှာ ဘာကြောင့် လူတွေ ပါဝင်နေပါသလဲ။

## ညီညီညွတ်ညွတ် စုပေါင်းနေထိုင်

အင်အားချင်းမမျှတဲ့ အချို့အန္တရာယ်တွေကို တစ်ဦးတစ်ယောက်ချင်းရင်ဆိုင်တာထက် စုပေါင်းကာကွယ်ဖြေရှင်းတဲ့အခါ အောင်မြင်မှုရတယ်ဆိုတာကို လူတွေက တွေ့ရှိလာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အုပ်စုဖွဲ့ခြင်း၊ စုပေါင်းအင်အားရဲ့ စွမ်းအားကြောင့် အဆပေါင်းများစွာ သာလွန်တဲ့ အင်အားထုထည်ကို ရတယ်ဆိုတာကို လူတွေက သိရှိနားလည်လာတဲ့ အသိဉာဏ်ကြောင့် အုပ်စုအသင်းအဖွဲ့နဲ့ ညီညီညွတ်ညွတ် စုပေါင်းနေထိုင်လာကြတာပါ။

“သမဂ္ဂါနံ တပေါ သုခေါ” ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်း ဖြစ်သည်” ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ စုပေါင်းလုပ်ကိုင်တတ်တဲ့ စည်းလုံးညီညွတ်မှုရှိရင် အင်အားရှိတဲ့အတွက် အောင်မြင်စမြဲဖြစ်ပါတယ်။ အောင်မြင်မှုရရှိအောင် ကမ္ဘာမြေကြီးကို ပြောင်းလဲတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်တာ သက်ရှိသတ္တဝါ အမျိုးအစား လူသားများပဲ ဖြစ်ပါတယ်။

အဖွဲ့အစည်း၊ အစုအဖွဲ့တစ်ခုအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း၊ လူမျိုးတစ်မျိုးအတွင်း ညီညွတ်မှုမရှိရင် အင်အားလည်းမရှိတဲ့အတွက် ပျက်စီးတတ်ပါတယ်။ အကျိုးစီးပွားတွေ၊ ဦးတည်ချက်တွေ၊ ရည်ရွယ်ချက်တွေ၊ လားရာတွေ မတူတဲ့အခါ စိတ်ဝမ်းကွဲပြားမှု၊ အက်ကြောင်းတွေ စတင်လာပါတော့တယ်။

သူ့ဆွေမျိုးနဲ့ ကိုယ့်ဆွေမျိုး၊ သူ့အုပ်စုနဲ့ကိုယ့်အုပ်စု၊ သူ့ရွာနဲ့ ကိုယ့်ရွာ၊ သူ့မြို့နဲ့ ကိုယ့်မြို့ ၊ သူ့နိုင်ငံနဲ့ ကိုယ့်နိုင်ငံ ဘောလုံးကန်တာ၊ သူကြီးရွေးတာ၊ နောက်ဆုံး အမတ်ရွေးတာအထိ ဖြစ်ချင်တဲ့ဆန္ဒတွေ၊ အကျိုးစီးပွားတွေ မတူညီတဲ့အခါ အုပ်စုတွေအတွင်း၊ နိုင်ငံအတွင်း ပဋိပက္ခတွေ ဖြစ်လာပါတယ်။

နောက်ဆုံးမှာ ရန်ပြုတိုက်ခိုက်တာတွေအထိ ဖြစ်လာတာတွေ ရှိပါတယ်။ ရန်ပြုတာ၊ အချင်းချင်း တိုက်ခိုက်ကြတာဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအတွင်း တွေ့ရတတ်တဲ့ လက္ခဏာတွေ မဟုတ်ပါဘူး။ ဒါ့အပြင် ပြဿနာတစ်ခုရဲ့ မှန်ကန်တဲ့ အဖြေလည်း မဟုတ်ပါဘူး။

မြန်မာ့သမိုင်းမှာ မညီညွတ်ခဲ့လို့ ဆုံးရှုံးခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ များစွာရှိပါတယ်။ ၁၄ ရာစု အလယ်မှာ စတင်ခဲ့တဲ့ အင်းဝ-ဟံသာဝတီ နှစ်လေးဆယ်စစ်ကိုကြည့်ရင် သိနိုင်ပါတယ်။ အထက်ဘက် အင်းဝမှ မြန်မာတို့နဲ့ အောက်ဘက်ဟံသာဝတီမှ မွန်တို့ ဂုဏ်သတင်းကျော်စောလိုမှု၊ အနိုင်ယူရန်လိုမှုတို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြပါတယ်။ အဓိက စစ်ဘုရင်နှစ်ပါးဖြစ်တဲ့ ရာဇာဓိရာဇ်နဲ့ မင်းခေါင်တို့နှစ်ဦးရဲ့ လက်ထက်ကစတင်ခဲ့ပြီး အစဉ်အဆက် နန်းတက်ကြတဲ့ မွန်-မြန်မာဘုရင်တွေကလည်း အစဉ်အလာမပျက် စစ်ကိုခင်းကျင်းကြတဲ့အတွက် ၁၄ ရာစုလယ်ကနေ ၁၅ ရာစုဦးအထိ ရာစုနှစ်တစ်ခုရဲ့ သုံးပုံနှစ်ပုံကျော် ကြာမြင့်ခဲ့ပါတယ်။

> “နိုင်ငံတစ်ခုအတွင်း အစုအဖွဲ့နှစ်ခု တိုက်ခိုက်ကြတယ်ဆိုတာ ဘယ်သူပဲ အထိနာနာ ကိုယ့်လူမျိုးတွေပဲဖြစ်ပါတယ်။ အခုအချိန် အခါမှာ အားလုံးသိကြတဲ့ အတိုင်းပါပဲ။ နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားရတာ ဖြစ်ပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့်လည်း စည်းလုံးညီညွတ်မှု ပျက်ပြားတာကို အခွင့်ကောင်းယူ လူထုအားကိုရယူပြီး ရုန်းရင်းဆန်ခတ်မှုတွေကို ဖန်တီးနေပါတယ်။ ကိုယ့်ဘက်ကို မထောက်ခံတဲ့ သူမှန်သမျှကို ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ သတ်မှတ်ကြ၊ လှောင်ပြောင်၊ ရှုတ်ချနေကြပါတယ်”

## အယူအဆမှားတွေ

စစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် နှစ်ဖက်စစ်ပန်းချိန်၊ ခြေကုန်လက်ပန်းကျချိန်၊ ဩဇာမှေးမှိန်ချိန်အရောက်မှာ သုရှင်တကာ ရွတ်ပိအုပ်စိုးတဲ့ ဟံသာဝတီက အင်အားကြီးလာတဲ့ တောင်ငူဘုရင် တပင်ရွှေထီး လက်အောက်ကို ကျရောက်သွားပြီး အင်းဝကလည်း မြောက်ဘက်တစ်လွှား အင်အားကြီးလာတဲ့ ရှမ်းစော်ဘွားတို့ရဲ့ ရန်စမှုကိုခံရပြီး နောက်ဆုံး ဘုရင်ဖြစ်တဲ့ နရပတိလက်ထက်မှာ မိုးညှင်းစလုံ လက်ထဲကို ကျရောက်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်က အတ္တနဲ့ အယူအဆမှားတွေကြောင့် စိတ်ဝမ်းကွဲပြားပြီး ပျက်စီးဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ကုန်းဘောင်မင်းဆက်ကို ဆက်ခံတဲ့ သီပေါမင်းလက်ထက်ကို ကြည့်မယ်ဆိုရင်လည်း ကင်းဝန်-တိုင်တား မညီညွတ်ကြတဲ့အတွက် မြန်မာတွေ သူ့ကျွန်ဘဝ ရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်ခေတ်ရောက်တော့ သွေးခွဲသပ်လျှိုဖို့အတွက် ဒါကိုပဲ မွန်-မြန်မာနှစ် ၄၀ စစ်ပွဲလို့ အမည်တပ်ခဲ့ပါတယ်။ အမှန်တကယ်မှာ ၃၇ နှစ်၊ ၃၈ နှစ်လောက် ကြာခဲ့တာ ဖြစ်ပေမယ့် အမြဲတိုက်နေတာလည်း မဟုတ်ပါဘူး။

သွေးခွဲလိုတဲ့အတွက် လိုရာဆွဲပြီး အမှန်နည်းနည်းကို အမှားမျက်နှာဖုံးတပ်၊ ရန်တိုက်ပေးခဲ့တာ ဖြစ်ပါတယ်။ အချင်းချင်း မညီညွတ်ကြတဲ့အတွက် အုပ်ချုပ်ရတာ လွယ်ကူခဲ့ပါတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေးရဖို့ နှစ်ပေါင်းများစွာ စောင့်ခဲ့ရပြီး ကျွန်သက် ရှည်ခဲ့တာဖြစ်ပါတယ်။ နွားကွဲလျှင် ကျားကိုက်ဆိုတဲ့စကားပုံလို မြန်မာနိုင်ငံဟာ ဆွေတော်မျိုးတော် အချင်းချင်း စိတ်ဝမ်းကွဲပြားတဲ့အတွက် အကျိုးဆုတ်ယုတ်ခဲ့ကြရတာ ဖြစ်ပါတယ်။

အုပ်စုနှစ်ခု အားပြိုင်ကြပြီဆိုရင် မှန်ကန်တဲ့ဘက်၊ တရားမျှတတဲ့ဘက်၊ စည်းလုံးညီညွတ်တဲ့ဘက်၊ အင်အား( အရည်အသွေး/အရေအတွက်) အားကြီးတဲ့ဘက်ကသာ အနိုင်ရခဲ့ကြပါတယ်။ စစ်ပွဲတွေရဲ့ အဖြေဟာ ဒါတွေပဲဖြစ်ပါတယ်။ မြန်မာ့သမိုင်းမှာလည်း အနိုင်၊အရှုံး၊ အတက်၊ အကျ၊ အနိမ့်၊ အမြင့်၊ အကောင်း၊ အဆိုး အမျိုးမျိုးတော့ ရှိခဲ့ပါတယ်။

## ကိုယ်နဲ့မတူ ကိုယ့်ရန်သူ

နိုင်ငံတစ်ခုအတွင်း အစုအဖွဲ့နှစ်ခု တိုက်ခိုက်ကြတယ်ဆိုတာ ဘယ်သူပဲ အထိနာနာ ကိုယ့်လူမျိုးတွေပဲဖြစ်ပါတယ်။ အခုအချိန်အခါမှာ အားလုံးသိကြတဲ့ အတိုင်းပါပဲ။ နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားရတာ ဖြစ်ပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေကြောင့်လည်း စည်းလုံးညီညွတ်မှုပျက်ပြားတာကို အခွင့်ကောင်းယူ လူထုအားကို ရယူပြီး ရုန်းရင်းဆန်ခတ်မှုတွေကို ဖန်တီးနေပါတယ်။ ကိုယ့်ဘက်ကို မထောက်ခံတဲ့ သူမှန်သမျှကို ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ သတ်မှတ်ကြ၊ လှောင်ပြောင်၊ ရှုတ်ချနေကြပါတယ်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနဲ့စုဖွဲ့ထားတဲ့ နိုင်ငံတစ်ခုအတွင်း လမ်းတွေပေါ်မှာ စုဝေးနေကြသူတွေရော၊ လူအုပ်စုကို ဖြိုခွဲနေရသူတွေရော အားလုံးဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ အယူအဆတွေ၊ ခံယူချက်၊ ယုံကြည်ချက်တွေ မတူကြပေမယ့်လည်း ရန်သူတွေ မဟုတ်ကြပါဘူး။ ပေါင်းစပ်ညှိနှိုင်းတဲ့ နည်းနဲ့သာ အဖြေရှာရမှာ ဖြစ်ပါတယ်။ အခုလို အချင်းချင်း မညီညွတ်ကြတာကို နိုင်ငံ့အကျိုးကို မလိုလားသူတွေကတော့ ဝမ်းသာအားရဖြစ်နေကြမှာ အမှန်ပါ။

## မျှခြေတစ်ခု

တကယ်တော့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲတွေနဲ့ အတ္တကို ရှေ့တန်းတင်ပြီး ကိုယ်နိုင်ဖို့သာ ရှေးရှုခရီးဆက်နေကြတဲ့အတွက် အခုလို အခြေအနေအထိ ဆိုက်ရောက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို မပျက်စီးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တည်တည်ငြိမ်ငြိမ် ခရီးဆက်နိုင်အောင် သူ့ဘက်ကိုယ့်ဘက်မျှတတဲ့ မျှခြေတစ်ခုနဲ့ ပြဿနာကို ချဉ်းကပ် အဖြေရှာရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား ဆောင်ရွက်ရေး၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံတွေအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးစတဲ့ မူတွေကို ဆက်လက်လိုက်နာကျင့်သုံးသွားမှာ ဖြစ်တယ်လို့ နိုင်ငံရေးဦးတည်ချက်တွေအဖြစ် ထုတ်ပြန်ထားပါတယ်။

ဒါကြောင့် အတ္တနဲ့ မာနတွေကို ဘေးဖယ်ပြီး သမိုင်းကို သင်ခန်းစာယူကာ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်ထောင်စု မပြိုကွဲအောင်၊ ရှင်သန်ခိုင်မာ တိုးတက် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံနဲ့လူမျိုးကောင်းကျိုးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိတာမို့ သူ့ကျွန်အဖြစ် နှံ့မနစ်ရအောင် ညီညွတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> “ဒါကြောင့် အတ္တနဲ့ မာနတွေကို ဘေးဖယ်ပြီး သမိုင်းကို သင်ခန်းစာယူကာ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်ထောင်စု မပြိုကွဲအောင်၊ ရှင်သန်ခိုင်မာ တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံနဲ့ လူမျိုးကောင်းကျိုးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိတာမို့ သူ့ကျွန်အဖြစ် နှံ့မနစ်ရအောင် ညီညွတ်ကြပါစို့”

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၃**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကော့ခနိကျေးရွာ ကော့ခနိရွှေကျောင်းတိုက်ဆရာတော် မြို့နယ်သံဃာ့ဝန်ဆောင် ဘဒ္ဒန္တသုမန အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် အပါး ၂၀ အား အဆိုပါကျောင်းတိုက်၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုဖူးမြော်ကြည်ညိုကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင် ၄၃၀ တို့ကို တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မော်လမြိုင်မြို့ ကော့ခနိကျေးရွာ ကော့ခနိရွှေကျောင်းတိုက်တွင် ဆရာတော်များအား COVID-19 ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေနှင့်အညီ စီမံအုပ်ချုပ်မှု ဆောင်ရွက်လျက်ရှိရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသူ အုပ်စုအချို့က မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob) အသွင်ဖြင့် မြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်အကြမ်းဖက်ဆောင်ရွက်နေသော အစုအဖွဲ့များက လူငယ်ထုကို ရှေ့တန်းတင်ကာ နိုင်ငံအဝန်း ဆူပူမှုများ ဆက်တိုက်ဖြစ်ပွားစေရန်၊ လမ်းပေါ်ရောက်ရှိ အုံကြွစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံစေရေးတို့အတွက် သွေးထိုးလှုံ့ဆော်လျက်ရှိသည်။

ထိုသို့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသူအုပ်စုအချို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ထန်းတောရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဘုရားနီလမ်းဆုံအနီး၌ လူအင်အား ၃၀၀၀ ကျော်ခန့်သည် လူစုလူဝေးဖြင့် ဆူပူအော်ဟစ်ဆန္ဒပြခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လူစုလူဝေးဖြင့် ဆန္ဒပြနိုင်ရေးအတွက် လမ်းမကြီးများအား ကွန်ကရစ်တုံးများ၊ ဓာတ်တိုင်များ၊ သံခုတင်များ၊ ပန်းအိုးများ၊ အုတ်ခဲများ၊ ကျောက်တုံးများဖြင့် ပိတ်ဆို့ဆောင်ရွက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေထိုးစက်၊ မြေကော်စက်များဖြင့် လမ်းကြောင်းရှင်းလင်းခဲ့ရာ ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်းနှင့် လမ်း ၃၀ သို့ အရောက်၌ လူထုလှုပ်ရှားမှုတပ်ပေါင်းစုအမည်ခံ အင်အား ၁၀၀၀ ခန့်က ပိတ်ဆို့ဟန့်တား ဆူပူနှောင့်ယှက်မှုများ ပြုလုပ်၍ ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရန် လုပ်ဆောင်လာခဲ့သည်။

ဆူပူမှုဖြစ်ပွားခြင်းသည် တည်ငြိမ်အေးချမ်းမှုနှင့် မိဘပြည်သူများ၏ လူမှုဘဝလုံခြုံမှုကို ထိခိုက်စေနိုင်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုကွဲစေရေး လက်ကိုင်အသံချဲ့စက်များဖြင့် အကြိမ်ကြိမ်သတိပေးခဲ့ရာတွင်လည်း လိုက်နာမှုမရှိသည့်အပြင် ဂျင်ကလိများ၊ လေသေနတ်များ၊ ဖန်ဂေါ်လီ၊ မူလီခေါင်းများ၊ လေးခွများ၊ ဒေသန္တရလုပ်မီးခိုးဗုံးများဖြင့် အကြမ်းဖက်တိုက်ခိုက်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်း မူဝါဒနှင့်အညီ အဆင့်ဆင့်လူစုခွဲမှုများကို ဆောင်ရွက်ခဲ့ရသည်။

လူစုခွဲနိုင်ရေး ဆောင်ရွက်စဉ် ဆူပူလှုပ်ရှားသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြလူထုကြီးအတွင်း၌ အချင်းချင်းပြေးလွှား ပစ်ခတ်ရာမှ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၁ ဦးတို့ သေဆုံးခဲ့သည်။ အဆိုပါသေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းများတွင် သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဝင့်ကြွေးတော်ပြေဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဆူပူအကြမ်းဖက်သူများက လေးခွများဖြင့် ပစ်ခတ်

**နေပြည်တော် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၂) ရပ်ကွက်၊ ကရဏာလမ်း၊ အမှတ်(၅၂၀)ရှိ ဝင့်ကြွေးတော်ပြေဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တသီရိဓမ္မ၊ သက်တော် ၅၀ နှစ်၊ ဝါတော် ၁၉ ဝါအား မတ် ၂ ရက် ည ၈ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က ကျောင်းအတွင်း ဝင်ရောက်၍ လေးခွများဖြင့် ပစ်ခတ်မှုကြောင့် ဆရာတော်တွင် နဖူး၊ ဦးခေါင်းနှင့် ဘယ်မျက်လုံးတို့ထိခိုက်ခဲ့ပြီး နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်အတွင်းမှ ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ က ကျောင်းအတွင်းသို့ ဝင်ရောက်၍ လူမိုက်အား ထုတ်ပေးရန် အော်ဟစ်ဆူပူလျက်ရှိသဖြင့် ဖြေရှင်းပြောဆိုရန် ထွက်လာစဉ် လေးခွများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော် ၁ ပါး၊ ကပ္ပိယ ၁ ဦးနှင့် ဘုန်းကြီးကျောင်းသား ၁ ဦးသာရှိပြီး ကျောင်းအနီး၌ ကျူးကျော်နေထိုင်သည့် ဒေါ်ခင်လေးမြိုင်သည် ညအချိန်မတော် သံပုံးတီးခြင်းများနှင့် ပတ်သက်၍ ဆရာတော်က ပြောဆိုဆုံးမသည့်အပေါ် မကျေနပ်သဖြင့် ဘုန်းတော်ကြီးကျောင်းအတွင်း လူမိုက်များရှိနေကြောင်း ရပ်ကွက်အတွင်း ပြောဆိုခြင်းများကြောင့် ယခုကဲ့သို့ ရန်ပြုသွားခြင်းဖြစ်ကြောင်း သိရှိရသည်။

လက်ရှိတွင် ဆရာတော်၏ ဒဏ်ရာများအား နယ်မြေခံတပ်မတော်ဆေးရုံ၌ လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ လူစုလူဝေးဖြစ်ပွားမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရှင်းလင်းမှု

**နေပြည်တော် မတ် ၃**

၂၀၂၁ ခုနှစ် မတ်လ ၃ ရက်နေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဥတ္တံတားကြီးမီးပွိုင့်အနီး၌ ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၃၀၀ ကျော်ခန့်သည် ဆူပူအော်ဟစ် ဆန္ဒဖော်ထုတ်နေသဖြင့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများက သွားရောက်တားမြစ်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ပြန်လည်အော်ဟစ်ရန်ပြုခဲ့သည်။ ၎င်းအခြေအနေအရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အသံမြည်ဗုံး၊ ၁၂ ဗို့ပြောင်းချောသေနတ်တို့ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူသူလူစုလူဝေးက တူမီးသေနတ်၊ လောက်လေးခွများ၊ ကျောက်ခဲများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းဖြိုခွဲရေးလက်နက်ဖြင့် လူစုခွဲခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် လူစုကွဲခဲ့သည်။ ၎င်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့သုံး Water Cannon ရှေ့လေကာမှန်၊ ရဲလုံခြုံရေးယာဉ် Double Cub ရှေ့လေကာမှန်နှင့် ယာဘက်တံခါးမှန်တို့ ပျက်စီးသွားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆန္ဒပြလူအုပ်စုက ဖမ်းဆီးရိုက်နှက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၃**

၂၀၂၁ ခုနှစ် မတ် ၃ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် မြင်းမူမြို့မရဲစခန်းမှ ဒုရဲအုပ် ဇေယျာလင်းသည် ယာဉ်တိုက်မှုမှ ရဲဆေးစာစစ်ဆေးပြန်ကြားချက်ထုတ်ယူရန်အတွက် မုံရွာမြို့ အမှတ်(၄) တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)သို့ သွားရောက်စဉ် ထန်းတောရပ်ကွက်အရောက်၌ ဆူပူအော်ဟစ်ဆန္ဒပြသူ လူအုပ်စုက ဖမ်းဆီးချုပ်နှောင်၍ ထန်းတောရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ချုပ်နှောင်ကာ ဝိုင်းဝန်းရိုက်နှက်ထိုးကြိတ်လျက်ရှိကြောင်း သိရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်၍ ပြန်လည်ခေါ်ဆောင်ခဲ့ရသည်။

ဖြစ်စဉ်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူများ၏ ဝိုင်းဝန်းရိုက်နှက် ထိုးကြိတ်မှုကြောင့် ဒုရဲအုပ် ဇေယျာလင်းတွင် ဦးခေါင်းချိုစောင်း/ ပါး/ နှာခေါင်းပေါက်ပြဲ၊ မျက်ခုံးဖူးရောင်၊ ဝမ်းဗိုက်ညိုမည်းဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သည့်အတွက် မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းအား မတရားဖမ်းဆီးချုပ်နှောင်ရိုက်နှက်ခဲ့သူများအား စုံစမ်းဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကနေ့ ကောလာဟလ

စာချစ်သူ

**ညအိပ်ရာဝင်လျှင် ဖတ်ရှုရန် အိပ်ရာဘေးတွင် စီထားသော စာအုပ်များကို ယနေ့မဖတ်နိုင်တော့ပြီ။ လတ်တလော ချင်ခြင်းတပ်၊ အာသီသပြင်းပြနေသော စာအုပ်က လွန်ခဲ့သည့် ၄၅ နှစ်၊ ၁၉၇၆ ခုနှစ် ဇန်နဝါရီလက ထုတ်ဝေခဲ့သော "ကနေ့ကောလာဟလ စာအုပ်လေး"ပါ။**

ဒီစာအုပ်လေးကို ပြန်လည်အမှတ်ရ ဖတ်ရှုလိုသည့် အကြောင်းရင်းကလည်း ကနေ့ ကောလာဟလများကြောင့်။ လူမှုကွန်ရက်ထက်တွင် တစ်နေ့တစ်မျိုး မရိုးနိုင်လောက်အောင် ရေးကြ၊ တင်ကြသော သတင်းလိမ်၊ သတင်းမှား ကောလာဟလများကြောင့် ရိုးသားသော ပြည်သူများသည် အထိတ်တလန့် ကျိုးလန့်လန့်စာစား ဖြစ်နေကြရခြင်းကြောင့် ဖြစ်သည်။

အထူးသဖြင့် ကျွန်တော့်အစ်မများ။

သူတို့က ဘဏ်လုပ်ငန်းများနှင့် ပတ်သက်သည့် ကောလာဟလများကြောင့် အထိတ်တလန့် ဖြစ်ကြသည်။ သူတို့ချွေးနဲစာဖြင့် ရှာဖွေစုဆောင်းထားသော ငွေကြေးလေးများအတွက် စိုးရိမ်သောက ဖြစ်ကြသည်။ သူတို့က စာတိုပေစ ဖတ်ရှုလေ့လာတတ်သူ ကျွန်တော့်ကို သူတို့လူမှုကွန်ရက်တွင် ဖတ်ရသော၊ ရပ်ကွက်ထဲတွင် ကြားရသော ကောလာဟလ သတင်းများနှင့် ပတ်သက်၍ မေးတတ်မြန်းတတ်ကြသည်။

### ကောလာဟလ၏ သားကောင်များ


ကျွန်တော့်အစ်မများ အပါအဝင် ရိုးသားသော ပြည်သူအများစုသည် နေ့စဉ်နေ့တိုင်း မရိုးအီနိုင်သော ကနေ့ကောလာဟလ၏ သားကောင်များ ဖြစ်မှန်းမသိ ဖြစ်လာလေသည်။

သို့နှင့် ယနေ့ည "ကနေ့ကောလာဟလ" စာအုပ်လေးကို စာအုပ်ပုံထဲက ပြန်လည်ရှာဖွေဖတ်ရှုဖြစ်သည်။ စာအုပ်လေးက ကျွန်တော့်အသက်နှင့် မတိမ်းမယိမ်းဖြစ်၍ အတော်ပင် ဟောင်းနွမ်းလေပြီ။ အဖုံးပင် ပြုတ်မတတ်၊ သို့တစေ ဟောင်းပင်ဟောင်းသော်လည်း ကောင်းနေဆဲ၊ တန်ဖိုးကြီးဆဲ၊ "ကနေ့" ဟူသည့် အသုံးအနှုန်းနှင့်အညီ ခေတ်မီနေဆဲ။ နည်းပညာပြောင်းလဲမှုကြောင့် ကောလာဟလဖြန့်ချိရာ ကြားခံဝါဒ ဖြန့်ချိရေးယန္တရားသာ ပြောင်းသွားသော်ငြား ကောလာဟလ၏ သဘောတရားက မပြောင်း။

ဆောင်းပါးများကလည်း ထိုခေတ်ထိုခါက နာမည်ကြီး စာရေးဆရာ၊ သတင်းစာ ဆရာကြီးများ ဖြစ်ကြသော တက်တိုး၊ ဇဝန၊ မောင်သစ္စာ၊ ဇင်လင်း၊ ထီးချိုင့်မောင်၊ ဟံသာဝတီ အယ်ဒီတာအဖွဲ့နှင့် သက်ဆိုင်ရာ သတင်းစာများမှ အယ်ဒီတာချုပ်များ ဖြစ်ကြလေသည်။

### ကောလာဟလ၏ သဘောနှင့်သတ္တိ

ဆရာကြီးတက်တိုးက ၁၉-၂-၁၉၇၅ ရက်စွဲပါ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ရေးသား



ဖော်ပြခဲ့သော "ကောလာဟလ၏ သဘောနှင့် သတ္တိ" ဆောင်းပါးတွင် ထိုခေတ် ထိုအခါက ကောလာဟလ စိုက်ပျိုးနည်း သုံးမျိုးကို ဖော်ပြထားသည်။

"**ပထမနည်း**။ ။ သင်နှင့် သင့်မိတ်ဆွေ တိုင်ပင်ပြီး မြို့ပတ်မီးရထားတွဲ တစ်တွဲထဲသို့ တံခါးနှစ်ခုမှ ခွဲ၍ဝင်၊ လူပြည့်ကျပ်ချိန် အကောင်းဆုံးအချိန်မှာ မနက်ရုံးတက်ချိန်၊ မျိုးချချင်သည့် ကောလာဟလ သတင်းကို တစ်ယောက်က တစ်ယောက်ကို လှမ်းပြော။ ယင်းသတင်းနှင့် ပတ်သက်ပြီး အနည်းငယ် ဆွေးနွေး။ နောက်ဘူတာတွင် အသီးသီး ဆင်းသွားကြ။ နောက်ရထားတစ်စင်းပေါ် တက်ပြီး ထိုလုပ်ငန်းစဉ်အတိုင်း ထပ်လုပ်။ သင်လွှင့်လိုက်သော ကောလာဟလ ပြန့်သွားလေမည်မှာ သေချာသည်။

၁၉၃၄ ခုနှစ်က ကမ္ဘာကျော် ချက်စတားဖီးလ်ဒ် စီးကရက်စက်ရုံတွင် အနူတစ်ယောက် ဝင်ရောက်လုပ်ကိုင်နေသော ကောလာဟလကို ပထမနည်းဖြင့် ဖြန့်လိုက်ရာ ထိုစီးကရက်များ ရောင်းရန္ဒန်း ထိုးကျသွားသဖြင့် နှစ်အတော်ကြာသည့်တိုင်အောင် နာလန်ထူ ယူရလာလေသည်။

**ဒုတိယနည်း**။ ။ ကျောင်း၊ စက်ရုံ၊ သင်္ဘောစသည့် လူအများ စုရုံးလိုက်ပါရသော ယာဉ်များ၊ နေရာများတွင် ယင်းတို့နှစ်ဦး တီးတိုးပြောကြ။ ကောလာဟလ သတင်းကို ဘေးနားကလူများ ကြားသည့်အခါ သူတို့က အနီးအနားက လူတွေကို တီးတိုးပြန်ပြောကြ။ သို့နှင့်ပင် မိမိချလိုက်သော ကောလာဟလမျိုးစေ့သည် အောင်သွားလေတော့ သည်။

**တတိယနည်း**။ ။ ကောလာဟလကို သတင်းစာတွင် သတင်းအဖြစ် ထည့်လိုက်ပါ။ တကယ် သတင်းဖြစ်သွားတော့သည်။

### အမှတ်မထင် ပါသွားတတ်

ကောလာဟလကို ကောလာဟလမှန်းသိလျက်နှင့် သတင်းစာက ထည့်လေ့မရှိပေ။ သို့သော်မည်သို့မျှ ရည်ရွယ်ရင်းမရှိဘဲ အမှတ်မထင် ပါသွားတတ်သည်။ လန်ဒန်မြို့အနီးရှိ ဆလောင်းအမည်ရှိသော မြို့ကလေး၌ ထုတ်ဝေသော သတင်းစာတစ်စောင်တွင် ရုရှားနိုင်ငံ ဆိုက်ဗေးရီးယားပြည်နယ်၌ အလုပ်သမားသပိတ်ဖြစ်ပွားသဖြင့် ဆားတွင်းများ ပိတ်ထားရသည့် သတင်းကို ထည့်စဉ် သတင်းအယ်ဒီတာက ဆားရှားဖွယ်ရှိကြောင်းဟူသော ထင်မြင်ချက်ကို ရေးထည့်လိုက်မိသဖြင့် တစ်မြို့လုံးရှိ ဆိုင်များမှ ဆားကို အပြေးအလွှား ဝယ်ကြသဖြင့် ဆားပြတ်ပြီး တကယ်တမ်း ဆားရှားသွားလေသည်"ဟု ဆရာကြီးက ရေးသားဖော်ပြခဲ့၏။

တစ်ဆက်တည်းမှာပင် ပစ္စက္ခ ယနေ့တိုင် ခေတ်မီဆဲဖြစ်သော ကောလာဟလ၏ သဘောနှင့် သတ္တိကို ဆရာကြီးက ခွဲခြမ်းစိတ်ဖြာ ဖော်ပြထားလေသည်။

"**ကောလာဟလသည် အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်းအရိုင်း ပေါ်ပေါက်တတ်သည်။ အခြေအနေကို လူများစုက ပြည့်စုံစွာ မသိကြရသည်နှင့်အမျှ သိချင်စိတ်တက်ကြွလျက်ရှိသည်။ မတည်ငြိမ်သော အခြေအနေကြောင့် သတင်းစုံလင်စွာ ထုတ်လုပ်ပေးနိုင်ရန် မဖြစ်ချေ။ လူတွေက သတင်းကို အများကြီးလိုသည်။ သတင်းအများကြီးကိုလည်း မပေးနိုင်ကြချေ။ ထိုလိုကွက်ကို ကောလာဟလက ဖြည့်တင်းပေးသည်။ မသမာသူတို့က မျိုးချ၍ ကောလာဟလသတင်းအမျိုးမျိုး ပျံ့နှံ့စေသည်။**

"ကောလာဟလသတင်းများသည် မလိုမုန်းထား၍ အသရေနှင့်သိက္ခာတို့ကို ဖျက်ဆီးလိုသော ဆန္ဒမှ ပေါ်ပေါက်လာသည်က များသည်။ ကောလာဟလနှင့် ပတ်သက်သော စိတ်ပညာကျမ်းတွင် အာဃာတကောလာဟလတို့သည် မဖြစ်ဘဲနေသည်ကို ဖြစ်စေလိုသော ဆန္ဒမှ ပေါက်ဖွားလာသည်ဆို၏။

"ကောလာဟလသတင်းများတွင် အချို့မှာ အခြေအမြစ် လုံးဝမရှိ။ လွှင့်သူက အာဃာတစိတ်ထားဖြင့် တစ်ဖက်သား ပျက်စီးစေလိုသော စေတနာကြောင့်သာ ပေါ်ပေါက်လာကြသည်။ ကောလာဟလ၏သဘောသတ္တိမှာ ပြန့်ပွားသည်နှင့် အမျှ ကြီးလာတတ်သည်။ သာမန်အဓိပ္ပာယ်များမှ မလိုလားအပ်သော၊ ကြီးမားသော အဓိပ္ပာယ်မျိုး ပေါ်ပေါက်လာတတ်သည်"ဟု သုံးသပ်ရေးသားထားသည်။

**"ကောလာဟလသည် အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်းအရိုင်း ပေါ်ပေါက်တတ်သည်။ အခြေအနေကို လူများစုက ပြည့်စုံစွာ မသိကြရသည်နှင့်အမျှ သိချင်စိတ်တက်ကြွလျက်ရှိသည်။ မတည်ငြိမ်သော အခြေအနေကြောင့် သတင်းစုံလင်စွာ ထုတ်လုပ်ပေးနိုင်ရန် မဖြစ်ချေ။ လူတွေက သတင်းကို အများကြီးလိုသည်။ သတင်းအများကြီးကိုလည်း မပေးနိုင်ကြချေ။ ထိုလိုကွက်ကို ကောလာဟလက ဖြည့်တင်းပေးသည်။ မသမာသူတို့က မျိုးချ၍ ကောလာဟလ သတင်းအမျိုးမျိုး ပျံ့နှံ့စေသည်"**

**"ကောလာဟလ သတင်းများတွင် အချို့မှာ အခြေအမြစ် လုံးဝမရှိ။ လွှင့်သူက အာဃာတ စိတ်ထားဖြင့် တစ်ဖက်သား ပျက်စီးစေလိုသော စေတနာ ကြောင့်သာ ပေါ်ပေါက်လာ ကြသည်။ ကောလာဟလ၏ သဘော သတ္တိမှာ ပြန့်ပွား သည်နှင့်အမျှ ကြီးလာတတ် သည်။ သာမန် အဓိပ္ပာယ်များ မှ မလိုလားအပ်သော၊ ကြီးမားသော အဓိပ္ပာယ်မျိုး ပေါ်ပေါက် လာတတ်သည်" ဟု သုံးသပ်ရေးသားထား သည်**

### သင်ခန်းစာယူစရာ

ဆရာကြီးဇဝနက ၁-၃-၁၉၇၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် "မယုံထိုက်သော စကားတို့ကို ယုံမှားခဲ့မိကြ၍" ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည့် ဆောင်းပါးကလည်း သင်ခန်းစာယူစရာပင်-

ဆရာကြီးက ဆောင်းပါးအဖွင့်တွင် "ကောလာဟလ၏ သားကောင်များ" ဟု စဖွင့်သည်။ ပြီးမှ "သူတို့ကိုတော့ သည်လိုပဲ နာမည်ပေးရလိမ့်မည်၊ သူတို့ဆိုသည်မှာ ခရမ်းမြို့မှ ကျောင်းသားငါးယောက်နှင့် ကျောင်းသူနှစ်ယောက်ဖြစ်ကြသည်။ လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်း က တက္ကသိုလ်နယ်မြေတွင် ဆူပူလှုပ်ရှားမှုများ ဖြစ်ခဲ့ရာတွင် ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။

"ခရမ်းမြို့မှ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားတစ်ယောက် အသတ်ခံရသည့်အထဲတွင် ပါဝင်သည်ဟူသော သတင်းတစ်ရပ်သည် ခရမ်းမြို့ပေါ်တွင် ပေါ်ထွက်လာသည်။ သတင်းဖြန့်သူက အဖျက်သမားတစ်ဦး ဖြစ်လေသည်။

"ထိုကောလာဟလသတင်းဖြန့်သူ အဖျက်သမားက ကျောင်းသားများကို စည်းရုံးသည်။ ကျောင်းသား ၅၀၀၀ တောခိုကုန်ကြပြီး လက်နက်အပြည့်အစုံနှင့် သထုံမြို့အနီး ဒုံးဝန်းတစ်ဝိုက်တွင် ရှိနေကြသည်ဟု ဆိုသည်။

"ဤတွင် ခရမ်းမှ လမ်းစဉ်လူငယ် အမာခံ ကျောင်းသူနှစ်ယောက်၊ ကျောင်းသား ငါးယောက်နှင့် သူတို့၏ အပေါင်းအသင်း အစိုးရဝန်ထမ်း သုံးယောက် စုစုပေါင်း ၁၀ ယောက်တို့သည် တောခိုပြီး အစိုးရကို တော်လှန်ပုန်ကန်ရန် ဆုံးဖြတ်ကြသည်။ မိမိတို့၏ လက်မောင်းမှ သွေးများကို ဖောက်

*စာမျက်နှာ ၂၃ သို့*

# လွိုင်လင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် လယ်ယာမြေဧက ၇၀၀ အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**လွိုင်လင် မတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်အတွင်းရှိ ခဲလောင်းကျေးရွာနှင့် ပါဟုတ်ကျေးရွာနှစ်ရွာရှိ လယ်ယာမြေဧက ၇၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ် လမ်းနှစ်လမ်း ဖောက်လုပ်လျက်ရှိကြောင်း လွိုင်လင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**ဈေးကွက်သို့ အချိန်မီရောက်ရှိ**

ခဲလောင်းကျေးရွာကုန်ထုတ်လမ်းမှာ အရှည် ၁မိုင် ၃ဖာလုံ အကျယ် ၁၂ ပေထု၊ သဲမြူန်း ကိုးလက်မ ခင်းခြင်းလုပ်ငန်းနှင့် ပါဟုတ်ကျေးရွာတွင် အရှည် ၁မိုင် ၄ဖာလုံ အကျယ် ၁၂ပေ ထု သဲမြူန်း ကိုးလက်မ ခင်းခြင်းလုပ်ငန်းတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၇၂ သန်းဖြင့်တင်ဒါ အောင်မြင်သော Warm Familyကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ယခု အချိန်တွင် ၆၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီး နေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၁၇ အိမ်မှ လူဦးရေ ၁၂၇၃ ဦးတို့၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောသည်။

**ဆွေးနွေးမှာကြား**

အဆိုပါ လမ်းဖောက်လုပ်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် ဝန်ထမ်းများက ယနေ့နံနက်က လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တွေ့ဆုံကာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များအား ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားသည်။ **ငြိမ်းသူ**

# ကျောက်ဆည်မြို့နယ်တွင် ဘူးပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေများရရှိ

**ကျောက်ဆည် မတ် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာတွင် ဘူးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိကြောင်း သိရသည်။

ဘူးပင်များ စိုက်ပျိုးမည်ဆိုပါက ထယ်ရေးညက်ညက်တွင် သဘာဝမြေဩဇာဖြစ်သည့် နွားချေးနှင့် ဦးစွာ မြေပြုပြင်ထားပြီး တစ်ပင်နှင့်တစ်ပင် သုံးပေ၊ တစ်တန်းနှင့် တစ်တန်း ၁၈ ပေခြားကာ စိုက်ပျိုးမှသာ လေဝင်လေထွက် ကောင်းပြီး နေရောင်ခြည်ကောင်းစွာ ရရှိ၍ အပင်လက်မောင်းများ ဖြာထွက်နှုန်းကောင်းမွန်ကာ အသီးအထွက်နှုန်းကောင်းကြောင်း သိရသည်။

ဘူးပင်များ စိုက်ပျိုးမည်ဆိုပါက အသေအပျောက်မရှိစေရန်အတွက် အစေ့များအား အညှောက်ဖောက်ပြီးမှသာ စိုက်ပျိုးရကြောင်း၊ ဘူးတစ်ဧကစိုက်ပျိုးမည်ဆိုပါက အပင်အရေအတွက် တစ်ထောင်ခန့်ဝင်ဆံ့ကြောင်း၊ စတင်စိုက်ပျိုးပြီး ၄၅ ရက်တွင် ဘူးသီးများ စတင်ခူးဆွတ် ရောင်းချရကြောင်း၊ ရောင်းဈေးအနေဖြင့် ဘူးသီးတစ်လုံး ငွေကျပ် ၃၀၀ မှ ၅၀၀ အထိ အမျိုးမျိုးရှိပြီး နှစ်လခန့်အထိ ခူးဆွတ် ရောင်းချရကြောင်း သိရသည်။

ဘူးပင်သည် ရေကြိုက်သည့် အပင်တစ်မျိုး ဖြစ်သောကြောင့် မြေအစိုဓာတ်ရှိစေရေး မြေအနေအထားပေါ်မူတည်ကာ ရေတင်ပေးခြင်းများ ပြုလုပ်ပေးရကြောင်း၊ ခူးဆွတ်ရောင်းချရာတွင် တစ်ရက်ခြား ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေသောကြောင့် ဘူးပင်သည် စိုက်သင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ဘူးစိုက်ပျိုးရောင်းချသူ ကုလကျေးရွာမှ တောင်သူဦးမျိုးမြင့်က ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

# “တစ်ဆက်တည်းမှာပင် ကောလာဟလသတင်းများကို ခြေဖျက်နိုင်ရန် “ပြဿနာ၏အရင်းခံကို ပစ်မှတ်ပရိသတ်နားလည်စေရန် ဖြေရှင်းချက်နှင့် ရှင်းလင်းတင်ပြခြင်း၊ ရန်သူ့ ကောလာဟလ ညွှတ်ကွင်းသို့ မသက်ဆင်းမိစေရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးခြင်း၊ ကောလာဟလသတင်း၏ အခြေအမြစ်ကိုအမြန်ဆုံး ဖော်ထုတ်ချေဖျက်ခြင်း” နည်းလမ်းသုံးသွယ်ကို အချိန်အခါနှင့် အခြေအနေအရ အသုံးပြုသွားရမည်ဟု ဆို၏။”

*စာမျက်နှာ ၂၂ မှ*

ထုတ်သောက်မျိုပြီး သစ္စာဆိုကြသည်။ သည်နောက်တွင် သူတို့သည် တောခိုရန် ခရမ်းမြို့မှ ထွက်ခွာလာကြသည်။

“သို့သော် သူတို့အား သွေးထိုးလှုံ့ဆော်ပေးခဲ့သူသည် မှုမမှန်သည့်အလုပ်ကို လုပ်သူဖြစ်သည့်အလျောက် သူတို့နှင့် အတွေ့မခံတော့ဘဲ ရုတ်ရုတ်သဲသဲ ဖြစ်ရုံမျှ သူတို့ကို လှုံ့ဆော်ပေးခဲ့ပြီးနောက် အခြားကျောင်းသား ကျောင်းသူလူငယ်များကို သွေးထိုးပေးရန် အရပ်တစ်ပါးသို့ ထွက်ခွာသွားခဲ့လေပြီ။

“ထိုအဖျက်သမားကား ကျင်လည်ပါးနပ်စွာ တိမ်းရှောင်သွားလာနိုင်လျက် ရှိသော်လည်း သူသွေးထိုးပေးခဲ့သည်ကို အဟုတ်ထင်ပြီး တောခို ရန် ထွက်လာကြသူ ကျောင်းသူနှစ်ဦးအပါအဝင် လူငယ် ၁၀ ဦးတို့မှာ ပဲခူးမှ ထွက်စမှာပင် အဖမ်းခံကြရလေတော့သည်။

“ထိုလူငယ် ၁၀ ဦးသည် ယင်းသို့ အဖမ်းခံရသည့် အချိန်အထိ သူတို့ကြားရသည့် ကောလာဟလ သတင်းကို ယုံကြည်နေကြသေးသည်။ အင်းစိန်အကျဉ်းစခန်းသို့ ရောက်တော့မှ လုံ့စွပ်ဖြင့် ထိုးသတ်ခံရ၍ သေပြီဟု ကြားသိထားရသူကို ထိုစခန်းတွင် တွေ့ကြရကာ အံ့အားသင့်ကြရတော့သည်။ ထိုခါမှ သူတို့၏ အမှားကို သူတို့သိမြင်လာကြလေတော့သည်။

“ယနေ့ ကျောင်းသူနှစ်ဦးနှင့် ကျောင်းသား ငါးဦးကို အင်းစိန်ထောင်မှ လွှတ်လိုက်လေပြီ။ သူတို့သည် အပြင်မထွက်မီ မိမိတို့၏ အမှားကို လူကြီးများရှေ့တွင် ဝန်ခံပြောဆိုကြသည်။ ထို့နောက် မည်သူမျှ ပြောဆိုတိုက်တွန်းရခြင်းမရှိဘဲ လူကြီးများကို ထိုင်၍ကန်တော့ကြသည်။

“အဖျက်သမားတို့ကမူ ယခုထက်တိုင် ကောလာဟလ သတင်းများကို လွှင့်နေကြဆဲဖြစ်သည်။ ကောလာဟလကို ယုံသူတို့က ယုံကြည်နေကြသေးသည်။ သူတို့ကို ကောလာဟလ၏ သားကောင် များအဖြစ် သနားရုံမှလွဲ၍ အခြားဘာမျှ တတ်နိုင်ကြမည်မဟုတ်ပေ” ဟု ရေးသားဖော်ပြခဲ့လေ၏။

၁၈-၁၂- ၁၉၇၄ ရက်ထုတ် ဗိုလ်တထောင်သတင်းစာတွင် ဆောင်းပါးရှင် မောင်သစ္စာက “လူတို့သည် အခြေအနေတစ်ရပ် သို့မဟုတ် လှုပ်ရှားမှုတစ်ခု ရှုပ်ထွေးလာပြီဆိုပါက ထင်ကြေးပေး၍ အမျိုးမျိုး ပြောဆိုဝေဖန်ကြလေ့ရှိသည်။ ဖြစ်ရပ်မှန်ကို သိလိုသော သုံးသပ်အကဲဖြတ်လိုသောသဘောဖြင့် တစ်ဆင့်စကား တစ်ဆင့်ကြားများကို ပြောဆို ဖလှယ်ကြကုန်သည်။ ဤသည်မှာ မလွန် ဆန်နိုင်သော ဓမ္မတာပါတည်း။

“အမှန်တရားကို ရှာဖွေ လက်ဆင့်ပွားကြပါမူ တော်သေးသည်။ မည်သည့် အန္တရာယ်မျှလည်း မဖြစ်နိုင်။ သို့သော် တကယ့်ဖြစ်ရပ်သည် ဤသို့ မဟုတ်ပါချေ။ ရိုးသားစွာ သတင်းဖလှယ်ကြ၊ ဝေဖန် သုံးသပ်ကြသူများရှိသကဲ့သို့ ----

(၁) နိုင်ငံရေးကျားကွက် ကစားလိုသူများက အခြေအနေများ ပိုမိုရှုပ်ထွေးအောင် လည်းကောင်း၊

(၂) ဖောက်ပြန်ရေး ဘက်တော်သားများက ပြည်သူများတွေဝေအောင် ဝါဒဖြန့်၍ လည်းကောင်း၊

(၃) စီးပွားရေး အမြတ်ထုတ်လိုသူများက ပြည်သူလူထု တုန်လှုပ်ချောက်ချားအောင်နှင့် ဈေးများ ကမောက်ကမဖြစ်အောင် လည်းကောင်း၊

(၄) ပွဲလန့်လျှင် ဖျာခင်းလိုသူများက ပြည်သူလူထု ဖရိုဖရဲဖြစ်အောင် လည်းကောင်း အမျိုးမျိုးသတင်းလွှင့်ကြကုန်သည်” ဟူ၍ “လာသမျှ ကောလာဟလ ဆီးပြီးတိုက်ခိုက်ချေဖျက်ကြ” ခေါင်းစဉ်ဖြင့် ရေးသားခဲ့လေ၏။

၂၂-၂-၁၉၇၅ ရက်ထုတ် လုပ်သား ပြည်သူ့နေ့စဉ်သတင်းစာတွင်မူ ဆောင်းပါးရှင် ဇင်လင်းက “ကောလာဟလ၏ သဘောသဘာဝ” ခေါင်းစဉ်ဖြင့် ဖြစ်ပေါ်ခဲ့သော ကောလာဟလသတင်းအမျိုးအစားများကို ခြုံငုံ၍ သုံးမျိုးသုံးစားခွဲခြားသုံးသပ် ရေးထားသည်။

ကြောက်ရွံ့စိုးရိမ်မှုမှ ပေါ်ပေါက်လာသော ကောလာဟလသတင်း၊ မုန်းတီးရွံရှာ စက်ဆုပ်ခြင်းမှ ပေါ်ပေါက်လာသော ကောလာဟလသတင်း၊ မျှော်လင့်တမ်းတခြင်းမှ ပေါ်ပေါက်လာသော ကောလာဟာလသတင်းများ ဖြစ်သည်” ဟု ဆို၏။-

တစ်ဆက်တည်းမှာပင် ကောလာဟလသတင်းများကို ခြေဖျက်နိုင်ရန် “ပြဿနာ၏ အရင်းခံကို ပစ်မှတ်ပရိသတ်နားလည်စေရန် ဖြေရှင်းချက်နှင့် ရှင်းလင်းတင်ပြခြင်း၊ ရန်သူ့ ကောလာဟလ ညွှတ်ကွင်းသို့ မသက်ဆင်းမိစေရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးခြင်း၊ ကောလာဟလသတင်း၏ အခြေအမြစ်ကို အမြန်ဆုံး ဖော်ထုတ်ချေဖျက်ခြင်း” နည်းလမ်းသုံးသွယ်ကို အချိန်အခါနှင့် အခြေအနေအရ အသုံးပြုသွားရမည်ဟု ဆို၏။

၂၀-၁-၁၉၇၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ထီးချိုင့်မောင်က “ ယခုလည်း အခြေအနေကို ရှုပ်ထွေးအောင်လုပ်နေကြပြန်သည်။ ကုလသမဂ္ဂတပ်တွေ လာတော့မည် အသင့်ပြင်ထားကြဟုတစ်မျိုး၊ ဘယ်နေ့တွင် ဗုံးလာကြဲမည် ရှောင်နေကြဟု တစ်ဖုံစသည် စသည်ဖြင့် ပြည်ပအားကိုး ဝါဒဖြန့်ကြပြန်သည်။

“ကုလသမဂ္ဂနှင့် သို့လျှင် ပတ်သက်ပါမည်နည်း။ ဤအရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး လုံခြုံရေးကို မထိခိုက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအငြင်းမပွား၊ တစ်နိုင်ငံက တစ်နိုင်ငံကို ကျူးကျော်ခြင်းလည်း မဟုတ်။ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူငြိမ်းချမ်းသာယာရေးအတွက် လုပ်ဆောင်သော ပြည်တွင်းရေး သက်သက်သာဖြစ်သည်” ဟု “ယုတ္တိကင်းသော ကောလာဟလ” ခေါင်းစဉ်ဖြင့် ထိုခေတ်ထိုအခါက ပေါ်ပေါက်ခဲ့ဖူးသော ကောလာဟလသတင်းတစ်ရပ်ကို ဖော်ပြ၍ သုံးသပ်ဆွေးနွေးခဲ့ပါ၏။

ယခင်က လမ်းဘေးစာအုပ်အဟောင်းတန်းလေးတွင် ဝယ်ပြီး အပေါ်ယံရှုပ်ဖတ်ခဲ့သော “ကနေ့ကောလာဟလ” စာအုပ်ငယ်လေးက ယခုသေချာစေ့ငု ဖတ်ကြည့်တော့ တန်ဖိုးရှိလေစွ။ ဆရာကြီးဇဝန ဆောင်းပါးထဲကလို ကောလာဟလ၏ သားကောင် မဖြစ်ဖို့ အလင်းပြနေသည့် ခေတ်အဆက်ဆက် လမ်းပြမြေပုံလေးပါတကား။ ။

# မြောက်ဦးမြို့ရှိ မာရ်ငါးပါးစေတီပုထိုးများသို့ ဘုရားဖူးတစ်ခေါက်

**အောင်ကြည်မိုး(စစ်တွေ)**

တစ်လောက မြောက်ဦးမြို့သို့ စာရေးသူတို့မိသားစု ကိုယ်ပိုင်ကားငယ်ဖြင့် ဘုရားဖူးသွားဖြစ်ခဲ့သည်။ စစ်တွေမြို့မှ မြောက်ဦးမြို့သို့အသွား လမ်းခရီး တစ်ထောက်နားသည့်အနေဖြင့် ကျောက်တော်မြို့ရှိမဟာမြတ်မုနိဘုရားကိုလည်း ဝင်ဖူးခဲ့သည်။ ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့ကျလာနေပြီဖြစ်၍ မဟာမြတ်မုနိဘုရားရင်ပြင်၌ ဘုရားဖူးဧည့်သည်များနှင့် စည်ကားနေသည်။

စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ဘုရားဖူးသွားရောက်ရန်အတွက် ၈၂ မိုင်ရှိပြီး စစ်တွေ- ရန်ကုန်အမြန်ကားလမ်းကလည်း အထူးကောင်းမွန်နေ၍ နှစ်နာရီကျော်သာသာ မောင်းရသည်။ ရခိုင်ရှေးဟောင်းဘုရား ပုထိုးစေတီပေါ်များလှသော မြောက်ဦးမြို့သို့ ရောက်ခိုက်၊ ကြုံခိုက်ဖူးသင့်သည့် နေရာများကို "ဘုရားများလှ၊ လေးဌာနနှင့် သုံးဝမြတ်ပန်း၊ ကျော်ဝှန်းကခြား၊ မူကားလေးမူ၊ ဂူမှာနဝ၊ သတ္တရတနာ၊ မာရ်ငါးပါး၊ တည်ထားမြို့တည်၊ ငါးရပ်မည်တည်း" ဟု ဤသို့ရေးစာဆိုများက စာချိုးထားခဲ့ကြသည်။ ဘုရားများလှ၊ လေးဌာနတို့မှာ သျှစ်သောင်း၊ အံတော်သိမ်၊ ထုက္ကန်သိမ်နှင့် ကိုးသောင်းတို့ဖြစ်သလို မူကားလေးမူမှာ မြင်တော်မူ၊ ထင်တော်မူ၊ မျှော်တော်မူနှင့်ပေါ်တော်မူ(ဘုရားပေါ်)တို့ ဖြစ်ပြီး မာရ်ငါးပါးတွင် သကျမာရ်အောင်၊ ရတနာမာရ်အောင်၊ ဇိနမာရ်အောင်၊ လောကမာရ်အောင်နှင့် မင်္ဂလမာရ်အောင်တို့ ဖြစ်ကြသည်။

" သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဆိုစကားနှင့်အညီ ရခိုင်ပြည်နယ်၌ ဘုရား၊ စေတီ၊ ပုထိုးပေါင်းများစွာ ရှိနေသည်။ ထိုဘုရားစေတီပုထိုးပေါင်းများစွာထဲမှ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုမြို့၌ ထူးခြားဆန်းကြယ်လှစွာ ကျောက်ဆစ်ဗိသုကာလက်ရာများနှင့် တည်ထားကိုးကွယ်ခဲ့သည့် လူသိထင်ရှားကျော်ကြားလှသော မာရ်ငါးပါးဘုရားစေတီများကို သည်တစ်ခေါက်စုံအောင် မိသားစုဘုရားဖူးမြော် ဖြစ်ခဲ့ကြသည်။ ဤမာရ်ငါးပါးဘုရားစေတီပုထိုးများကို အစီဥ္စာန်ဖြင့် စုံလင်အောင် သွားရောက်ဖူးမြော်ပါက ဆုတောင်းပြည့်သည်ဟု ဆိုစမှတ်ရှိသည်။

မြောက်ဦးမြို့ရှိ မာရ်ငါးပါးဘုရားပုထိုး စေတီများမှာ-

၁။ သကျမာရ်အောင်

၂။ ရတနာမာရ်အောင်

၃။ ဇိနမာရ်အောင်

၄။ လောကမာရ်အောင်

၅။ မင်္ဂလမာရ်အောင် စသည်တို့ဖြစ်သည်။

**သကျမာရ်အောင်**

သကျမာရ်အောင် ဘုရားစေတီအား မြောက်ဦးမြို့ရှိ မာရ်ငါးပါး ဘုရားစေတီများအနက် အစောဆုံးတည် ထားခဲ့သော စေတီဖြစ်ပြီး နန်းတော်ရာကုန်းမှ အရှေ့မြောက် ဘက် မိုင်ဝက်ခန့်ဝေးသည်။ သီရိဓမ္မာရာဇာဘွဲ့ခံရခိုင်ဘုရင်ကြီးက ကောဇာသက္ကရာဇ် ၉၉၁ ခုနှစ်၊ ခရစ်နှစ် ၁၆၂၉ ခုနှစ်၌ ကုသိုလ်ကောင်းမှု ပြုတည်ထားခဲ့ခြင်းဖြစ်ပြီး ဝင်းတော် နှစ်ထပ်ဖြစ်သည်။ သကျမာရ်အောင်ဘုရား စေတီဘုရားအား ဝင်ရောက်ဖူးမြော်လိုက်ပါလျှင် အရံစေတီဆယ့်တစ်ဆူကို ရှေးမူမပျက်တွေ့မြင်ရသည်။ စေတီတော်၏ မူလအတိုင်းအတာမှာ အောက်ခြေဖိနပ်တော်အဝိုင်းပတ်လည်ပေ ၂၈၀၊ အထက် စေတီ၏ အောက်ခြေဖိနပ်တော်အဝိုင်း ပတ်လည်ပေ ၂၄၀၊ ဉာဏ်တော်အမြင့် ၁၁၄ ပေ နီးပါးရှိသည်ဟု သိရသည်။ စေတီတော်၏ အောက်ခံပစ္စယာကြာပွင့် ပုံသဏ္ဌာန်ဖြစ်ပြီး ပွင့်ဖတ်အကြီး၊ ပွင့်ဖတ်အသေးများဖြင့် အချိုးညီစွာတည်ဆောက်ထားခြင်း ဖြစ်သည်။ ပွင့်အာနေသော ကြာပွင့်ပုံ ဖိနပ်ပစ္စယာပေါ်၌ စေတီတော်ကို ပေါက်ထားဟန်ဖြစ်သည်။

မြောက်ဦးမြို့ရှိ ဘုရားစေတီများသည် အများအားဖြင့် ကျောက်ဆစ်ဗိသုကာလက်ရာများဖြစ်နေ၍ သကျမာရ်အောင်ဘုရားစေတီ ကျောက်ဆစ်လက်ရာ ဖြစ်နေသည်။ ဤစေတီတော်ကြီးအား ဖူးမြော်မြင်ရခြင်းဖြင့် ရှေးရခိုင်တို့၏ ကျောက်ဆစ်ဗိ



လောကမာရ်အောင်စေတီအား ဖူးတွေ့ရစဉ်။

**"သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဆိုစကားနှင့်အညီ ရခိုင်ပြည်နယ်၌ ဘုရား၊ စေတီ၊ ပုထိုးပေါင်းများစွာ ရှိနေသည်။ ထိုဘုရားစေတီပုထိုးပေါင်းများစွာထဲမှ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုမြို့၌ ထူးခြားဆန်းကြယ်လှစွာ ကျောက်ဆစ်ဗိသုကာ လက်ရာများနှင့် တည်ထားကိုးကွယ်ခဲ့သည့် လူသိထင်ရှားကျော်ကြားလှသော မာရ်ငါးပါးဘုရားစေတီများကို သည်တစ်ခေါက်စုံအောင် မိသားစုဘုရားဖူးမြော်ဖြစ်ခဲ့"**

သုကာလက်ရာ အဆင့်မြင့်မြင့် ရှိနေခဲ့သည်ကို တွေ့မြင်ရသည်။ မြောက်ဦးဒေသရှိ ဘုရားစေတီပုထိုးများအား ရှေးရခိုင်လူမျိုးများက အုတ်နှင့်မတည်ဆောက်ကြဘဲ ကျောက်ဆစ်လက်ရာများဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်မှာ ယခင်ကတည်းက ရခိုင်ဒေသ၌ မိုးရေချိန်များ၍ ဖြစ်ပါလိမ့်မည်ဟု ဘုရားဖူးမြော်ရင်း စာရေးသူစဉ်းစားဖြစ်ခဲ့သည်။

စေတီ၏ ပရိဝုဏ်အတွင်း မဟာသိမ်တော်ကြီးအဖြစ် သိမ်တိုင်ကြီးများ စိုက်ထူထားရှိပြီး ရဟန်းတော်တစ်ထောင်ဖြင့် ဘုရားအနေကဇာတင်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများက ဆိုထားသည်။ မြောက်ဦးမြို့ရှိ မာရ်ငါးပါးဘုရားစေတီများထဲ သကျမာရ်အောင် ဘုရားစေတီ၏ ထူးခြားချက်တစ်ခုက စေတီတော်၏ အနောက်ဘက်ဝင်လမ်းနှင့် ဝေးရာတွင် ထည်ထည်ဝါဝါ ခံ့ခံ့ညားညားရှိနေသော "တေနာယကရှု ပီလိယကရှု" သာသနာစောင့်ဘီလူးညီနောင် ကျောက်ဆစ်ရုပ်တုကြီးနှစ်ခုကို တွေ့မြင်နိုင်ပါသေးသည်။

**ရတနာမာရ်အောင်**

ရတနာမာရ်အောင် စေတီတော်သည် သျှစ်သောင်းဘုရား၏ အရှေ့ဘက်လေးဖာလုံခန့်အကွာ ကုန်းတော်မြင့်၌ တည်ရှိသည်။ ရတနာမာရ်အောင် စေတီတော်အား ကောဇာသက္ကရာဇ် ၁၀၁၄၊ ခရစ်နှစ် ၁၆၅၂ ခုနှစ်တွင် စန္ဒသုဓမ္မရာဇာမင်းနှင့် မိဖုရားရတနာပီယဒေဝီတို့ကိုးကွယ်ခဲ့သော ကုသိုလ်ကောင်းမှုဖြစ်ပြီး မာရ်ငါးပါးထဲက ဒုတိယမြောက်တည်ထားခဲ့သည့် ဘုရားစေတီဖြစ်သည်။ စန္ဒသုဓမ္မရာဇာဘုရင်အနေဖြင့် မာရ်ငါးပါးထဲမှ မာရ်ဘုရားစေတီများဖြစ်သည့် ရတနာမာရ်အောင်၊ ဇိနမာရ်အောင်၊ လောကမာရ်အောင် စသည့်ဘုရားစေတီသုံးဆူကို တည်ထားကိုးကွယ်ခဲ့သူဖြစ်သည်။ စေတီတော်၏ အမြင့်ပေ ၁၈၀၊ လုံးပတ်လည် ၃၈၄ ပေရှိ၍ မာရ်ငါးပါးဘုရားပုထိုးစေတီများထဲတွင် အမြင့်ဆုံးစေတီဖြစ်ကြောင်း သိရှိထားရသည်။

သကျမာရ်အောင် ဘုရားစေတီနှင့် ရတနာမာရ်အောင် ဘုရားစေတီတည်ဆောက်ချိန် နှစ်ပေါင်း ၂၀ နီးပါးအချိန်လောက်သာ ကွာခြားပါသော်လည်း သကျမာရ်အောင်ဘုရားစေတီ၏ ကျောက်ဆစ်လက်ရာများနှင့် ရတနာမာရ်အောင်ဘုရားစေတီ၏ ကျောက်ဆစ်လက်ရာများ ပုံစံသည်ကား လုံးဝမတူ ကွဲပြားခြားနားသွားသည်မှာ နှစ်ပေါင်းနှစ်ဆယ်အတွင်း ကျောက်ဆစ်ပညာရှင်များ၏ ဆန်းသစ်တီထွင်မှုကို မြင်တွေ့ခဲ့ရပါ၏။ ရာဇဝင်အဆက်ဆက်မှ အခုချိန်ထိတိုင်အောင် ရခိုင်လူမျိုးများက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား အသက်နှင့်ထပ်တူ ယုံကြည်ဆည်းကပ်ပူဇော် ကိုးကွယ်နေမှု အဓိပ္ပာယ်ကို ဖော်ဆောင်လျက်ရတနာမာရ်အောင်စေတီတော်ဟု ခေါ်တွင်တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီအောက်ခြေပတ်လည်တွင် ဂြိုဟ်ရှစ်လုံး၏အရုပ်များကို ကျောက်ညို၊ ကျောက်တုံးကြီးများဖြင့် ထုလုပ်ထားပြီး ထီးတော်ကို ကျောက်ထီးဖြင့် တည်ဆောက်ထားသည်။

ရတနာမာရ်အောင် စေတီတော်ရှစ်မြောင့် ထုချွန်ပုံသဏ္ဌာန်၊ ပစ္စယာကိုးဆင့်မြင့် တည်ဆောက်ထားကာ သပိတ်မှောက်ဖောင်းရစ်၊ ကြာမှောက်၊ ခွေးလုံး၊ ပုတီးစေ့၊ ကြာလှန်ငှက်ပျောဖူး ငှက်မြတ်နား၊ စိန်ဖူး၊ ကျောက်ထီးတော် စသည်တို့ကို အချိုးအစား ပြေပြစ်ညီညာစွာဖြင့် တည်ဆောက်ထားနိုင်ခဲ့၍ ရခိုင်လူမျိုးတို့၏ ကျောက်ဆစ် ဗိသုကာပညာကို ဖော်ကျူးခဲ့သော စေတီတော်တစ်ဆူဖြစ်သည်။ ဘုရားပေါ်သို့တက်ရောက်ဖူးမြော်နိုင်ရန် အရပ်လေးမျက်နှာအား မျက်နှာမူ၍ ကျောက်လှေကားလေးခု တည်ဆောက်ထားသည်။ စေတီတော်အောက်ခြေပတ်လည်တွင် ဂြိုဟ်ရှစ်လုံး၏အရုပ်များကို ထုလုပ်ထားပြီး ဘုရင်မင်းကြီး ဥပုသ်သီလဆောက်တည်နိုင်ရန် ဂူတစ်ခုဆောက်လုပ်ထားသည်။

**ဇိနမာရ်အောင်**

မြောက်ဦး နန်းတော်ရာကုန်း၏ တောင်ဘက်နှစ်ဖာလုံအကွာ ပေငါးဆယ်မြင့်သော တောင်ကုန်းပေါ်၌ တည်ရှိနေသည်။ စန္ဒသုဓမ္မရာဇာမင်းမြတ်နန်းတက်ချိန် ပန်းထိမ်တောင်၌ ဘုရားတည်ခါစကလေးများ၏ပါးစပ်၌ " သံသုမာရ အရှင်ဘုရင်ကောင်းမှုပန်းထိမ်တောင်ဘုရားပြုသာစုမခေါ်လောက်" ဆိုပြီး တဘောင်စကားအဖြစ် ပေါ်ထွက်လာခဲ့သည်။ ဘုရင်ကြီးက မှူးမတ်များအား တဘောင်စကားနှင့်ပတ်သက်၍မေးမြန်းရာ ဘုရင်မင်းမြတ် တည်ထားကိုးကွယ်သောစေတီ အရွယ်အစားသေးငယ်နေ၍ ကလေးများ ပြောဆိုနေခြင်းဖြစ်ကြောင်းနှင့် အရှင်မင်းကြီး၏ ဘုန်းတန်ခိုးအာနိသင် ပို၍ကြီးမားလာအောင် စေတီတော်အကြီးတစ်ဆူ တည်ထားကိုးကွယ်သင့်ကြောင်း မှူးမတ်များက လျှောက်တင်ကြရာ စန္ဒသုဓမ္မရာဇာမင်းမြတ်က ထိုစေတီငယ်အားငုံပြီး ကောဇာသက္ကရာဇ် ၁၀၄၂ ခုနှစ် ခရစ်နှစ် ၁၆၅၂ ခုနှစ်၌ ဇိနမာရ်အောင်စေတီတော်ကြီးအား တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ စေတီတော်တည်ထားကိုးကွယ်ရာ တောင်ထိပ်ပေါ်မှကြည့်ရှုပါလျှင် မြောက်ဦးတစ်မြို့သားလုံး သောက်သုံးနေကြသော လက်ဆည်ကန်နှင့် အနုမရေကန်တို့ကို တွေ့မြင်နိုင်ပါသေးသည်။

စန္ဒသုဓမ္မရာဇာမင်း အနေဖြင့် သကျမာရ်အောင်၊ ရတနာမာရ်အောင်၊ ဇိနမာရ်အောင် စသည့်မာရ်ဘုရားစေတီသုံးဆူကို တစ်ပြိုင်တည်းတည်ထားကိုးကွယ်ခဲ့သည်ဟု ရခိုင်သမိုင်းသုတေသီများ ရေးထားသည်ကို ဖတ်ဖူးသော်လည်း မာရ်ဘုရားစေတီသုံးဆူ၏ ကျောက်ဆစ်ဗိသုကာလက်ရာပုံသဏ္ဌာန်သည် တစ်ခုတစ်မျိုးစီဖြစ်နေသည်။ ဇိနမာရ်အောင်စေတီတော်ကြီးစေတီပုံစံက ရှစ်မြောင့်ထုချွန်ပုံသဏ္ဌာန်ဖြစ်ပြီး ဂန္ဓကုဋိတိုက်တော်တစ်ခု ပါရှိသည်။ အောက်ခံပစ္စယာ၌ လေးမြောင့်ဖြစ်ပြီး ထောင့်များတွင် ကိုယ်နှစ်ခွ ပူးကျောက်ရုပ်တစ်ကောင်နှင့် အထက်ပစ္စယာ၌ရိုးရိုး ပူးရုပ်တစ်ကောင်စီရှိနေသည်ကို တွေ့မြင်ရသည်။

**လောကမာရ်အောင်**

မြောက်ဦးနန်းတော်ရာ ကုန်း၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ မြို့ဦးခေါင်းတောင်တန်း၏ အနောက်ဘက်လွင်ပြင်၌ တည်ရှိသည်။

*စာမျက်နှာ ၂၅ သို့*

# နုနယ်သေးတဲ့ အဖြူထည်လေးတွေကို အစွန်းအထင်းမဖြစ်စေချင်ဘူး၊ သူတို့လေးတွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ကြယ်ပွင့်ကလေးတွေပါ

ဆရာမ ဒေါ်ချိုချို

တွေ့ဆုံမေးမြန်း – ထိုက်အောင်ဝင်း

နိုင်ငံတစ်ဝန်း ပြည်သူများအကြား လတ်တလော ဖြစ်ပေါ်နေသော CDM ( Civil Disobedience Movement) လှုပ်ရှားမှုများသည် ယခုအခါ တစ်လနီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။ CDM လှုပ်ရှားမှုနှင့်အတူ ဒီမိုကရေစီ အနှစ်သာရကို သွေဖည်နေသည့် အဖျက်အမှောင့်လုပ်ရပ်များပါ တွဲလျက်ပါလာနေသည်ကို တွေ့မြင်နေရသည်။ အများပိုင်လမ်းများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော ပြည်သူများကို ခရီးသွားလာမှုကြန့်ကြာစေရန် အမျိုးမျိုးအဖုံဖုံ ပြဿနာရှာနေမှုများသည် အေးချမ်းစွာလုပ်ကိုင်နေထိုင်လိုသည့် ပြည်သူများအပေါ် များစွာထိခိုက်လျက်ရှိသည်။ CDM လှုပ်ရှားမှုမှတစ်ဆင့် ပြည်သူများအကြား ပျံ့နှံ့ကူးစက်လာသော အဆိုပါအဖျက်အမှောင့်လုပ်ရပ်များနှင့်ပတ်သက်၍ ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသားဖော်ပြလိုက်ပါသည်။

“ဆရာမက အေးအေးချမ်းချမ်းပဲ စာသင်ချင်ပါတယ်။ ခုဆိုရင် ကျောင်းတွေပိတ်ထားတော့ စာမသင်ရတာ တစ်နှစ်ကျော်ပြီ။ ကိုဗစ်–၁၉ ကပ်ရောဂါက ကာကွယ်ဆေးတွေပေါ်လို့ ကျောင်းတွေပြန်ဖွင့်တော့မယ်ရှိသေး နိုင်ငံရေးမတည်မငြိမ်ဖြစ်လိုက်တော့ အတော်လေးကို စိတ်ပျက်သွားတယ်။ ဆရာမအမြင်နဲ့ ပြောရရင် ဒီ CDM လှုပ်ရှားမှုကြီး အမြန်ဆုံးအဆုံးသတ်စေချင်ပြီ။ ဘာလို့လဲဆိုတော့ အဓိကလမ်းပေါ်ထွက်အော်နေတာက ငယ်ရွယ်ပြီး ပညာဆက်လက်သင်ကြားရမယ့် ကလေးအရွယ်တွေကိုပဲ တွေ့နေရတယ်။ စိတ်လည်းမကောင်းဖြစ်မိတယ်။ ခုကတော့ သူတို့က ပတ်ဝန်းကျင်လှုံ့ဆော်အားပေးမှုတွေရှိနေတော့ သွေးဆူနေတာကို။ အမှား/ အမှန် မဝေခွဲ၊ မဆုံးဖြတ်တတ်သေးဘူးလေ။ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ ကလေးတွေကို လွှတ်ထားတဲ့မိဘတွေကို အံ့ဩမိတယ်။ နုနယ်သေးတဲ့ အဖြူထည်လေးတွေကို အစွန်းအထင်းမဖြစ်စေချင်ဘူး၊ သူတို့လေးတွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ကြယ်ပွင့်ကလေးတွေပါ ” ဟု တာမွေမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတစ်ခုတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဆရာမဒေါ်ချိုချို(အမည်လွှဲ) က CDM လှုပ်ရှားမှုတွင် ပါဝင်နေသော ကျောင်းသားလူငယ်များနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောသည်။

> **“CDM လှုပ်ရှားမှုကြီး အမြန်ဆုံး အဆုံးသတ်စေချင်ပြီ။ ဘာလို့လဲဆိုတော့ အဓိက လမ်းပေါ်ထွက်အော်နေတာက ငယ်ရွယ်ပြီး ပညာဆက်လက်သင်ကြားရမယ့် ကလေးအရွယ်တွေကိုပဲ တွေ့နေရတယ်။ စိတ်လည်းမကောင်း ဖြစ်မိတယ်။ ခုကတော့ သူတို့က ပတ်ဝန်းကျင်လှုံ့ဆော်အားပေးမှုတွေ ရှိနေတော့ သွေးဆူနေတာကို။ အမှား/ အမှန် မဝေခွဲ၊ မဆုံးဖြတ်တတ် သေးဘူးလေ။ CDM လှုပ်ရှားမှုမှာပါဝင်တဲ့ ကလေးတွေကို လွှတ်ထားတဲ့ မိဘတွေကို အံ့ဩမိတယ်”**

“ကျွန်တော်က ရန်ကုန်မြို့ထဲမှာ အီလက်ထရွန်နစ်နဲ့ လျှပ်စစ်ပစ္စည်းဆိုင် ဖွင့်ထားပါတယ်။ ကုမ္ပဏီကြီးရယ်လို့တော့ အကြီးစားမဟုတ်ပါဘူး။ ကိုဗစ်ကာလမို့ ဆိုင်ပြန်ဖွင့်တာ သိပ်မကြာသေးဘူး။ တစ်လကျော်လောက်ပဲ ရှိသေးတယ်။ ဆိုင်က ဝန်ထမ်းတချို့တော့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတယ်။ ကျွန်တော်ကတော့ လုပ်ပါလို့လည်း အားမပေးသလို၊ မလုပ်ပါနဲ့လို့လည်း မတားမြစ်ပါဘူး။ ဒါပေမယ့် အကျိုးနဲ့အကြောင်းက ဆက်စပ်နေတာမို့ သေချာတော့ စဉ်းစားကြပေါ့လို့တော့ ပြောလိုက်တယ်။ မိသားစုတစ်စုချင်းစီရဲ့ အလုပ်အကိုင်နဲ့ ရပ်တည်မှုတွေက မတူညီကြသလို ဝင်ငွေတွေကလည်းမတူကြတော့ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ဖို့ ပြောလိုက်တာပါ။ တချို့ကျတော့လည်း ပြောလိုက်တာနဲ့ သဘောပေါက်တယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားမြင်တာပေါ့။ လူငယ်ပိုင်းကတော့ လက်တည့်စမ်းချင်တဲ့အရွယ်ဆိုတော့ ဆွယ်တာ၊ မြှောက်ပေးတာနဲ့ ပါသွားကြတာပဲ” ဟု ကျောက်မြောင်းတွင် နေထိုင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးသူရိန်(အမည်လွှဲ) က သူ၏အမြင်ကို ဝေဖန်သည်။

လတ်တလောတွင် ရန်ကုန်မြို့၌ ပြည်သူအများသွားလာနေသော လမ်းမများပေါ်တွင် ကိုယ်ချင်းမစာ၊ အသိဉာဏ်မဲ့စွာ မင်းမဲ့စရိုက်ဆန်ဆန် သစ်တုံးများတားဆီးမှုများသည် အတော်လေးပင် ပေါပင်ဖြစ်လာသည်။ မတ် ၃ ရက်(ယနေ့)ဆိုလျှင် သက်ဆိုင်ရာရဲများက ကရိန်းကားများဖြင့်လိုက်လံ ရှင်းလင်းနေသည်မှာ နေရာအနှံ့ပင် တွေ့မြင်ခဲ့ရသည်။ ယင်းဖြစ်ရပ်သည် ပြည်သူများ အမှန်တကယ်လိုလား တောင့်တသော ဒီမိုကရေစီလမ်းစဉ်နှင့် လုံးလုံးလျားလျားဆန့်ကျင်နေသည်မှာ မျက်ဝါးထင်ထင် ပေါ်လွင်နေသည်။

“ကျွန်မက တောင်ဥက္ကလာပကနေ ရန်ကုန်မြို့ထဲကိုသွားပြီး အလုပ်ဆင်းရတာပါ။ ဖုန်းအရောင်းဆိုင်မှာ အရောင်းစာရေးမအနေနဲ့ လုပ်ပါတယ်။ ပြောရရင် CDM လှုပ်ရှားမှုမှာ မပါဝင်ဘူးလားဆိုတော့ ပါပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အလုပ်တွေကလည်း ပိတ်ထား၊ သူငယ်ချင်းတွေခေါ်တာနဲ့ လိုက်ဖြစ်တယ်။ နောက်တော့ အလုပ်က ပြန်ခေါ်၊ အိမ်ကလည်း အလုပ်ပဲအာရုံစိုက်လုပ်ခိုင်းတော့ လာရတာပေ့ါ။ သူငယ်ချင်းတွေက သူတို့နဲ့အတူ CDM လှုပ်ရှားမှုဆက်မလုပ်လို့ဆိုပြီး စိတ်တောင်ဆိုးကြတယ်။ မတတ်နိုင်ဘူးလေ။ တကယ်တော့ အမှန်အတိုင်းပြောရရင် နှစ်ရက်လောက် လိုက်အော်တဲ့အထိ CDM ရဲ့အဓိပ္ပာယ်ကို နားမလည်သေးဘူး။ အဲဒီရက်တွေက အလုပ်ကလည်း နားထား၊ သူငယ်ချင်းတွေကလည်း ခေါ်လို့သာလိုက်သွားတာဆိုတော့ နိုင်ငံရေး ခေါင်းထဲသိပ်မရှိပါဘူး။ ခုတော့အလုပ်ကလည်း ဆင်းနေပြီဆိုတော့ အရင်လိုပဲ အေးအေးချမ်းချမ်းပြန်ဖြစ်စေချင်ပါတယ်”ဟု တောင်ဥက္ကလာပမှ ရန်ကုန်မြို့တွင်းသို့ အလုပ်သွားရောက်လုပ်ကိုင်နေသော မသီရိအောင်(အမည်လွှဲ)က ပြောသည်။

“ကျွန်မက အစိုးရဝန်ထမ်းတစ်ဦးပါ။ ကျင့်ဝတ်၊ စည်းကမ်းတွေနဲ့ပတ်သက်လို့လည်း ဒီနေ့ လုပ်သက် ၁၅ နှစ်ကျော်သည်အထိ ဘာကြီးကြီးမားမားမှ ကျူးလွန်ထားတာမရှိပါဘူး။ အဖေနဲ့ အမေကလည်း ဝန်ထမ်းဟောင်းတွေပါ။ ခုတော့ မိဘတွေက ပင်စင်ယူသွားကြပါပြီ။ ဝန်ထမ်းတွေ CDM လှုပ်ရှားမှုလုပ်ကြမယ်လို့ ကြားလိုက်ကတည်းက ဆုံးဖြတ်ပြီးသားပါ။ ငါတော့ ရှောင်မှဖြစ်မယ်။ ဆွယ်တဲ့သူတွေကတော့ ရှိကြတာပေါ့။ တကယ်တော့ ကျွန်မတို့အရွယ်က ကလေးမှ မဟုတ်တော့တာ။ မိဘတွေကလည်း ခဏခဏရုံးသွားတိုင်းမှာတယ်။ အဓိက အပေါင်းအသင်းမမှားဖို့၊ သူများပြောတိုင်း လွယ်လွယ်နဲ့ မယုံကြည်ဖို့ကို။ သူငယ်ချင်းတွေဆို CDM လှုပ်ရှားမှုမှာပါကြတာ သုံးလေးယောက် ရှိတယ်။ ဒါကလည်း သူတို့စိတ်သဘောနဲ့သူတို့လေ။ အပြစ်မပြော သလို၊ ဝေဖန်မှုလည်း မလုပ်ပါဘူး။ ကျွန်မ မပါဝင်လို့ အပြစ်ပြောလည်း ဂရုမစိုက်ပါဘူး။ ဒါပေမယ့် သူငယ်ချင်းတွေနဲ့က CDM လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး အမြင်ချင်းမတူတာ၊ သဘောထားကွဲလွဲတာရှိပေမယ့် အရင်အတိုင်းပဲ အခင်မင်မပျက်ပါဘူး။ ခုထိလည်း အဆက်သွယ်ရှိနေ ကြပါသေးတယ်” ဟု ဝန်ကြီးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မမိုးမိုးအေး(အမည်လွှဲ) က ပြောသည်။

---

*စာမျက်နှာ ၂၄ မှ*

စန္ဒသုမ္မရာဇာဘုရင် ခရစ်နှစ် ၁၆၅၂– ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီး၏လုံးပတ်ပေ၁၀၀၊ ဉာဏ်တော်အမြင့်ပေ ၁၀၀ နီးပါးရှိသည်။

လောက၌ရှိသော မာရ်အပေါင်းအား မြတ်စွာဘုရားရှင် အောင်မြင်ခဲ့သည်ကို ရည်စူးတည်ထားခဲ့၍ လောကမာရ်အောင်ဘုရားစေတီဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ လော်ကမူ ဘုရားဟူ၍လည်း ခေါ်သည်။

စေတီတော်ကြီး၏ ပုံသဏ္ဌာန်က အောက်ခြေလေးထောင့် ထုချွန်ပုံဖြစ်ပြီး ဂန္ဓကုဋိတိုက်တစ်ခု တည်ဆောက်ထားရှိသည်။ ဂန္ဓကုဋိတိုက်ထဲ၌ ဉာဏ်တော် ၁၁ ပေ အမြင့်ရှိသော မြောက်ဦးခေတ်လက်ရာ ကျောက်ဆင်းတုတော်ဘုရားတစ်ဆူကိန်း ဝပ်စံပယ်တော်မူလျက် ရှိနေသည်။ ခရစ်နှစ် ၁၆၇၅ ခုနှစ်တွင် လောကမာရ်အောင်ဘုရားစေတီ၏ သိမ်တော်၌ ဥဂ္ဂါဗလမင်းက ရဟန်းအပါးတစ်ထောင် ခံခဲ့သည်။

**မင်္ဂလမာရ်အောင်**

မြောက်ဦး နန်းတော်ရာကုန်းမှ မြောက်ဘက်တစ်မိုင်ခွဲခန့်အကွာ မင်္ဂလာကျုံးအရှေ့ဘက်တွင် တည်ရှိသည်။ မာရ်ငါးပါးဘုရားထဲ၌ နောက်ဆုံးမာရ်ဘုရားစေတီတစ်ဆူဖြစ်သည့် မင်္ဂလမာရ်အောင်စေတီအား စန္ဒသုဓမ္မရာဇာမင်း၏သားတော် ဥဂ္ဂါဗလမင်းနှင့် မိဖုရား အမရဒေဝီတို့က ခရစ်နှစ် ၁၆၈၅ ခုနှစ်၌ စတင်တည်ထားကိုးကွယ်ခဲ့ကြ သည်။ ဗုဒ္ဓဘာသာဝင်တို့၏ အနှစ်သာရ ဖြစ်သော ၃၈ ဖြာ မင်္ဂလာတရားတော်မြတ် ကို ရခိုင်လူမျိုးတို့ မျိုးရိုးစဉ်ဆက် စောင့်ထိန်းနေခြင်း အထိမ်းအမှတ်အဖြစ် ဥဂ္ဂါဗလမင်းနှင့် မိဖုရားအမရဒေဝီတို့က ဉာဏ်တော်အမြင့်ပေ ၈၀၊ လုံးပတ်ပေ၁၄၀ ရှိသည့် မင်္ဂလမာရ်အောင်ဘုရား စေတီကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

မင်္ဂလမာရ်အောင်စေတီတော်ကြီးကို ဥဂ္ဂါဗလမင်းက တည်ထားခဲ့သော်လည်း စေတီတော်မပြီးစီးခင် နတ်ရွာစံတော်မူ၍ ညီတော်ဝရဓမ္မာရာဇာမင်းက ပြီးစီးအောင်တည်ထားတော်မူခဲ့သည်။ စေတီတော်ကြီး၏ပုံသဏ္ဌာန်မှာ လုံးပိတ်ထုချွန်ဖြစ်ပြီး ကျောက်သား၊ ကျောက်တုံးကြီးများကို အသုံးပြုတည်ထားခဲ့ခြင်း ဖြစ်သည်။ စေတီတော်ကြီးအား မဟာတံတိုင်းများဖြင့် ကာရံထားပြီး အရပ်လေးမျက်နှာ၌ ကျောက်လှေကားတစ်ခုစီနှင့် မုခ်ပေါက်တစ်ခုစီထားရှိသည်။ ဘုရားစေတီပုထိုးသိမ်တော်ကြီး၌ မြောက်ဦးခေတ်လက်ရာ ရန်အောင်မြင် ကျောက်ဘုရားတစ်ဆူကိန်းဝပ်စံပယ်တော် မူလျက်ရှိနေသည်။

မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ခေါက်တစ်ခါ ရောက်ရှိခဲ့ပါလျှင် ကြည်ညို သဒ္ဒါပွားဖူးမြော်နိုင်စေရန် စာရေးသူတို့မိသားစု ဖူးမြော်ဖြစ်ခဲ့သော မာရ်ငါးပါး ဘုရားပုထိုးစေတီများ အကြောင်းအား တင်ပြပေးလိုက်ရပါသည်။

# မျိုးကွဲကိုဗစ်အန္တရာယ် ... သတိပြုဖွယ်

ပါမောက္ခကိုကိုအောင်
[သိပ္ပံစာရေးဆရာကိုကိုအောင်]

**ကမ္ဘာပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဖြစ်ပွားခဲ့မှုသမိုင်းကို ပြန်ပြောင်းကြည့်လျှင် ၂၀၀၂ ခုနှစ်က SARS-CoV ဟုခေါ်ဆိုသော Severe Acute Respiratory Syndrome Coronavirus ရောဂါ ဖြစ်ပွားခဲ့ရာ လူ ၈၀၀၀ ကူးစက်ခံရပြီး အသက်ဆုံးရှုံးရမှုက ၁၀ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် MERS-CoV ဟုခေါ်ဆိုသော Middle East Respiratory Syndrome Coronavirus ရောဂါ ဖြစ်ပွားခဲ့ရာ လူ ၂၃၀၀ ကူးစက်ခံရပြီး အသက်ဆုံးရှုံးရမှုက ၃၅ ရာခိုင်နှုန်း အထိရှိခဲ့သည်။**

ထိုမှတစ်ဖန် ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် COVID-19 ဟုခေါ်ဆိုသော Corona Virus Disease 2019 ရောဂါ ဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ ကုဋေနှင့်ချီသော လူသားများ ကူးစက်ခံခဲ့ကြရပြီး သန်းနှင့်ချီသော လူသားများမှာ အသက်ဆုံးရှုံးခဲ့ကြရပြီးဖြစ်သည်။ အသက်ဆုံးရှုံးရမှုက ဖြစ်ပွားရာဒေသများအပေါ်မူတည်ပြီး ၀ ဒသမ ၈ ရာခိုင်နှုန်းမှ ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိပင် ရှိခဲ့သည်။

COVID-19 ရောဂါပိုးများတွင် L-Strain၊ V-Strain၊ G-Strain၊ GR-Strain၊ GH-Strain၊S-Strain စသည်ဖြင့် မျိုးဗီဇကွဲများစွာရှိကြရာ မြန်မာနိုင်ငံ၌ စတင်ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်ဗိုင်းရပ်စ်၏ မျိုးဗီဇက D-Strain ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်ကာ ကူးစက်ပြန့်ပွားစေခဲ့သော COVID [D-Strain]ကြောင့် လူဦးရေ ၃၀၀ ကျော်တို့ ကူးစက်ခံခဲ့ကြရသည်။

### မျိုးဗီဇပြောင်းကိုဗစ်

၂၀၂၀ ပြည့်နှစ် ဇူလိုင်လနောက်ပိုင်း၌ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ပေါက်အသီးသီးမှ တစ်ဆင့် ဝင်ရောက်လာကြသူများထဲတွင် ကိုဗစ်ကူးစက်ခံထားကြရသူများကို တွေ့ရှိရပြီး ယင်းတို့အနက် တချို့မှာ မျိုးဗီဇပြောင်းကိုဗစ် (D 614 G) ကူးစက်ခံထားကြရသည်ကို တွေ့ရှိခဲ့ရသည်။

ကိုဗစ်ဗိုင်းရပ်စ်တွင် လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များ၌ ဝင်ရောက်တွယ်ငြိပြီး မျိုးပွားနိုင်ရန်နှင့် မျိုးဗီဇပြောင်းလဲနိုင်ရန်အတွက် Spike ခေါ် ပရိုတင်း အချွန်အတက်ကလေးများ ပါဝင်ကာ ၎င်း Spike များကို အမိုင်နိုအက်စစ် (Amino Acid) ခဲတ်ပစ္စည်းပေါင်း ၁၃၀၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ကိုဗစ်ဗိုင်းရပ်စ်၏ Spike တွင် အမိုင်နိုအက်စစ် ခဲတ်ပစ္စည်း ၁၃၀၀ ခန့်ရှိ သည့်အနက် အမိုင်နိုအက်စစ် နံပါတ် 614 က D-Strain [Aspartic Acid] မှ G-Strain [Glycine] သို့ မျိုးဗီဇ ပြောင်းလဲသွားခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ နောက်ပိုင်းတွင် ပြည်ပမှမြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသူ COVID Positive Patient များမှတစ်ဆင့် မျိုးဗီဇပြောင်း ကိုဗစ် G-614 သည် မြန်မာနိုင်ငံတစ်ဝန်းသို့ ကူးစက်ပြန့်ပွားသွားခဲ့ရာ လူပေါင်းသိန်းဂဏန်းကျော်အထိ ကူးစက်ခံကြရပြီ အသက်ဆုံးရှုံးရမှုက ထောင်ဂဏန်းနှင့်ချီ၍ပင် ရှိခဲ့ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ကုန်ဆုံးခါနီး ရက်ပိုင်းမျှအလိုတွင်မူ ကြောက်မက်ဖွယ်ရာ အလွန်ကောင်းသောကူးစက်မှု မြန်ဆန်လွန်းသည့် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်ပိုးကို အင်္ဂလန်နိုင်ငံတွင် စတင်တွေ့ရှိလာရပြန်သည်။ အင်္ဂလန်နိုင်ငံတွင် ကိုဗစ်ဗိုင်းရပ်စ် ကူးစက်ခံထားကြရသူများအနက် ကူးစက်မြန် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်ကူးစက်ခံထားရသူ ၁၄၀၀ ခန့် ရှိနေကြောင်း ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်က တရားဝင်ထုတ်ပြန်ခဲ့သည်။

သုတေသနပြုထားချက်များအရ အဆိုပါ ကူးစက်မြန် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်မှာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကတည်းက စတင်ပေါ်ပေါက်ခဲ့ဖွယ်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ Reproduction Number-R.O ဟုခေါ်ဆိုသော ရောဂါကူးစက်မှု အညွှန်းကိန်းအရ၊ SARS-CoV ဗိုင်းရပ်က လူတစ်ဦးမှ နောက်ထပ်လူလေးဦးသို့ [R.O 4]၊ MERS-CoV ဗိုင်းရပ်စ်က လူတစ်ဦးမှ နောက်ထပ်လူတစ်ဦးသို့ [R.O 1]၊ COVID-19/ D-Strain ဗိုင်းရပ်စ်က လူတစ်ဦးမှ နောက်ထပ်လူနှစ်ဦးမှ သုံးဦးကျော်သို့ [R.O 2 to 3.5]၊ COVID-19/ G -Strain ဗိုင်းရပ်စ်က လူတစ်ဦးမှ နောက်ထပ်လူ ၂၀ သို့ [R.O 20] ထပ်ဆင့်ကူးစက်ပြန့်ပွားနိုင်သည်။

အင်္ဂလန်နိုင်ငံတွင် တွေ့ရှိရသော ကူးစက်မြန်မျိုးကွဲ ကိုဗစ်ဗိုင်းရပ်စ်၏ ကူးစက်နိုင်စွမ်းကမူ ကမ္ဘာတစ်ဝန်း လက်ရှိကူးစက်နေသည့် ကိုဗစ်ဗိုင်းရပ်စ်ကူးစက်နှုန်း၏ ၁ ဒသမ ၇ ဆရှိသည့်အတွက် ကူးစက်ခံထားရသူတစ်ဦးမှ နောက်ထပ်လူ ၃၅ ဦးခန့်ကို ထပ်ဆင့်ကူးစက်ကာ လျင်မြန်စွာပြန့်ပွားသွားနိုင်သည်။

**“ကူးစက်မြန်မျိုးကွဲ ကိုဗစ်ဗိုင်းရပ်သည် ကူးစက်ခံရသူ၏ ခန္ဓာကိုယ်အတွင်း၌ ဗိုင်းရပ်စ်အကောင်ရေအားဖြင့် လက်ရှိကူးစက်ပြန့်ပွားနေဆဲ ကိုဗစ်မျိုးဗီဇထက် ၃ ဆမှ ၁၀ ဆအထိ ပိုမိုကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ အသစ်တွေ့ရှိရသော မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်၏ ကူးစက်ပြန့်ပွားနှုန်းက အလွန်လျင်မြန်သလို၊ အချို့သော ကူးစက်ခံရသူများ အနေဖြင့်လည်း ရောဂါပြင်းထန်နိုင်ပြီး အသက်ဆုံးရှုံးနိုင်ခြေရှိကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့”**

အင်္ဂလန်နိုင်ငံတွင် စတင်ကူးစက်ပြန့်ပွားစဉ်က အဆိုပါ ကူးစက်မြန် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်သည် အသက် ၂၀ အောက် လူငယ်များကို ပိုမိုကူးစက်စေကြောင်း တွေ့ရှိခဲ့ရသော်လည်း နောက်ပိုင်းတွင်မူ အသက်အရွယ်မရွေး ကူးစက်ပြန့်ပွားနိုင်ကြောင်းကို ထပ်မံတွေ့ရှိ ဖော်ထုတ်ခဲ့သည်။ အဆိုပါ ကူးစက်မြန် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်သည် ကူးစက်ခံရသူ၏ ခန္ဓာကိုယ်အတွင်း၌ ဗိုင်းရပ်စ်အကောင်ရေအားဖြင့် လက်ရှိကူးစက်ပြန့်ပွားနေဆဲ ကိုဗစ်မျိုးဗီဇထက် ၃ ဆမှ ၁၀ ဆအထိ ပိုမိုကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

### အသက်ဆုံးရှုံးနိုင်ခြေရှိ

အသစ်တွေ့ရှိရသော မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်၏ ကူးစက်ပြန့်ပွားနှုန်းက အလွန်လျင်မြန်သလို အချို့သော ကူးစက်ခံရသူများအနေဖြင့်လည်း ရောဂါပြင်းထန်နိုင်ပြီး အသက်ဆုံးရှုံးနိုင်ခြေရှိကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ အဆိုပါ မျိုးကွဲ ကိုဗစ်ဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း တရားဝင်ထုတ် ဖော်ကြေညာသည့် နိုင်ငံပေါင်း ၃၅ နိုင်ငံရှိရာ အဆိုပါ နိုင်ငံများထဲတွင် အာဆီယံဒေသတွင်း နိုင်ငံများဖြစ်ကြသော စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်းတို့အပြင် မြန်မာ့အိမ်နီးချင်း အိန္ဒိယနိုင်ငံလည်း ပါဝင်နေသည်။

အခြားတစ်ဖက်တွင်လည်း တောင်အာဖရိကနှင့် ဘရာဇီးစသော နိုင်ငံအချို့တို့တွင် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်များကို တွေ့ရှိလာကြရပြီး ယင်းမျိုးကွဲကိုဗစ်ဗိုင်းရပ်စ်များမှာ အင်္ဂလန်နိုင်ငံတွင် တွေ့ရှိခဲ့ရသည့် မျိုးကွဲကိုဗစ် ဗိုင်းရပ်စ်နှင့် တူညီမှုမရှိကြပေ။ မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ ကူးစက်မြန် မျိုးကွဲကိုဗစ် ဗိုင်းရပ်စ်ပိုးများမှာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ပါ ရောက်ရှိကူးစက်ပြန့်ပွားလာနိုင်သဖြင့် အထူးကြပ်မတ် စစ်ဆေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

### လိုက်နာဆောင်ရွက်ကြရန်လို

ကူးစက်မြန် မျိုးကွဲကိုဗစ်ဗိုင်းရပ်စ်၏ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်-

- Mask/ Face Shield တပ်ခြင်း၊ စက္ကန့် ၂၀ ကြာ လက်ဆေးခြင်းနှင့် ၂ မီတာ(၆ ပေခွဲ) ခွာနေခြင်းများကို စနစ်တကျနှင့် စွဲမြဲစွာ လုပ်ဆောင်ရန်
- မလိုအပ်ဘဲ နေအိမ်ပြင်ပသို့သွားလာခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန်
- ပြင်ပမှ နေအိမ်သို့ပြန်ရောက်လျှင် အဝတ်အစားများကို လျှော်ဖွပ်/ ရေချိုးသန့်စင်ပြီးမှသာ မိသားစုနှင့် ထိတွေ့ရန်
- လုပ်ငန်းခွင်သို့သွားရသူများ အနေဖြင့် လုပ်ငန်းခွင် မဝင်မီတွင် လက်နှင့် ခြေထောက်များကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောရန်။
- လုပ်ငန်းခွင်မှ နေအိမ်သို့ ပြန်ရောက်လျှင် လျှော်ဖွပ်/ ရေချိုးပြီးမှသာ မိသားစုနှင့် ထိတွေ့ရန်
- ညှော်သည်ကို လက်ခံစကားပြောခြင်းနှင့် ညအိပ် ညနေလက်ခံခြင်းကို အထူးရှောင်ရှားရန်
- တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခြင်းနှင့် ပွေ့ ဖက်နှုတ်ဆက်ခြင်းများကို အထူးရှောင်ရှားရန်
- ဗီတာမင်-ဒီ လုံလောက်စွာရရှိရေးနှင့် ဗိုင်းရပ်စ်ပိုးများ ကပ်ငြိနေခြင်းမှ ကာကွယ်ရန်အတွက် နေ့စဉ် နေရောင်ထဲသို့ထွက်၍ ခန္ဓာကိုယ်ကို နေပူခံရန်
- ပြင်ပမှပြန်ရောက်လျှင် တစ်ကိုယ်ရေသုံးပစ္စည်းများကို နေရောင်ထဲ၌ ဖြန့်၍ တစ်နာရီကြာမျှ နေပူခံရန်
- အိပ်ရေးဝအောင်အိပ်စက်ပြီး ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်အောင် ဂရုတစိုက်နေထိုင်ရန်
- ဟင်းလျာများကို ကျက်အောင်ချက်ပြုတ်ပြီးမှသာ စားသုံးရန်
- ဗီတာမင်ပြည့်ဝသော အစားအစာများကို ညီညွတ်မျှတစွာဖြင့် စနစ်တကျစားသုံးရန် [အထူးသဖြင့် ဗီတာမင်-စီ ကြွယ်ဝသော အစားအစာများကို အလေးထားစားသုံးရန်]

သဘာဝအရင်းအမြစ်များ ဖြစ်ကြသည့် သဘာဝ အစားအစာများမှ တစ်ဆင့် ရရှိနိုင်သော ဗီတာမင်များထဲတွင် ဗီတာမင်-စီ (Vitamin C) သည် လူ့ဘဝတစ်သက်တာ ကျန်းမာကြံ့ခိုင်ရေးအတွက် အရေးပါရုံမျှမက ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အထူးပင် အရေးပါလှသော ဗီတာမင်ဖြစ်သည်ကို သတိပြုသင့်ကြသည်။

အချဉ်ဓာတ်ပါသော အသီးများ၊ ခရမ်းချဉ်သီး၊ ရှောက်သီး၊ သံပရာသီး၊ လိမ္မော်သီး၊ မာလကာသီး၊ ပဲလုံး၊ ငရုတ်ကောင်း၊ ကိုက်လန်နှင့် ပန်းဂေါ်ဖီစိမ်းတို့ကို စားသုံးခြင်းအားဖြင့် ဗီတာမင်-စီကို ရရှိနိုင်သည်။

ထို့အတူပင် ခရမ်းလွန်ရောင်ခြည် အသင့်အတင့်မျှ ပါဝင်သော နေရောင်ခြည်အောက်တွင် မိနစ်ပိုင်းမျှလောက် နေပူခံရုံဖြင့်ပင် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်-ဒီ (Vitamin-D) ကို အလုံအလောက် ရရှိစေသည်။ ဗီတာမင်-ဒီ ချို့တဲ့ပါက ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေ ၅၀ ရာခိုင်နှုန်းကျော် ပိုများကြောင်း သိပ္ပံဆိုင်ရာ သုတေသနတစ်ရပ်၌ လေ့လာတွေ့ရှိရသည်။

### တွေ့ရှိဖော်ထုတ်နိုင်ခဲ့

သံသယလူနာပေါင်း ၁၉၀၀၀၀ ကို လေ့လာသုတေသန ပြုရာတွင် ပိုးတွေ့လူနာများ၏ ၁၃ ရာခိုင်နှုန်းက သာမန်ထက်ပို၍ အာဟာရချို့တဲ့မှုရှိနေကြောင်း တွေ့ရှိရပြီး ဗီတာမင်-ဒီ ချို့တဲ့လျှင်မူ ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေက ၅၄ ရာခိုင်နှုန်း ပိုများကြောင်း အဖြေထုတ်နိုင်ခဲ့သည်။ ထို့ပြင် လူ့ခန္ဓာကိုယ်အတွင်း၌ ဗီတာမင်-ဒီ လုံလုံလောက်လောက်ရှိနေပါက တုပ်ကွေးနှင့် SARS-CoV ရောဂါများမှ ကာကွယ်နိုင်စွမ်း ရှိကြောင်းကိုလည်း တွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။

ကလေးငယ်များအတွက် နေ့စဉ် ဗီတာမင်-ဒီ 400 IU မှ 1000 IU အထိလည်းကောင်း၊ အရွယ်ရောက်ပြီး သူများအတွက် နေ့စဉ် ဗီတာမင်-ဒီ 1500 IU မှ 2000 IU အထိလည်းကောင်း လိုအပ်သည်ဖြစ်ရာ နေရောင်ထဲ၌ ခန္ဓာကိုယ်ကို နေပူခံခြင်း၊ ငါးကြီးဆီ၊ နို့အမျိုးမျိုး၊ ဥ အမျိုးမျိုး၊ ဒိန်ချဉ်၊ လိမ္မော်ရည်၊ အသည်း၊ တူနာငါး၊ ဆော်လမွန်ငါး၊ ဆာဒင်းငါး(ငါးသေတ္တာငါး) တို့ကို စားသုံးခြင်း အားဖြင့် ဗီတာမင်-ဒီကို ရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်အား ကူးစက်ရောဂါများမှ ကာကွယ်ရေးအတွက် ဗီတာမင်-ဒီက အရေးပါလှသည့်အတွက် ဗီတာမင်-ဒီကို ရရှိနိုင်သမျှသော နည်းလမ်းများဖြင့် ရယူသင့်ကြသည်။ နေ့စဉ်နေ့တိုင်း နေရောင်ခြည်အောက်၌ မိနစ်ပိုင်းမျှလောက် နေပူခံခြင်းကမူ ငွေကုန်ကြေးကျမရှိဘဲ ခန္ဓာကိုယ်အတွက် ဗီတာမင်-ဒီကို လွယ်လင့်တကူဖြင့် လုံလုံလောက်လောက်ရရှိစေသော အကောင်းဆုံး နည်းလမ်းပင် ဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်းလည်းဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် မခက်ခဲသည့် ကိစ္စလည်းဖြစ်ပေသည်။ ။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကျိုက်မရောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၊ ကလေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် ဘာသာရေးကျောင်း စုစုပေါင်း ၁၄ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၊ ကျွန်းစုမြို့၊ ဧရာဝတီတိုင်းဒေသကြီး ငပုတော/ဓနုဖြူမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ တောင်ကုတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၊ ကလေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၉ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့ နွယ်ဝင် သီလရှင်များအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းရှိ ဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၂၀ နှင့် အလှူငွေ ၆ သိန်းကျော်တို့ကို ယနေ့တွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းအပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့ သုခိတာရုံစာသင်တိုက်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကန်သစ်ကျေးရွာဘုရားကြီးကျောင်းတိုက်၊ ကလေးမြို့နယ် ချမ်းမြေ့အောင်စည် ရပ်ကွက် မိုးကုတ်ဝိပဿနာကျောင်းတိုက်များရှိ ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## အေးအေးချမ်းချမ်းဖြင့် အလုပ်တက်/ ဆင်း ဆောင်ရွက်လို

**အယ်ဒီတာရှင်-**

ကျွန်မသည် မြောက်ဥက္ကလာပမြို့နယ်တွင်နေထိုင်ပြီး ရန်ကုန်မြို့အတွင်းသို့ နေ့စဉ်သွားရောက် အလုပ်လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပါတယ်။ လတ်တလော ရန်ကုန်မြို့၌ ပြည်သူအများသွားလာရာ လမ်းမကြီးများ၊ လမ်းသွယ်များပေါ်တွင် ယခုရက်ပိုင်းအတွင်း CDM လှုပ်ရှားဆန္ဒထုတ်ဖော်မှုကို အကြောင်းပြုကာ အလုပ်တက်၊ဆင်း ဆောင်ရွက်ရန် သွားရောက်နေသူများအား အနှောင့်အယှက်ပေးမှု၊ ခြိမ်းခြောက်မှုများမှာ တစ်နေ့ထက် တစ်နေ့ ပိုမိုစိုးရိမ်စရာဖြစ်လာနေရပါတယ်။

ပြည်သူအများ လိုလားတောင့်တသော ဒီမိုကရေစီလမ်းစဉ်နှင့်အညီ မိမိသဘောဆန္ဒအလျောက် ဆူပူလှုပ်ရှားမှုများ ပြုမူဆောင်ရွက်နေသည်များကို မဝေဖန်လိုသော်လည်း လမ်းမကြီးများပေါ်တွင် အမျိုးမျိုးသော အနှောင့်အယှက် အတားအဆီးများကြောင့် အလုပ်သွား၊ အလုပ်ပြန်တွင် ကျွန်မတို့ ပြည်သူများမှာ အတော်လေးကို အခက်အခဲများနှင့် ကြုံတွေ့နေရပါတယ်။

ကုမ္ပဏီက အလုပ်တက်၊ အလုပ်ဆင်း အဆင်ပြေစေရန် ဆောင်ရွက်ပေးထားသော ဝန်ထမ်းအကြို၊ အပို့ (ဖယ်ရီ) ကားမှာလည်း အခုရက်ပိုင်းအတွင်း လမ်းခရီးတစ်လျှောက်၌ အမျိုးမျိုးသောမလိုသူ လူအစုအဖွဲ့တချို့ရဲ့ အနှောင့်အယှက်များ ပေးနေမှုကြောင့် စိုးရိမ်တကြီးဖြစ်ကာ ယဉ်မောင်းများမှာ မမောင်းရဲအောင်ပင် ခြိမ်းခြောက်မှုများ၊ စောင်းမြောင်းပြောဆို ဝေဖန်မှုများကို နားမဆံ့အောင်ကြားနေရပါတယ်။ မခံစားနိုင်တော့သည့် ဝန်ထမ်း ကြို/ ပို့ ကား ယာဉ်မောင်းများမှာ ယခုအခါ ခရီးစဉ်အား ရပ်ဆိုင်းခဲ့ရသည်အထိ ဖြစ်သွားခဲ့ရပါတယ်။

ဝန်ထမ်း ကြိုပို့ (ဖယ်ရီ) ကားများ ယာယီရပ်ဆိုင်းခဲ့မှုကြောင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အောက်ရှိ YBS ယာဉ်လိုင်းများအား အားကိုးတကြီးဖြင့် အလုပ်တက်၊ အလုပ်ဆင်း ပြုမည်ကြံသေး သုံးလေးရက်ပဲ အေးအေးချမ်းချမ်းနဲ့ လိုက်ပါစီးလိုက်ရပါတယ်။ ဒီကနေ့ အလုပ်အသွား ကားမှတ်တိုင်တွင် ခါတိုင်းစီးနေကျ ယာဉ်လိုင်းက မလာပါလားလို့ ပတ်ဝန်းကျင် စုံစမ်းကြည့်လိုက်တော့ ယာယီရပ်နားလိုက်ပြီတဲ့။ စိတ်ကို တော်တော်လေးကို ကုန်သွားမိပါတယ်။ ရင်နာမဆုံးလည်း ဖြစ်မိပါတယ်။ ဒီ CDM လှုပ်ရှားမှုကြီး မြန်မြန်အဆုံးသတ်ပါစေလို့လည်း စိတ်ထဲက အကြိမ်ကြိမ်ရေရွတ်မှုများ ဖြစ်ရပါတယ်။ အိမ်ကအမေပြောသလို အလုပ်ထွက်ချင်စိတ်တောင် ပေါက်သွားမိပါတယ်ရှင်။

အလုပ်ထွက်လိုက်ပြန်ရင်လည်း မိသားစုအခက်အခဲ ဝမ်းရေးအတွက် မနေသာတော့ အောင့်အည်းသည်းခံပြီး သက်ပြင်းကို အကြိမ်ကြိမ်ချကာ ဖြေသိမ့်ရင်း မျက်ရည်တောင်ကျမိခဲ့ပါတယ်။ တစ်သက်နဲ့တစ်ကိုယ် ရန်ကုန်မြို့မှာ ရုံးအပြန် တစ်နာရီလောက် ခပ်ကြောက်ကြောက်နဲ့ လမ်းလျှောက်ရတာ ဒီလိုနေ့မျိုးကို ကျွန်မဘယ်လိုမှ မမေ့ပျောက်လို့ ရနိုင်တော့မယ် မထင်ပါဘူး။

ဒါကြောင့် သက်ဆိုင်ရာမှ တာဝန်ရှိသူများအနေဖြင့် ရန်ကုန်မြို့တွင် ကျွန်မတို့လို ဝမ်းရေးအတွက် အလုပ်တက်၊ ဆင်းသွားလာ လုပ်ကိုင်နေကြရသော ပြည်သူများ အေးအေးချမ်းချမ်းဖြင့် အလုပ်များ ဆောင်ရွက်လိုမှုကို ကူညီဆောင်ရွက်ဖြေရှင်းစေလိုပါကြောင်း ရိုသေစွာ တင်ပြအပ်သည်ရှင်။

**မြင့်မိုရ် (အေးအေးချမ်းချမ်းဖြင့် အလုပ်တက်ဆင်း ဆောင်ရွက်လိုသူတစ်ဦး)**

## အရင်လို ချစ်ချစ်ခင်ခင် အပြုံးမပျက်နှုတ်ဆက်ကြ၊ လက်တွဲလုပ်ဆောင်ကြရအောင်

**အယ်ဒီတာခင်ဗျာ -**

လူဆိုး၊ သူခိုး၊ ဓားပြ၊ လူရမ်းကား မရှိသလောက်ကို နည်းတဲ့ အေးချမ်းသာယာသော မြို့လေးမှာ ကျွန်တော်နေထိုင်ပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ မြို့လေးရဲ့ တည်ငြိမ်အေးချမ်းမှုဟာ တစ်စတစ်စ ယုတ်လျော့လာတဲ့ဘက်ကို ဦးတည်နေပါပြီ။ ဒီအတွက် စိုးရိမ်ကြောင့်ကြခြင်းတွေ ဖြစ်နေရပါတယ်။ နိုင်ငံအတွင်းက မြို့ကြီးတွေကို ကြည့်လိုက်တဲ့အခါမှာလည်း အလားတူဖြစ်ရပ်မျိုးတွေ ရှိနေတာကို တွေ့ရတဲ့အတွက် စိတ်မကောင်းလည်း ဖြစ်ရပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ရက်တွေကစပြီး မြန်မာနိုင်ငံအတွင်းက ဆန္ဒပြပွဲတွေဟာ ပုံစံမျိုးစုံ၊ နည်းမျိုးစုံနဲ့ နေရာဒေသအသီးသီးမှာ လုပ်ဆောင်လာတာကို တွေ့ရပါတယ်။ ဆန္ဒပြပြည်သူတွေအထဲမှာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသူများရှိသလို အဓိကရုဏ်းဖြစ်ပွားအောင် ဖန်တီးလုပ်ဆောင်သူအချို့ ပါဝင်လာခဲ့တာကြောင့် ဆန္ဒပြသူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေအကြားက ပဋိပက္ခဟာ တဖြည်းဖြည်း အရှိန်မြင့်လာနေပါပြီ။

CDM လှုပ်ရှားမှုတွေ၊ ဆန္ဒပြပွဲတွေ၊ အခြေအနေအရ အကြမ်းဖက်ဖြိုခွင်း လူစုခွဲခဲ့ရမှုတွေရဲ့ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေက များလှပါတယ်။ ဆန္ဒပြသူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေ အကြားမှာလည်း တစ်ဖက်နဲ့တစ်ဖက် ထိခိုက်ဒဏ်ရာရရှိမှုတွေ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပျက်စီးမှုတွေ ရှိလာတဲ့အထိ အခြေအနေတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဆိုးဆုံးကတော့ တန်ဖိုးရှိလှတဲ့ လူ့အသက်ဆုံးရှုံးမှုတွေ၊ နိုင်ငံတော်အဆင့် နစ်နာမှုတွေအပြင် မလိုလားအပ်တဲ့ ဒုစရိုက်မှုတွေကိုပါ ဦးတည်လာနေပါပြီ။

ဆန္ဒပြပွဲတွေကြောင့် ဘာတွေဆက်ဖြစ်လာဦးမလဲ။ ဆန္ဒပြပွဲတွေကနေ လက်တွေ့ကျတဲ့ အဖြေထွက်လာပါ့မလား။ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်တဲ့ လူမှုအသိုက်အဝန်းကြီး ပြန်လည်တည်ဆောက်နိုင်မယ့် ဆုံးဖြတ်ချက်မျိုးတွေ ရရှိလာနိုင်ပါ့မလား။ အနာဂတ်မှာ တိုင်းပြည်တာဝန်ကို ယူကြရမယ့် လူငယ်လူရွယ်တွေကို false hope တွေပေးပြီး အသက်တွေထပ်ပြီး အဆုံးရှုံးခံကြဦးမလား။

ကျွန်တော်တို့ နိုင်ငံသား သွေးချင်းညီနောင်တွေရဲ့ အသက်တွေ ထပ်ပြီး မဆုံးရှုံးစေချင်တော့ပါဘူး။ အသက်ဆုံးရှုံးခဲ့ရတဲ့ သားအတွက် ပူဆွေးသောကရောက်နေတဲ့ မိခင်တွေရဲ့ ခံစားရမှုတွေ၊ သောကမျက်ဝန်းတွေကို မကြည့်ရက်နိုင်တော့ပါဘူး။ ဖခင်မဲ့သွား၊ မိခင်မဲ့သွားရတဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်ရင်သွေးတွေရဲ့ အဖြစ်တွေကိုလည်း မကြားလိုတော့ပါဘူး။

အခုလို ထိပ်တိုက်တွေ့ဆုံမှုတွေက အဖြေ မဟုတ်ပါဘူး။ ပုဂ္ဂိုလ်စွဲတွေ၊ အယူဝါဒစွဲတွေ၊ ကိုယ့်အတ္တအစွဲတွေ အောက်ကနေ ကျွန်တော်တို့ ခဏလောက်ဖြစ်ဖြစ် ရုန်းထွက်ကြည့်ပေးကြပါ။ သက်ဆိုင်သူတွေအနေနဲ့ ဘေးထွက်ဆိုးကျိုးနဲ့ ထိခိုက်မှုအနည်းဆုံး နည်းလမ်းတွေကို ရှာဖွေလုပ်ဆောင်ပေးကြပါ။

ကျွန်တော်တို့တွေအကြားမှာ ယုံကြည်ချက်၊ ခံယူချက်တွေ အမျိုးမျိုးရှိကြပေမယ့်လည်း တစ်ဦးရဲ့ယုံကြည်ချက်၊ ခံယူချက်တွေကို တစ်ဦးက အပြန်အလှန် လေးစားပြီး အရင်လို ချစ်ချစ်ခင်ခင် အပြုံးမပျက် နှုတ်ဆက်ကြ၊ လက်တွဲလုပ်ဆောင် ကြရအောင်လို့ အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါတယ် ခင်ဗျာ။

**တည်ငြိမ်အေးချမ်းမှုလိုလားသူ**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

ယခုတစ်ပတ် သောကြာနေ့နံနက်ပိုင်းမှာ ပရီမီယာလိဂ် ပွဲစဉ် (၂၉) မှ ပွဲစဉ် သုံးပွဲကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်း၊ အသင်းကြီး လီဗာပူး၊ ချယ်ဆီးတို့ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဖူလ်ဟမ်အသင်းက စပါးအသင်းနဲ့ ရင်ဆိုင်ကစားရမှာဖြစ်ပြီး လီဗာပူး အသင်းက ချယ်ဆီးအသင်းနဲ့ ရင်ဆိုင်ကစားရမှာ ဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ခြေစွမ်းစစ်မှန်ကြောင်း ပြသရတော့မယ့် တူချယ်ရဲ့ ချယ်ဆီး



ပထမအကျော့ပွဲစဉ်တွင် ချယ်ဆီးကစားသမားများ၏ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို လီဗာပူး ဂိုးသမား ကာကွယ်နေစဉ်။

## ဖူလ်ဟမ် vs စပါး

ပ_ကျော့ရလဒ် စပါး ၁-၁ ဖူလ်ဟမ်

ဖူလ်ဟမ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ကို မတ် ၅ ရက် နံနက်ပိုင်းမှာ ဖူလ်ဟမ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးဇယားမှာ ဖူလ်ဟမ်အသင်းက ပရီမီယာလိဂ် (၂၆) ပွဲ ကစားပြီး ၂၃ မှတ်နဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်နေပါတယ်။ အဆိုပါ (၂၆) ပွဲမှာ တိုက်စစ်ပိုင်းက ရဂိုး ၂၁ ဂိုးသာရှိပြီး ခံစစ်ပိုင်းက ၃၂ ဂိုးအထိ ခွင့်ပြုပေးထားရပါတယ်။ စပါးအသင်းက (၂၅) ပွဲ ကစားပြီး ၃၉ မှတ်နဲ့ အမှတ်ပေးဇယားအထက်ပိုင်းမှာ ရပ်တည်နေပါတယ်။ အဆိုပါ (၂၅) ပွဲမှာ တိုက်စစ်ပိုင်းက ရဂိုး ၄၁ ဂိုးရှိပြီး ခံစစ်ပိုင်းက ၂၇ ဂိုးသာ ခွင့်ပြုပေးထားရတာကြောင့် ဖူလ်ဟမ်အသင်းထက် အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်တာကို တွေ့ရတယ်။

### အသင်းလိုက်စွမ်းဆောင်ရည်အားကောင်း

ဖူလ်ဟမ်အသင်းက ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ လက်စတာအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ သရေသုံးပွဲနဲ့ နိုင်ပွဲနှစ်ပွဲရရှိထားတာကြောင့် ခြေစွမ်းအကောင်းဘက် ဦးတည်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဖူလ်ဟမ်အသင်းက ယခုပွဲစဉ်ပြီးရင် အသင်းကြီးတွေဖြစ်တဲ့ လီဗာပူး၊ မန်စီးတီးအသင်းတို့နဲ့ ဆက်တိုက်ရင်ဆိုင်ကစားသွားရမှာဖြစ်တာကြောင့် ယခုစပါးအသင်းနဲ့ ပွဲစဉ်ကို အနိုင်ရရှိဖို့ အားစိုက်ကစားလာမှာပါ။ စပါးအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲမှာ နောက်တစ်ဆင့် တက်ရောက်ထားနိုင်တာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်အား ကောင်းလာတာကို တွေ့ရတယ်။ ပြီးခဲ့တဲ့ပွဲစဉ်နှစ်ပွဲမှာ ဝုဖ်ဘာဂါအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဘန်လေအသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့်လည်း ခြေစွမ်းကောင်းမွန်နေတာကို တွေ့ရတယ်။ အထူးသဖြင့် စပါးအသင်းမှာ ဂါးရတ်ဘေးလ် ခြေစွမ်းပြဂိုးတွေသွင်းယူထားနိုင်တာကြောင့် ယခုပွဲစဉ်မှာလည်း ဖူလ်ဟမ်အသင်းကို အနိုင်ရရှိဖွယ်ရှိနေပါတယ်။ ဖူလ်ဟမ်က တိုက်စစ်အားပြုကစားရင် သရေတစ်မှတ်ရနိုင်ပါတယ်။

## ဝက်စ်ဘရွန်း vs အဲဗာတန်

ပ_ကျော့ရလဒ် အဲဗာတန် ၅-၂ ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်ကို မတ် ၅ ရက် နံနက်ပိုင်းမှာ ဝက်စ်ဘရွန်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဝက်စ်ဘရွန်းအသင်းက ပရီမီယာလိဂ် (၂၆) ပွဲ ကစားပြီးချိန်မှာ ၁၇ မှတ်နဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်နေပါတယ်။ အဆိုပါ (၂၆) ပွဲမှာ တိုက်စစ်ပိုင်းက ဂိုး ၂၀ သာ သွင်းယူထားနိုင်ပြီး ခံစစ်ပိုင်းက ၅၅ ဂိုးအထိ ခွင့်ပြုပေးထားရတာကြောင့် ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ခံစစ်ပိုင်းအဆိုးဆုံးအသင်းအဖြစ် ရှိနေပါတယ်။ အဲဗာတန်အသင်းက (၂၅) ပွဲကစားပြီး ၄၃ မှတ်နဲ့ အမှတ်ပေးဇယား အထက်ပိုင်းမှာ ရပ်တည်နေပါတယ်။ ဂိုးသွင်းယူမှု တိုက်စစ်ပိုင်းမှာ ၃၈ ဂိုးရှိပြီး ခံစစ်ပိုင်းမှာ ပေးဂိုး ၃၃ ဂိုးသာရှိတာကြောင့် ဝက်စ်ဘရွန်းအသင်းထက် သာလွန်နေတာကို တွေ့ရတယ်။

### ခြေစွမ်းအတက်ဘက်ဦးတည်

ဝက်စ်ဘရွန်းအသင်းက မန်ယူ၊ ဘန်လေအသင်းတို့ကို သရေ ကစားထားနိုင်တာကို တွေ့ရတယ်။ ပြီးခဲ့တဲ့ ဘရိုက်တန်အသင်းနဲ့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပြီး နောက်ဆုံးသုံးပွဲဆက် မရှုံးနိမ့်အောင် ကစားထားနိုင်တာကြောင့် ခြေစွမ်းအတက်ဘက်ဦးတည်နေတယ်လို့ဆိုနိုင်ပါတယ်။ အဲဗာတန်အသင်းက ဖူလ်ဟမ်၊ မန်စီးတီးအသင်းတို့ကို နှစ်ပွဲဆက်ရှုံးနိမ့်ထားပေမယ့် လီဗာပူး၊ ဆောက်သမ်တန်အသင်းတို့ကို နှစ်ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပါတယ်။ ထို့ကြောင့် အဲဗာတန်အသင်းရဲ့ခြေစွမ်းကလည်းအတက်ဘက် ရောက်နေပါတယ်။ အဲဗာတန်အသင်းအနေနဲ့ ယခုပွဲစဉ်ပြီးရင် ချယ်ဆီးအသင်းနဲ့ ရင်ဆိုင်ကစားရမှာဖြစ်တာကြောင့် ယခု ဝက်စ်ဘရွန်းအသင်းနဲ့ပွဲစဉ်ကို အနိုင်ရရှိအောင် အသေအချာပြင်ဆင်လာမှာပါ။ အဲဗာတန်အသင်းက ယခုနှစ်ရာသီပရီမီယာလိဂ်မှာ အဝေးကွင်းစွမ်းဆောင်ရည်က အိမ်ကွင်းစွမ်းဆောင်ရည်ထက် သာလွန်နေတာကို တွေ့ရတယ်။ ဒါကြောင့် အဝေးကွင်းစွမ်းဆောင်ကောင်းမွန်တဲ့ အဲဗာတန်ကို ဝက်စ်ဘရွန်းအသင်း အနိုင်ရရှိဖို့ မလွယ်ပါဘူး။

## လီဗာပူး vs ချယ်ဆီး

ပ_ကျော့ရလဒ် ချယ်ဆီး ၀-၂ လီဗာပူး

လီဗာပူးအသင်းနဲ့ ချယ်ဆီးအသင်းတို့ပွဲစဉ်ကို မတ် ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်မှာ လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့မှာတော့ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ ချယ်ဆီးအသင်းကို အနိုင်ရရှိထားပါတယ်။ လီဗာပူးအသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ထားပြီး ရှက်ဖီးလ်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိပါဘူး။ ဒါ့အပြင် လီဗာပူးအသင်းအနေနဲ့ ယခုပွဲစဉ်ပြီးရင် တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနဲ့ ရင်ဆိုင်ကစားရမှာဖြစ်တာကြောင့်သော်လည်းကောင်း၊ အမှတ်ပေးဇယား ရပ်တည်မှုအရသော်လည်းကောင်း ချယ်ဆီးအသင်းကို အနိုင်ရရှိအောင် အားစိုက်ကစားလာမှာ သေချာပါတယ်။ ချယ်ဆီးအသင်းကလည်း ယခုပွဲစဉ်ပြီးရင် အဲဗာတန်အသင်းနဲ့ ရင်ဆိုင်ကစားရမှာဖြစ်တာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် အကောင်းဆုံး ပြင်ဆင်လာမှာပါ။

### ရမှတ်ကွာဟမှု တစ်မှတ်သာရှိ

ချယ်ဆီးအသင်းက နည်းပြသစ် တူချယ်လက်အောက်မှာ ခြေစွမ်းအထူးကောင်းမွန်နေတာကို တွေ့ရတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အက်သလက်တီကို မက်ဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပြီး မန်ယူအသင်းနဲ့ပွဲစဉ်မှာ ဂိုးမရှိသရေကျထားတာကြောင့် ခြေစွမ်းကျစ်လျစ်နေတာကို တွေ့ရတယ်။ ဒီနှစ်သင်းရဲ့ ရမှတ်ကွာဟမှုက တစ်မှတ်သာရှိတာကြောင့် ယခုပွဲစဉ်ကို ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ယခုပွဲစဉ်မတိုင်မီ လီဗာပူးအသင်းမှာ ဒဏ်ရာရကစားသမား အများအပြားရှိနေပြီး ချယ်ဆီးအသင်းမှာ အနည်းငယ်သာရှိနေပါတယ်။ လီဗာပူးအသင်းက ယခုနှစ်ရာသီ အိမ်ကွင်း ၁၃ ပွဲမှာ ရမှတ်အများ ဆုံးစုဆောင်းထားနိုင်ပေမယ့် ရှုံးပွဲကလည်း အများဆုံးကြုံတွေ့ ထားပါတယ်။

**မိုးဇက်-စုစည်းသည်**

## နောက်ဆုံးရ သတင်းတိုများ

- လိဒ်စ်အသင်းမှ အသက် (၂၁နှစ်) အရွယ် ပြင်သစ်ဂိုးသမား မက်စ်လီယာသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် လက်စွမ်းပြသထားနိုင်မှုကြောင့် အသင်းကြီးအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ၎င်းအေးဂျင့်၏ အဆိုအရ သိရသည်။
- ဝက်စ်ဟမ်းနှင့် အင်္ဂလန်ကွင်းလယ်ကစားသမား ရိုက်စ် (၂၂နှစ်) သည် ကမ္ဘာ့အဆင့်ကစားသမားတစ်ဦးဖြစ်လာဖွယ်ရှိကြောင်း အသင်းဖော်ဟောင်း ဟယ်လာက ပြောကြားလိုက်သည်။ ရိုက်စ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ဝက်စ်ဟမ်းအသင်းအတွက် ၂၆ ပွဲပါဝင်ကစားထားသည်။
- ရီးရဲမက်ဒရစ်အသင်းမှ အသက် (၂၇နှစ်) အရွယ် ဗာရာနီသည် စာချုပ်သစ်ချုပ်ဆိုဖွယ်မရှိသောကြောင့် မန်ယူအသင်းသို့ ရောင်းထုတ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ ဗာရာနီသည် ယခုနှစ်ရာသီ လာလီဂါတွင် ၂၄ ပွဲအထိ ပါဝင်ကစား ခွင့်ရရှိထားသည့် ကစားသမားတစ်ဦးဖြစ်သည်။



- ချယ်ဆီးအသင်းသည် အေစီမီလန်အသင်းမှ အသက် (၂၂နှစ်) အရွယ် အီတလီဂိုးသမား ဒွန်နာရမ်မာ၏ အခြေအနေကိုစောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ဒွန်နာရမ်မာသည် ယခုနှစ် စီးရီးအေပြိုင်ပွဲ ၂၃ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ရှစ်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။
- ဒေါ့မွန်အသင်းသည် ဆီဗီလာအသင်းမှ အသက် (၂၃နှစ်) အရွယ် မော်ရိုကို တိုက်စစ်ကစားသမား နက်စ်ရီကို အသင်းမှ နော်ဝေ တိုက်စစ်ကစားသမား ဟာလန်းနေရာအတွက် လျာထား ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နက်စ်ရီသည် ယခုနှစ်ရာသီတွင် ဆီဗီလာအသင်းအတွက် ၂၄ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ၁၃ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

# နောက်ကျသွင်းဂိုးတွေနဲ့အတူ ဝုဖ်ကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ပွဲကြိုအဖြစ် မန်စီးတီးနှင့် ဝုဖ်အသင်းတို့ ပွဲစဉ်ကို မတ် ၃ ရက် နံနက်ပိုင်းက မန်စီးတီးအသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် လာမည့်ပွဲစဉ်မှာ မြို့ခံပြိုင်ဘက် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ယနေ့ပွဲစဉ်ကို အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ဝုဖ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဖိအားကင်းကင်းနှင့် ဝုဖ်အသင်းကို ရင်ဆိုင်လာသည့် မန်စီးတီးအသင်း ပွဲချိန် ၁၅ မိနစ်တွင် ဝုဖ်အသင်းမှ ဒင်ဒွန်ကာ ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့သောကြောင့် ဦးဆောင်ဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းတွင် ဝုဖ်အသင်းက ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၆၁ မိနစ်တွင် မော်တင်ဟို၏ ဖန်တီးပေးမှုမှတစ်ဆင့် ကုတ်ဒီက သွင်းယူပေးနိုင်ခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ ဖြစ်သွားပြီးနောက် ပွဲမှာ အကြိတ်အနယ်ရှိလာသော်လည်း ပွဲချိန် မိနစ် ၇၀ ကျော်လာသည်အထိ နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ပွဲချိန် မိနစ် ၈၀ တွင် မန်စီးတီးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဂျီးဆပ်က သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန်ပြီးဆုံးခါနီးတွင်လည်း မန်စီးတီးအသင်းကသာ ဂိုးရရှိခဲ့ပြီး မာရက်ဇ်နှင့် ဂျီးဆပ်တို့က ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



မန်စီးတီးတိုက်စစ်ကစားသမား ဂျီးဆပ် ဝုဖ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

မန်စီးတီးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ခဲ့သောကြောင့် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ နှင့်အထက် ဆက်တိုက်အနိုင်ရရှိသော အသင်းသုံးသင်းထဲတွင် တစ်သင်းအပါအဝင်ဖြစ်လာခဲ့သည်။ ထို့အပြင် မာရက်ဇ်သည် အီတီဟက်၌ မန်စီးတီးအသင်းအတွက် ပြိုင်ပွဲစုံ ၃၈ ပွဲတွင် ဂိုးပါဝင်ပတ်သက်မှုမှာ ဂိုး ၃၀ အထိရှိပြီး ၁၅ ဂိုးသွင်းကာ ဂိုးရရှိအောင် ၁၅ ကြိမ် ဖန်တီးပေးထားနိုင်သည်။

ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဝုဖ်အသင်းအပေါ် ဂိုးပေါက်ကန်သွင်းမှု စုစုပေါင်း (၂၂) ကြိမ်အထိ ရှိခဲ့ပြီး ဝုဖ်အသင်းက ခြောက်ကြိမ်သာရှိခဲ့သည်။ ဝုဖ်အသင်း၏ အဆိုပါ ခြောက်ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှုမှာ တစ်ကြိမ်သာရှိခဲ့သည်ကို တွေ့ရသည်။ မန်စီးတီးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၇ ရက်တွင် မြို့ခံပြိုင်ဘက် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဝုဖ်အသင်းက ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## စပီဇီယာကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေပွဲစဉ် (၂၅) အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် စပီဇီယာအသင်းတို့ပွဲစဉ်ကို မတ် ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် ဂိုးများကို မိုရာတာ၊ ချီယေဆာနှင့် စီရော်နယ်ဒိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုပြီး အနိုင်ရရှိရေးဦးတည်လာခဲ့သည့် အသင်းနှစ်သင်းဖြစ်သောကြောင့် ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန်ထိုးဖောက်မှုများရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲခြင်းမရှိခဲ့ပေ။ ဂျူဗင်တပ်အသင်းအတွက် ဦးဆောင်ဂိုးကို ဒုတိယပိုင်းပွဲချိန် ၆၂ မိနစ်တွင် ဘာနာဒက်ချီ၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုရာတာက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ၇၁ မိနစ်တွင် ချီယေဆာက သွင်းယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် တတိယမြောက်ဂိုးကို ဒုတိယပိုင်းပွဲချိန်ပြီးဆုံးခါနီးတွင် စီရော်နယ်ဒိုက သွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီစီးရီးအေတွင် သွင်းဂိုး ၂၀ အထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် စီရော်နယ်ဒိုသည် ဥရောပထိပ်တန်းလိဂ်ငါးခု၌ ၁၂ ရာသီတွင် ဂိုး ၂၀ နှင့်အထက် သွင်းယူနိုင်သည့် ကစားသမားတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။



စပီဇီယာအသင်းဘက်သို့ ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား စီရော်နယ်ဒို ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

■ အောင်ဇော် - စုစည်းသည်



ဂလာဘတ်အသင်းဘက်သို့ ဒေါ့မွန်အသင်းမှ ဆန်ချို ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

## ဂျာမန်ဖလားဆီမီးဖိုင်နယ် တက်ရောက်ခဲ့တဲ့ ဒေါ့မွန်

ဂျာမန်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မိုချန်ဂလာဘတ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ပွဲစဉ်ကို မတ် ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒေါ့မွန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၆၆ မိနစ်တွင် ဆန်ချိုက သွင်းယူပေးနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းမှ ဟာလန်းသည် ပွဲချိန် ၅၃ မိနစ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း VAR စနစ်ဖြင့် ပြန်လည်ပယ်ဖျက်ခဲ့၍ ဒေါ့မွန်အသင်း နစ်နာခဲ့ရသည်။ ဒေါ့မွန်အသင်းသည် ဂလာဘတ်အသင်းကို အနိုင်ရရှိခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှုအပိုင်း၊ ဂိုးပေါက်ကန်သွင်းမှုအပိုင်းနှင့် ဂိုးပေါက်တည့်မတ်မှုအပိုင်းတို့တွင် ဂလာဘတ်အသင်းအပေါ် အသာစီးရယူထားနိုင်ခြင်း မရှိကြောင်း တွေ့ရသည်။ ဂလာဘတ်အသင်းက ယခုပွဲစဉ်ကို ရှုံးနိမ့် ခဲ့သောကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံလေးပွဲတွင် လေးပွဲစလုံး ရှုံးနိမ့်ထားသည်။ ဂလာဘတ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဘွန်ဒက်စ်လီဂါ၌ မတ် ၆ ရက်တွင် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဒေါ့မွန်အသင်းက လာမည့်ပွဲစဉ်အဖြစ် ဘွန်ဒက်စ်လီဂါ၌ အမှတ်ပေးဇယားဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## တာဝန်သိ မိဘပြည်သူများက လက်နက်ကိုင်ဆောင်ထားသူတစ်ဦးအား နယ်မြေခံရဲစခန်းသို့ လာရောက်အပ်နှံ

နေပြည်တော် မတ် ၃


ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်သပြေရပ်ကွက်မှ တာဝန်သိ မိဘပြည်သူများက မသင်္ကာဖွယ်ရာ လူတစ်ဦးကို ပွိုင့်-၂၂ လက်နက် တစ်လက်နှင့်အတူ ထောက်ကြန့်နယ်မြေရဲစခန်းသို့ ယနေ့ နံနက် ၈ နာရီခန့်တွင် လာရောက်အပ်နှံခဲ့သည်။

အဆိုပါလက်နက်နှင့်အတူ လာရောက်အပ်နှံသူအား အသေးစိတ် စစ်ဆေးခဲ့ရာ အမည် ကျော်ရဲအောင် ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် ခွင့်မဲ့ပျက်ကွက်ဖြစ်ပွားခဲ့ကာ ၎င်းနယ်မြေအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ထံသို့ ရောက်ရှိခဲ့ပြီး ၎င်းအဖွဲ့ထံတွင် ခေတ္တနေထိုင်ခဲ့ကြောင်း၊ ၎င်းအဖွဲ့အတွင်းနေထိုင်နေစဉ် ဖြစ်စဉ်တွင် ကိုင်ဆောင်ခဲ့သည့် လက်နက်ကို ခိုးယူ၍ ဖေဖော်ဝါရီ လကုန်ပိုင်းတွင် ထွက်ပြေးခဲ့ကြောင်း၊ ထိုကဲ့သို့ လက်နက်နှင့်အတူ ထွက်ပြေးနေရာမှ ကားကြုံနှင့်လိုက်ပါလာပြီး မင်္ဂလာဒုံမြို့နယ် အောင်သပြေရပ်ကွက်အတွင်းသို့ ရောက်ရှိခဲ့စဉ် ယခုကဲ့သို့ ဖမ်းဆီးခံ ရခြင်းဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်




**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**




**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန် ရှိပါတယ်**




**အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်း ကူညီ ဆောင်ရွက်ပေးပါ**

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင် လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှု ပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းရီ
## OTS (79) ညွှန်ကြားရေးမှူး
## ကရင်ပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန
## အသက်(၅၅)နှစ်

ဘားအံမြို့ (၈)ရပ်ကွက်၊ ရေကျော်ရပ် အောင်မေတ္တာသုခလမ်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ဝန်ထမ်းအိမ်ရာနေ ဒေါ်နှင်းနုဝါ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဇော်မျိုးထက်-မသက်ထားဆွေ၊ မောင်အောင်ကောင်းမြတ်၊ မမေသင်းခိုင်၊ မအေးချမ်းဇာခြည်တို့၏ ကျေးဇူးရှင် ဖခင်ကြီး မောင်ပိုင်ဖုန်းသန့်ထက်တို့၏ အဘိုးသည် ၁-၃-၂၀၂၁ ရက် (တနင်္လာနေ့) ည (၁၀:၅၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မောင်တင်လှိုင် (ဟိုတယ်/ခရီး)နှင့်မိသားစု**

## ကန့်ကွက်နိုင်ကြောင်း

ရောဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၈)ရပ်ကွက်၊ ကွင်းအမှတ် (၁၃-က)၊ တုံးလှဲကွင်း၊ ဦးပိုင်အမှတ် (၁၃-ခ/၂)၊ ဧရိယာ(၁ဒသမ၁၉၈)ကေ အနက်မှ ဧရိယာ(၀ဒသမ၉၈၄)ကေရှိမြေအား ဆန်စက်လုပ်ငန်းအသုံးပြုနိုင်ရန် အတွက်စက်မှု/စီးပွားမြေငှားဂရန်(အသစ်) အား ဦးဘုန်းနိုင်-ဒေါ်ချိုချိုဦး အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင့်နွယ်(ခ)ဦးဗိုလ်နု
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)
## အသက်(၇၃)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရွာနေ (ဦးထွန်းတင်-ဒေါ်တင်လှ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီးနေ (ဦးစံညွှန့်-ဒေါ်သန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်လမ်း၊ MRTVဝန်ထမ်းအိမ်ရာ၊ တိုက် (၂)၊ အခန်း(၆)နေ ဒေါ်ကြူကြူ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒာထွန်း၊ ဦးဝင်းနိုင်ထွန်း၊ ဒေါ်နီမာထွန်း၊ ဦးနေလင်းထွန်း-ဒေါ်အေးမိခိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၂-၃-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၅:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍၈-၃-၂၀၂၁ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသောင်းရွှေ
## အသက် (၈၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ အထက(၉) ဝင်း၊ အမှတ်(၃၂/၂)နေ (ဦးခင်-ဒေါ်သောင်းတင်)တို့၏သား၊ (ဒေါ်တင်ညွန့်ရီ)၏ခင်ပွန်း၊ ဒေါ်မာမာရွှေ၊ ဦးသန့်စင်-ဒေါ်ဝါဝါရွှေ၊ ဦးသိန်းလှိုင် - ဒေါ်ဥမ္မာရွှေ၊ ဦးသန်းယုဦး - ဒေါ်ခင်ပပရွှေ၊ ဦးထူးအောင်ရွှေ-ဒေါ်ချိုချိုမြင့်၊ ဦးအောင်သူရရွှေ-ဒေါ်တင်တင်မိုး၊ ဦးအာကာမင်းရွှေ-ဒေါ်လေးဝါခိုင် တို့၏ဖခင်၊ မြေး(၁၃)ယောက်၊ မြစ် (၁)ယောက် တို့၏အဘိုးသည် ၂-၃-၂၀၂၁ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ပိန္နဲကုန်းသုသာန်၌ ညနေ ၃:၀၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ် (၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/အင်တိုင်းသာမြောက်)၊ ဦးပိုင်အမှတ် (၂၄)၊ မြေဧရိယာ ၀ဒသမ၀၉၆ဧကေရှိ အစိုးရ(မြို့မြေ) ကွက်အား ဦးကျော်မင်းပိုင် (ဘ)ဦးစိုးလွင် ၉/လဝန(နိုင်)၁၈၀၇၅၄မှ အရောင်းအဝယ်ကတိစာချုပ်၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြ၍ မြေဧရိယာ ၀ဒသမ၀၉၆ကေအနက် ၀ဒသမ၀၂၇ ကေအား ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ၏ CHANLON CO.,LTD မှ သွင်းကုန်ကြော်ငြာလွှာအမှတ်-IDA 40720 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မခိုင်ရဲအောင် ၁၃/မဆတ(နိုင်) ၀၅၉၈၆၉**

## အမည်မှန်

မောင်တောမြို့၊ အမှတ် (၁)ရပ်ကွက်၊ ရိုတ်တာရွာနေ (ဘ)ဦးစောလှအောင်၏သား မောင်အောင်လွင်ချေ ၁၁/မတန(နိုင်) ၀၁၄၉၇၁ ၏ အမည်မှန်မှာ မောင်အောင်လွင်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် ၂၄၊ ဦးပိုင် ၁၅၇၊ ၀ဒသမ ၁၃၄ကေရှိ မြေကွက်ကို ဦးဝင်းနိုင်(ခ)ဦးတုံးစီဖုအမည်မှ ဒေါ်မေးလန့် ၁/ဗမန(ပြု)၀၀၀၀၆၉ ၏ အမည်သို့ သက်တမ်းတိုးအမည်ပြောင်းမြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မေးလန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၂၁ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၃၁ တွင်ပါသော ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာတွင် (အောင်ကျော်ဇော) တွဲဖက်မြို့နယ်တရားသူကြီး (၁)အစား (အောင်ကျော်ဇော) တွဲဖက်မြို့နယ် တရားသူကြီး(၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်နှင့် မှတ်ပုံတင်နံပါတ်အမှန်

(ဘ)ဦးမောင်ပု၏သမီး၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ နယ်မြေ (၃)နေ ဒေါ်ရီရီဝင်း၏ အမည်မှန်မှာ ဒေါ်စန်းစန်းဝင်းဖြစ်ပြီး ၎င်း၏ မှတ်ပုံတင်နံပါတ် အမည်မှန်မှာ ၉/သစန(နိုင်)၀၀၄၀၀၁ ဖြစ်ပါသည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ဟုတ်
## မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
## အသက်(၇၁)နှစ်

မြင့်မိုရ်သရဖူကုမ္ပဏီလီမိတက်မှ ဦးရဲထွဋ်အောင်(Director)၏ဖခင် ဦးအောင်ဟုတ် (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း) အသက် (၇၁)နှစ်သည် ၂-၃-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**မြင့်မိုရ်သရဖူကုမ္ပဏီ**
**Managing Director နှင့် ဝန်ထမ်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ (ပုလောမြို့)
## အသက် (၉၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ် (၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ (ဦးဘိုးဝေ-ဒေါ်ကျော့မြင်)တို့၏သမီး၊ (ဦးဘိုးလွန်-ဒေါ်သိန်းခင်)တို့၏ သမီးချွေးမ၊ (ဦးချစ်သွယ်(ခ)ဦးဘချစ်)၏ဇနီး၊ ဦးဆန်းဦးလွင်(ခ)ဦးကြီးသာ-ဒေါ်မြမြသန်း၊ ဒေါ်မာမာအေး၊ (ဒေါ်သန်းသန်းအေး)၊ ဆရာမ ဒေါ်ဝါဝါအေး၊ ဦးကျော်စိုး-ဒေါ်အေးမီသင်း၊ ဦးအောင်မိုးငြိမ်း-ဒေါ်မိုးမိုးအေး၊ ဒေါ်မြတ်မြတ်အေးတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၃-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၁ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်တင်ရီ (ပုလောမြို့)
## အသင်းဝင်အမှတ် -၂၀၂
## သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
## အသက် (၉၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ် (၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ (ဦးချစ်သွယ်(ခ)ဦးဘချစ်)၏ဇနီး၊ ဦးဆန်းဦးလွင်(ခ)ဦးကြီးသာ(အမှုဆောင်၊ပုလောမြို့နယ်အသင်းရန်ကုန်)- ဒေါ်မြမြသန်းတို့၏မိခင်သည် ၃-၃-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၁ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ကျောက်မဲမြို့နယ်၊ ပိန္နဲကုန်းအုပ်စု၊ မန်ကောင်းမူးရွာတွင် နေတိုင်သော ဦးအောင်တင်၏သမီး ဒေါ်နန်းသီတာထွေး ၁၃/ကမန(နိုင်)၀၀၄၂၂၉၏ အမည်မှန်မှာ ဒေါ်နန်းယဉ်ယဉ် ဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ ၁၅-၁-၁၉၇၁ ဖြစ်ပါကြောင်း။

**ဒေါ်နန်းယဉ်ယဉ်**

## အမည်မှန်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ဝန်ထမ်းအိမ်ရာနေ(ဘ)မောင်ထွန်းမြင့်၏သမီး မဖြိုးသူဇာ၏ အမည်မှန်မှာ မဖြိုးသူဇာနွယ် ဖြစ်ပါကြောင်း။

**မဖြိုးသူဇာနွယ်**

## လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၉)ရပ်ကွက်၊ ရာဇမိရာဇ်လမ်း၊ အမှတ် ၃၁ နေ ဦးသီဟ ၈/မလန(နိုင်) ၀၀၄၈၁၈ အသက်(၇၀)သည် ၂၄-၂-၂၀၂၁ ရက် နံနက်အစောပိုင်းတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်။ တွေ့ရှိပါက ဖုန်း-၀၉-၉၅၉၂၈၃၈၁၂၊ ၀၉-၉၇၀၂၆၉၈၈၄ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ကလေးမြို့နယ်၊ မြို့သာရပ်ကွက်၊ အရှေ့လားသော် ဦးစိန်ခိုနေအိမ်၊ အနောက်လားသော် နတ်ချောင်းလမ်း၊ တောင်လားသော် ဦးစိန်ခိုအိမ်ဝင်း၊ မြောက်လားသော် ဦးအောင်ကို နေအိမ် အလားလေးရပ်အတွင်းရှိ (၃၀'x၈၀') မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄/၁၀၆ ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သူ ဦးထွန်လင်းကျော် စွာ ၅/ကလထ(နိုင်)၂၁၃၄၈၁ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမြတ်သီတာ ၅/ကလထ(နိုင်)၁၈၉၄၉၂က အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်သီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဝင်းဦး**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၅၉၃/၂၂-၁၁-၂၀၁၂**
**အမှတ် (၄/၅၄)၊ ဗိုလ်ချုပ်လမ်း၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း-၀၉-၂၆၄၁၆၃၅၄၇**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၁၀၆

ဦးထွန်းထွန်းနိုင် နှင့် ဒေါ်မြင့်မြင့်ကျော်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဌေးဌေး)
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ခရပ်ကွက်၊ ခရေပင်လမ်းမကြီး၊ အမှတ် (၃၂/ဘီ) (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် မတ် ၁၂ရက် (၁၃၈၂ ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၀၇

ဦးထွန်းထွန်းနိုင် နှင့် ဒေါ်မြင့်မြင့်ကျော်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဌေးဌေး)
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ခရေပင်လမ်းမကြီး၊ အမှတ်(၃၂/ဘီ)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ခုနှစ် မတ် ၁၂ရက် (၁၃၈၂ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၃)၊ ကွင်း/အကွက်အမှတ်-၃၊ မြို့ဟောင်းကွက် မသောင်းရှင်အမည်ပေါက် ပိုင်ဆိုင်ခွင့်(က) ၂.၂၉၅/၂.၃၁၀ ကေရှိ ဥယျာဉ်မြေမှာ ဒေါ်မွတ်သမား SRM-၁၂၂၁၇၇ လက်ရှိပိုင်ဆိုင်သည့် ဥယျာဉ်ခြံမြေဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်အမှုသက်ဆိုင်ရာဌာနများတွင် အမည်ပေါက်လျှောက်ထားခြင်း မပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွတ်သမား၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ယဉ်ယဉ်မြင့် | ဒေါ်မေဇင်လင်း |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၄၃/၁၉) | တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၀၇/၁၃) |
| အမှတ်(၉)၊ မဥ္ဇူလမ်း၊ ဒါရိုဂါရပ်ကွက် | အမှတ်(၄၆/၁၁)၊ ဗိုလ်ချုပ်ရွာ၊ |
| သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ဖုန်း-၀၉-၇၉၂၈၄၈၀၇၃ | |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မင်းတုန်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးညီညီဇော် နှင့် ဒေါ်စုလေး
တရားလို တရားပြိုင်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ လယ်ပုပြားကျေးရွာနေ ဒေါ်စုလေး(ဘ) ဦးညီလေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညီညီဇော်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် မတ် ၃၀ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်သူ)**
**မြို့နယ်တရားသူကြီး**
**မင်းတုန်းမြို့နယ်တရားရုံး**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ ဦးသိန်းကျော် ၅/ရဘန(နိုင်) ၁၇၉၉၈၉-ဒေါ်မေသန္တာဦး ၉/ပမန(နိုင်) ၂၅၄၃၆၂တို့သည် (၇-၁၁-၂၀၂၀) ရက်တွင် အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုး၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ- ဦးရဲလင်းအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၄၆)(၃၀-၇-၂၀၁၉)**
**အမှတ်(၁/၅၆၃)၊ ၂-လမ်း၊ ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၀၁၅၅၃၃**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်တွင် မဲရုံပေါင်း ၂၉၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၅၀၅၃၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၇၅၂၃ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၃၀၁၅ ၊ မြေပြင်လက်ကျန် ၇၀၁၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ အလိုများ တွေ့ရှိရပြီး ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၈၉၈ ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပိုသုံး | |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၃၉၁၀၀ | ၁၇၆၅၀၁ | ၆၂၅၉၉ | ၅၉၇၀၁ | ၇၀၂၃ | ၄၁၂၅ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၀၂၂ | ၁၀၂၂ | - | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၄၁၆ | - | ၁၀၄၁၆ | ၁၀၄၁၆ | - | - | |
| | စုစုပေါင်း | ၂၅၀၅၃၈ | ၁၇၇၅၂၃ | ၇၃၀၁၅ | ၇၀၁၁၇ | ၇၀၂၃ | ၄၁၂၅ | ခြားနားချက် (၂၈၉၈) |

စာမျက်နှာ ၈ ကော်လံ ၁ ◆



# ကိုဗစ်-၁၉ ကာလအတွင်း ရပ်နားထားခဲ့သည့် မလိခအမြန်ရေယာဉ် စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်မြို့ခရီးစဉ် စတင်ပြေးဆွဲ

ဘူးသီးတောင် မတ် ၃

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်သို့ ပြေးဆွဲနေသည့် ရေယာဉ်များမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၂ ရက်မှ စတင်ရပ်နားထားခဲ့ရာ ယခုနှစ် မတ်လမှစတင်၍ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင် ခရီးစဉ်များကို ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

ထိုသို့ ပြေးဆွဲရာတွင် မလိခအမြန်ရေယာဉ်သည် မတ် ၂ ရက် နံနက် ၇ နာရီက စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်ခရီးစဉ်ကို ပြေးဆွဲထွက်ခွာလာခဲ့ရာ ခရီးသည်စုစုပေါင်း ၁၃ ဦး စီးနင်းလိုက်ပါလာခဲ့ပြီး ဘူးသီးတောင်မြို့နယ်

စာမျက်နှာ ၁၁ ကော်လံ ၅ ❖

**လူစုလူဝေးဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်မှုမပြုရန်နှင့် သတိပြုနေထိုင်ကြရန် သတိပေးထုတ်ပြန်**

စာ » ၁၂

**ကိုဗစ် - ၁၉ ကန့်သတ်ချက်ဖြေလျှော့ပေးမှုများကြောင့် တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဝေဖန်မှုများနှင့် ကြုံတွေ့နေရ**

နိုင်ငံတကာရေးရာ

စာ » ၁၄

**ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ခေတ္တထိန်းသိမ်းထားသူများအား ငွေကြေးပေးမှ ပြန်လည်စေလွှတ်သည်ဆိုသည့် သတင်းများသည် ကောလာဟလသတင်းများသာဖြစ်**

စာ » ၁၆

# ပါးမားကို အနိုင်ယူကာ အမှတ်ဆက်လက်ဖြတ်ထားနိုင်ဖို့ရှိနေတဲ့ ဦးဆောင်သူ အင်တာမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၅) အဖြစ် ပါးမားအသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်ကို မတ် ၅ ရက် နံနက်ပိုင်းတွင် ပါးမားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပါးမားအသင်းက လက်ရှိ စီးရီးအေ (၂၅) ပွဲကစားပြီး ၁၅ မှတ်နဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။ အဆိုပါ (၂၄) ပွဲတွင် တိုက်စစ်ပိုင်းက ရဂိုး ၁၉ ဂိုးသာရှိပြီး ပေးဂိုးက ၄၇ ဂိုးအထိ ခွင့်ပြုပေးထားရသည်ကို တွေ့ရသည်။ ထို့ကြောင့် ပါးမားအသင်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် တိုက်စစ်ပိုင်း အဆိုးဆုံးအသင်းအဖြစ် ရှိနေပြီး ခံစစ်ပိုင်းတွင်လည်း ခရိုတုန်းအသင်းပြီးလျှင် အဆိုးဆုံးအသင်းအဖြစ် ရှိနေသည်။ အင်တာမီလန်အသင်းက စီးရီးအေ (၂၄) ပွဲကစားပြီး ၅၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် အသင်းဖြစ်သည်။ ထို့ကြောင့် ယခု ပွဲစဉ်သည် အမှတ်ပေးဇယား ဦးဆောင်သူ အင်တာမီလန်အသင်းနှင့် တန်းဆင်းဇုန်အတွင်းမှ ပါးမားအသင်းတို့ ဆုံတွေ့နေသောကြောင့် စိတ်ဝင်စားဖို့ကောင်းနေသည်။

ပါးမားအသင်းက လာဇီယို၊ ဆမ်ဒိုးရီးယား၊ နာပိုလီ၊ ဘိုလော့ဂ်နာ၊ ဗီရိုနာ စသည့်အသင်းများကို ငါးပွဲဆက်ရှုံးနိမ့်ထားကာ ပြီးခဲ့သည့် နှစ်ပွဲတွင်လည်း နှစ်ပွဲစလုံး သရေကျထားသောကြောင့် ခြေစွမ်းကျဆင်းနေသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

